# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှစ၍ ထုတ်ဝေသည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၁ ရက်၊ အင်္ဂါနေ့။ Tuesday 15 May 2018 ၉၂၈၇


## ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ကျေးဇူးတင်လွှာ**

၁၃၈၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်)

၁။ နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို တစိုက်မတ်မတ် ဦးတည်ကြိုးပမ်းလျှောက်လှမ်းလျက်ရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အဘက်ဘက်မှ ခေတ်နောက်ကျကျန်ရစ်ခဲ့ရသော မိမိတို့နိုင်ငံသည် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ အားကုန်စိုက်ထုတ်ရုန်းကန်ကြိုးပမ်းမှသာ တန်ကာကျမည့်အနေအထားမျိုးတွင် ရောက်ရှိနေဆဲဖြစ်ပါသည်။ အမှန်စင်စစ် လက်ရှိအချိန်တွင် မိမိနိုင်ငံနှင့် မိမိတို့ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများသည် ခေတ်ကိုပြောင်းလဲနိုင်ရန် ကြိုးစားရုန်းကန်နေရသော သမိုင်းဝင်အချိန်ကာလတစ်ရပ်ပင်ဖြစ်ပါသည်။

၂။ ဤသို့သော ခေတ်ပြောင်း၊ စနစ်ပြောင်း၊ နိုင်ငံကိုပြောင်းလဲရသော အချိန်ကာလမျိုးတွင် နိုင်ငံတည်ဆောက်ရေးအတွက် ပြည်သူများနှင့်အတူ စုပေါင်းအားကို ရယူ၍ တက်ညီလက်ညီဖြင့် ရှေ့သို့ မှန်မှန်လျှောက်လှမ်းနိုင်ရန် လိုအပ်လှပါသည်။ တစ်ဦးနှင့်တစ်ဦး စာနာဖေးမရိုင်းပင်းကူညီမှုတို့သည် မြန်မာ့လူ့အဖွဲ့အစည်း၏ ဇာတိတန်ဖိုးဖြစ်သည်နှင့်အညီ ဤမြန်မာ့တန်ဖိုးကို နိုင်ငံတည်ဆောက်ရေး၌ ကောင်းမွန်ခိုင်မာစွာ အခြေခံတည်ဆောက်နိုင်မည်ဆိုပါက မိမိတို့မျှော်မှန်းသည့်ပန်းတိုင်သို့ လျှောက်လှမ်းရမည့်ခရီး အဝေးကြီး

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

## အလုပ်သမားများအတွက် တစ်ရက်လုပ်အားခ ၄၈၀၀ ကျပ် သတ်မှတ်

**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံးတစ်ပြေးညီ တစ်နာရီလျှင် ၆၀၀ ကျပ် (ခြောက်ရာကျပ်)နှုန်းဖြင့် တစ်ရက်အလုပ်ချိန် ၈ နာရီအတွက် ၄၈၀၀ ကျပ် (လေးထောင့်ရှစ်ရာကျပ်)သတ်မှတ်လိုက်ကြောင်း အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက(အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၈)ဖြင့် ယနေ့ထုတ်ပြန်သည်။

အဆိုပါ ထုတ်ပြန်ချက်အရ တစ်ရက်အလုပ်ချိန် ၈ နာရီအတွက် ၄၈၀၀ ကျပ်(လေးထောင့်ရှစ်ရာကျပ်) သတ်မှတ်ချက်သည် အလုပ်သမား ၁၀ ဦး အောက်ရှိ လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း သိရသည်။

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က) အရ အနည်းဆုံးအခကြေးငွေသတ်မှတ်မည့် အဆိုပြု အနည်းဆုံးအခကြေးငွေ အမိန့်ကြော်ငြာစာကို အများပြည်သူသိရှိစေရန် ၂-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၈ ကို ထုတ်ပြန်ကြေညာကာ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလုပ်ရှင်နှင့် အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားနှင့်အလုပ်သမားအဖွဲ့အစည်းများ၏ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ထောက်ခံခြင်း စသည့် သဘောထားမှတ်ချက်များကို ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများက ပြန်လည်ရှင်းလင်းဆွေးနွေး၍ အဆိုပြုနှုန်းထားများ ပြန်လည်တင်ပြစေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ထပ်မံအဆိုပြုတင်ပြသည့် အနည်းဆုံး အခကြေးငွေနှုန်းထားများကို ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဃ)နှင့်အညီ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်ကာ နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံးတစ်ပြေးညီ တစ်နာရီလျှင် ၆၀၀ ကျပ်(ခြောက်ရာကျပ်)နှုန်းဖြင့် တစ်ရက်အလုပ်ချိန် ၈ နာရီအတွက် ၄၈၀၀ ကျပ် (လေးထောင့်ရှစ်ရာကျပ်)အဖြစ် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

နေပြည်တော် မေ ၁၄

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။**

အစည်းအဝေးတွင် **ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း**က ယခုကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကာလသည် ဒုတိယအကြိမ်လွှတ်တော်များ၏ သက်တမ်း နှစ်နှစ်ကျော်လွန်ခဲ့ပြီး တတိယနှစ်ကာလ၏ အစပိုင်းလည်း ဖြစ်ပါကြောင်း၊ အစည်းအဝေးကျင်းပမှု တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ အတွေ့အကြုံရင့်ကျက်လာသည်နှင့်အမျှ ဥပဒေပြုရေးလုပ်ငန်းတာဝန်များအပြင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ် အပြန်အလှန်ထိန်းကျောင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လိုက်နာစောင့်ထိန်းပြီး ဒီမိုကရေစီစနစ် ပိုမိုအရှိန်အဟုန်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ◯**


ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၇၊ တဆထလ/တိုး(၅၄)။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)

RE GD.

ကွမ်းရွက်ပုံ ဆေးကောင်း

ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

RE GD

ဒူးနာ၊ ခါးနာ၊ ကြိုးပေါင်းရောဂါ၊ ထုံကျဉ်ကိုက်ခဲအကြောဝေဒနာရှင်များနှင့်ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း

မူးမော၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ

ဝမုန်းရှင် လေငန်းလိမ်းဆေးရည်

ဆေးညွှန်းပါအတိုင်း လိမ်းဆေးရည်ကို သေသေချာချာလိမ်းပေးရုံဖြင့် ရောဂါဝေဒနာများ သက်သာပျောက်ကင်းစေပါသည်။ ရှူဆေးအဖြစ်လည်း အသုံးပြုနိုင်ပါသည်။

အမြိုမြို့ဆေးဆိုင်တိုင်းမှာ ရရှိနိုင်ပါသည်။

ဝမုန်းရှင် လေငန်းလိမ်းဆေးရည်သည်

ကြေးမုံ

# နိုင်ငံဖွံ့ဖြိုးရေးအတွက် ဆက်သွယ်မှုစနစ်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးလာရေးအတွက် ခေတ်မီနည်းပညာများကို အသုံးပြု၍ လွယ်ကူလျင်မြန်သော ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည်။ ထိုနည်းစနစ်မှာ e-Government ဟု ခေါ်တွင်သော ဆက်သွယ်ရေးစနစ်ဖြစ်သည်။ ထိုစနစ်ကို အကောင်အထည်ဖော်ရန် e-Government ဦးဆောင်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၄ ရက်နေ့က ကျင်းပခဲ့ပြီး e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေးကို မေလ ၉ ရက်နေ့က ကျင်းပကာ လုပ်ငန်းများ ဆက်လက်အကောင်အထည်ပေါ်ရေး တွန်းအားပေးခဲ့သည်။

ဦးဆောင်ကော်မတီအစည်းအဝေးတွင် ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ e-Government မြန်မြန်လုပ်ဖို့၊ တိုးတက်ဖို့ဆိုရင် အချက်သုံးချက်က အဓိကဖြစ်ပါတယ်၊ ကျွမ်းကျင်မှုလိုအပ်ချက်ရှိမယ်၊ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ရှိမယ်၊ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ချက်ရှိမယ်” ဟု e-Government နှင့်ပတ်သက်၍ လိုအပ်နေသော အချက်သုံးချက်ကို အသိပေးလမ်းညွှန်ခဲ့သည်။

မြန်မာနိုင်ငံတွင် e-Government ဆောင်ရွက်မှုကို ၂၀၀၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သော်လည်း လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အားနည်းနေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ e-Government အညွှန်းကိန်းကို ကြည့်မည်ဆိုလျှင် ၂၀၁၆ ခုနှစ်က နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင် အဆင့် ၁၆၉ တွင် ရှိနေသဖြင့် နောက်ကျကျန်နေသည်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် e-Government ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ထောက်ပြခဲ့သော အချက်သုံးချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ကြရမည် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ e-Government ဖွံ့ဖြိုးတိုးတက်မှုကို အွန်လိုင်းဝန်ဆောင်မှု၊ တယ်လီကွန်မြူနီကေးရှင်းဆိုင်ရာ အညွှန်းကိန်းနှင့် လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းတို့ဖြင့် တိုင်းတာကြသည်။ ယင်းတို့တွင် လိုအပ်ချက်သုံးခုဖြစ်သည့် ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများတွင် အွန်လိုင်းဝန်ဆောင်မှုမှာ အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရသည်။

e-Government လုပ်ငန်းစဉ် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကကျသည့် ဦးဆောင်အဖွဲ့အစည်းမှာ ဆက်သွယ်ရေးလုပ်ငန်းဖြစ်၍ ၎င်းဌာနအနေဖြင့် စီမံကိန်းများရေးဆွဲပြီး ကြိုးပမ်းဆောင်ရွက်နေသည်ဟု သိရသည်။ e-Government ဖွံ့ဖြိုးတိုးတက်လာစေဖို့ စွမ်းဆောင်ပေးမည့် အဓိက အထောက်အကူပြု အပိုင်းသုံးပိုင်းဖြစ်သည့် နည်းပညာအသုံးချမှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုအပိုင်းများကို ဌာနများအနေဖြင့် ပြန်လည်သုံးသပ် ပြုပြင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

e-Government အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေမူဘောင် ချမှတ်ရေးလုပ်ငန်းစဉ်နှင့် လက်ရှိတွင် ဆိုက်ဘာဥပဒေရေးဆွဲနိုင်ရန် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ်အစောပိုင်းတွင် ဥပဒေမူကြမ်းရရှိစေရန် လျာထားဆောင်ရွက်နေကြောင်း သိရသည်။ သတင်းအချက်အလက်နှင့် နည်းပညာ အခြေခံအဆောက်အအုံပိုင်းတွင် မိုဘိုင်းဆက်သွယ်ရေးကွန်ရက်သည် နိုင်ငံ၏လူဦးရေ ၉၀ ရာခိုင်နှုန်းခန့်ကို လွှမ်းခြုံပြီးဖြစ်သောကြောင့် ရရှိထားသောအခြေအနေကောင်းများကို ထိရောက်စွာအသုံးချ၍ မိုဘိုင်းနည်းပညာများဖြင့် ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။

လက်ရှိတွင် e-Government လုပ်ငန်းများကို ဌာနဆိုင်ရာများအားလုံး အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်အတွက် ပြည်ပချေးငွေ၊ ပြည်ပကူညီပံ့ပိုးမှုတို့သည် တွန်းအားများပင် ဖြစ်သည်။ ထို့ကြောင့် ဌာနဆိုင်ရာများအနေဖြင့် e-Government လုပ်ငန်းများ လျင်မြန်စွာ အကောင်အထည်ပေါ်လာရေးအတွက် နည်းပညာများကိုရယူ၍ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုအတွက် အကျိုးသက်ရောက်မှုရှိအောင် ကြိုးပမ်းအားထုတ်ဖို့ လိုအပ်မည်ဖြစ်ပါကြောင်း။ ။

# ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အား ထိုင်းတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ချီးမြှင့်

**နေပြည်တော် မေ ၁၄**

အာရှ ၁၁ နိုင်ငံပါဝင်သော အာရှဗုဒ္ဓဘာသာ အသင်းအဖွဲ့ဆွေးနွေးပွဲအခမ်းအနားကို မေ ၁၁ ရက်က ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်တက္ကသိုလ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ထိုင်းနိုင်ငံမှ ဒုတိယပါမောက္ခချုပ် ဆရာတော် Phra Sophon vachirabhorn ဦးဆောင်သော တက္ကသိုလ်မှ ဆရာတော်များ၊ မြန်မာနိုင်ငံမှ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ထူးဆောင် ဓမ္မပါရဂူ ဒေါက်တာဘဒ္ဒန္တကုမာရ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာ ဘဒ္ဒန္တကုဏ္ဍိဗလ၊ ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနာဂဒီပ၊ မော်တင်စွန်း ဆရာတော်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ နုဂ္ဂဟအသင်း ဗဟိုဥက္ကဋ္ဌတို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မေ ၁၃ ရက်တွင် ထိုင်းနိုင်ငံ အယုဒ္ဓယမြို့ Mahachulalongkornrajavidyalaya University ၌ ကျင်းပသည့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုဏ္ဍိဗလအား ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်တက္ကသိုလ်မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ (Honorary Doctorate Degree in Administration) အား ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနာဂဒီပနှင့် မော်တင်စွန်းဆရာတော်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေတို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၁၄**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၄၀၅၀၀ | - | ၉၄၀၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၄၀၅၀၀ | - | ၉၄၀၅၀၀ |

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၃၅/၈၄၅ ကျပ်၊ | ၈၇၅/၉၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၈၆၀ ကျပ်၊ | ၈၃၀/၉၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၁၅ ကျပ်၊ | ၈၈၀/၉၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၅/၈၆၀ ကျပ်၊ | ၈၈၅/၉၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၈/၈၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၈၇ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၅.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၈၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၁၈၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၆.၆၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၉၁၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၈.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၈၈ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၄.၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၆.၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံခြောက်မျိုး စိုက်ပျိုးသွားမည်

**မုံရွာ မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးတောင်သူများ မျိုးကောင်း မျိုးသန့်များကို အသုံးပြုစိုက်ပျိုးပြီး သီးနှံများအထွက်တိုးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်အောက်ရှိ စိုက်ပျိုးရေးခြံငါးခြံတွင် ပဲစင်းငုံ၊ ပဲတီစိမ်း၊ နေကြာ၊ မိုးနှမ်း၊ မြေပဲ၊ မတ်ပဲ သီးနှံခြောက်မျိုးကို ၁၁၁၅ ဧက စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ရာသီဥတုတွေပြောင်းလဲလာပြီး လက်ရှိစိုက်ပျိုးနေတဲ့ မျိုးတွေက အထွက်နှုန်းတွေ ကျဆင်းတဲ့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ သုတေသနခြံတွေက ထုတ်လုပ်ပေးတဲ့ မျိုးတွေကိုစိုက်ပျိုးပြီး ရရှိလာတဲ့ မျိုးကောင်း မျိုးသန့်တွေကို တောင်သူတွေဆီကို ဖြန့်ဝေပေးနိုင်ဖို့အတွက် စိုက်ပျိုးထုတ်လုပ်တာပါ၊ အခုနှစ်မှာတော့ တိုင်းဒေသကြီးအတွင်းက စိုက်ပျိုးရေးခြံငါးခြံကနေ သီးနှံခြောက်မျိုးကို ၁၁၁၅ ဧက စိုက်ပျိုးပြီး ထွက်ရှိမျိုးစေ့တွေကို တောင်သူတွေထံဖြန့်ဝေပေးသွားမှာပါ”ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကြေးမုံစိုက်ပျိုးရေးခြံမှ ပဲစင်းငုံ ဧက ၁၀၀၊ ပဲတီစိမ်း ဧက ၅၀၊ နေကြာ ၂၅ ဧက၊ မတ်ပဲ ၂၅ ဧက ကို လည်းကောင်း၊ မြေစွန်စိုက်ပျိုးရေးခြံမှ ပဲစင်းငုံ ဧက ၅၀၊ ပဲတီစိမ်း ဧက ၅၀၊ နေကြာ ဧက ၅၀၊ မိုးနှမ်း ဧက ၅၀ ကို လည်းကောင်း၊ ကန့်ဘလူစိုက်ပျိုးရေးခြံမှ ပဲစင်းငုံ ဧက ၁၀၀၊ နေကြာ ဧက ၃၀၊ မြေပဲ ဧက ၂၀ ကို လည်းကောင်း၊ ဝက်တိုး-၁ စိုက်ပျိုးရေးခြံမှ ပဲစင်းငုံ ဧက ၁၂၀၊ နေကြာ ဧက ၂၀၊ မြေပဲ ၁၅ ဧက၊ မတ်ပဲ ဧက ၁၁၀ ကို လည်းကောင်း၊ ဝက်တိုး-၂ စိုက်ပျိုးရေးခြံမှ ပဲစင်းငုံ ဧက ၂၁၀၊ နေကြာ ဧက ၃၀၊ မြေပဲ ဧက ၆၀ ကိုလည်းကောင်း ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်း စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲသင်း

**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန်ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူဖြေရှင်းနိုင်မှာမဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်း အားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့ နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက်များပြားဆိုးရွားတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှကောက်နုတ်ချက်)

✱ ရှေ့ဖုံးမှ

မရှိနိုင်တော့ဟု ခိုင်ခိုင်မာမာယုံကြည်ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် အမြစ်တွယ်ကိန်းဝပ်နေခဲ့သော မြန်မာ့တန်ဖိုးကို မကြာသေးမီက ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့သည့် ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှု၌ မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ကြရပါသည်။

၃။ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာအုပ်စု ထိန်ပင်သုသာန်၏ စည်ပင်သာယာအမှိုက်ပုံသည် အပူချိန်လွန်ကဲမှုကြောင့် ၂၁-၄-၂၀၁၈ ရက်နေ့ ၁၂:၄၀ နာရီမှစတင်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ပူပြင်းခြောက်သွေ့သော နွေရာသီဖြစ်ခြင်း၊ အမှိုက်ပုံ၏ဧရိယာနှင့်ထုထည်ကျယ်ပြန့်ကြီးမားခြင်း၊ အမှိုက်ပုံ၏အောက်ခြေနှင့်အတွင်းပိုင်းတွင် လှိုက်၍ မီးလောင်နေခြင်းတို့ကြောင့် တာဝန်ရှိအကြီးအကဲများ၏ စီမံမှုနှင့်အတူ စက်ယန္တရားအရေအတွက်များစွာနှင့် လူအင်အားမြောက်မြားစွာ ရက်ရှည်ကြိုးပမ်းငြိမ်းသတ်ခဲ့ကြရပြီး ၂-၅-၂၀၁၈ ရက်နေ့ရောက်မှ အပြီးသတ် မီးငြိမ်းသတ်ဆောင်ရွက်နိုင်ခဲ့ကြသည်။

၄။ မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်၊ လုံခြုံရေးလုပ်ငန်းစဉ်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များနှင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ယင်းကာလအတွင်း ပါဝင်ထမ်းရွက်ခဲ့ကြသူများ၏ အင်အားမှာ မှတ်တမ်းများအရ မီးသတ်တပ်ဖွဲ့ဝင်(အရန်+သန္ဓေ) ၁၇၄၇ ဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်း ၇၂၂ ဦး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၄၁ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၃၂၈ ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၂၄ ဦး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၁၅၆ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၉ ဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်နှင့် ဆေးတပ်ဖွဲ့အပါအဝင် ၂၂၀ စုစုပေါင်း ၃၂၈၇ ဦးထိ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

၅။ ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှုအား ပထမပိုင်းရက်များတွင် မီးသတ်ယာဉ်များနှင့် ရေသယ်ယာဉ်များကို အသုံးပြု၍ လူအင်အားများစွာဖြင့် ငြိမ်းသတ်ခဲ့သော်လည်း မီးမှာအမှိုက်ပုံအတွင်းဘက်တွင်လှိုက်၍ လောင်ကျွမ်းနေမှုကြောင့် မီးခိုးငွေ့များသည် အမှိုက်ပုံနေရာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိပြည်သူများ အသက်ရှူကျပ်၍ ကျန်းမာရေးထိခိုက်မှုဖြစ်ပွားခြင်းနှင့် တောင်ဥက္ကလာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)အထိ မီးခိုးနံ့များ ပျံ့လွင့်ခြင်းတို့ဖြစ်ပေါ်ခဲ့သည်။ လောင်ကျွမ်းနေသည့်မီးမှာ အမှိုက်ပုံအတွင်းဘက်တွင်လှိုက်၍ လောင်ကျွမ်းနေသောကြောင့် အမြန်ဆုံးမီးငြိမ်းသတ်နိုင်ရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း(မြန်မာ) ဖောင်ဒေးရှင်းနှင့်ညီနောင်မိတ်ဖက်ကုမ္ပဏီများက ထိုင်းနိုင်ငံမှ Bio Foam ဂါလန် ၅၀၀၀ ဝယ်ယူနိုင်ရန် ငွေကျပ် သိန်းပေါင်း ၃၄၀၀ လှူဒါန်းခဲ့ပြီး ပရဟိတအဖွဲ့ ၄၃ ဖွဲ့ကလည်း မီးငြိမ်းသတ်ရေး ကြိုးပမ်းဆောင်ရွက်ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်သည်များအား အစဉ်တစိုက် ပူးပေါင်းကူညီခဲ့ကြပြီး လှူဒါန်းရရှိသော အစားအသောက်နှင့် ပစ္စည်းများ လိုက်လံဝေငှပေးခဲ့ကြပါသည်။

၆။ သို့ဖြစ်၍ ယခုနှစ် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ၊ ပြည်သူပြည်သားများအားရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၇။ စုပေါင်းအင်အားဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မည်သို့သော စိန်ခေါ်မှု၊ မည်သို့သော အခက်အခဲမျိုးကိုမဆို ကျော်လွှားအောင်မြင်နိုင်ကြောင်းကို ထိန်ပင်အမှိုက်ပုံ မီးလောင်မှုဖြစ်စဉ်က အထင်အရှားသက်သေပြဆိုနေပြီဖြစ်ရာ နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းမည့် ခရီးလမ်းတစ်လျှောက် စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**

လှိုင်သာယာမြို့နယ်၊ ကုလားကြီးစုကျေးရွာအုပ်စု၊ ထိန်ပင်သုသာန်ရှိ
စည်ပင်သာယာအမှိုက်ပုံ မီးလောင်ကျွမ်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သော ဌာန/ အဖွဲ့အစည်းများစာရင်း

| စဉ် | ဌာန/ အဖွဲ့အစည်း | အင်အား(ဦး) | ပရဟိတ အဖွဲ့အစည်း (အဖွဲ့) | မှတ်ချက် |
|---|---|---|---|---|
| ၁ | တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန | ၁၇၄၇ | - | |
| ၂ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၇၂၂ | - | |
| ၃ | ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | ၄၁ | - | |
| ၄ | တိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၂၀၃ | - | |
| ၅ | အမှတ်(၂)လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူးရုံး | ၁၂၅ | - | |
| ၆ | တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၂၄ | - | |
| ၇ | တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၁၅၆ | - | |
| ၈ | တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့ | ၄၉ | - | |
| ၉ | ရန်ကုန်တိုင်းစစ်ဌာနချုပ် | ၂၂၀ | - | |
| ၁၀ | လူမှုရေးအဖွဲ့အစည်းများ | - | ၄၃ | |
| | စုစုပေါင်း | ၃၂၈၇ | ၄၃ | |

မှတ်ချက်။ (၁) ASEAN Coordinating centre for Humanitarian Assistance on disaster management (AHA Centre) မှလည်း ပံ့ပိုးကူညီမှုများ ပြုခဲ့ပါသည်။

(၂) ကမ္ဘောဇအနာဂတ်အလင်းတန်း(မြန်မာ) ဖောင်ဒေးရှင်းနှင့် ညီနောင်မိတ်ဖက်ကုမ္ပဏီများမှ Bio Foam ဂါလန် ၅၀၀၀ ဝယ်ယူရန် ကျပ်သိန်းပေါင်း (၃၄၀၀) လှူဒါန်းခဲ့ပါသည်။



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် မေ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး H.E. Ms. Tone Tinnes အား ယနေ့ညနေပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရေးကော်မတီ၏ အကြံပေးဘုတ်အဖွဲ့၏ အကြံပြုချက်တစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်မည့် စံပြကျေးရွာတစ်ခု တည်ထောင်ရေးဆောင်ရွက်နေသည့်လုပ်ငန်းများ၊ စစ်တွေ ပြည်သူ့ဆေးရုံတိုးချဲ့တည်ဆောက်ရေး နော်ဝေနိုင်ငံမှ ကူညီထောက်ပံ့နေသည့်ကိစ္စများ၊ အားလုံးအကျုံးဝင် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ်ထူထောင်ရေးကိစ္စများ၊ ပစ္စည်းကိရိယာ စုံလင်စွာပါဝင်သည့် ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးခန်းများဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရေးကိစ္စများ၊ မိုင်းအန္တရာယ် အသိပညာပေးရေးအပါအဝင်နှင့် မိုင်းအန္တရာယ် လျှော့ချရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍(Nowaygian People Aids)အဖွဲ့က မြန်မာနိုင်ငံအား ကူညီပေးရန် နားလည်မှုစာချွန်လွှာ ရေးထိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သတင်းအတုအယောင်ပြုလုပ်မှု ထိန်းချုပ်ရေးဥပဒေကို ပြန်လည်သုံးသပ်မည်ဟု မလေးရှားဝန်ကြီးချုပ်ပြော

**ကွာလာလမ်ပူ မေ ၁၄**

သတင်းအတုအယောင်ပြုလုပ်မှု ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို ပြန်လည်သုံးသပ်သွားမည်ဟု မလေးရှား ဝန်ကြီးချုပ်သစ် မဟာသီမိုဟာမက်က သန္နိဋ္ဌာန်ပြုပြောဆိုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

သတင်းအတုအယောင်ပြုလုပ်မှု ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေကို ရွေးကောက်ပွဲမကျင်းပမီ ဧပြီလ အစောပိုင်းက ကတိုက်ကရိုက် အတည်ပြုပြဋ္ဌာန်းခဲ့ရာ နိုင်ငံရေးလောကအတွင်း အငြင်းပွားပြောဆိုစရာများ ဖြစ်ပေါ်ခဲ့ရသည်။

အဆိုပါဥပဒေအရ သတင်းအလိမ်အညာများကို တမင်တကာ ရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ချိပါက ထိုသို့ဖြန့်ချိသူအား ကြီးလေးသော ဒဏ်ငွေနှင့်အတူ ထောင်ဒဏ် ခြောက်နှစ်အထိ ကျခံစေရန် ပြစ်ဒဏ်ချမှတ်နိုင်သည်။

အဆိုပါဥပဒေသည် အစိုးရနှင့်သဘောကွဲလွဲသူ အတိုက်အခံများကို ဖြိုခွင်းနိုင်ရေးအတွက် ရည်ရွယ်ထုတ်ပြန်ခြင်းဖြစ်သည်ဟု လူ့အခွင့်အရေးအုပ်စုများက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြသည်။ မေ ၉ ရက် ရွေးကောက်ပွဲမတိုင်မီတွင် ထိုစဉ်က ဝန်ကြီးချုပ်အဖြစ် တာဝန်ယူလျက်ရှိသူ နာဂျစ်ရာဇတ်အား ဝေဖန်မှုများအသံတိတ်စေရန် ရည်ရွယ်၍ ယင်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်ဆို၏။

နာဂျစ်၏ အာဏာရညွန့်ပေါင်းအဖွဲ့ဖြစ်သော ဘာရီဆန်နေရှင်နယ်ပါတီသည် မလေးရှားနိုင်ငံကို ၆၁ နှစ် ကြာမျှ တောက်လျှောက် အုပ်စိုးခဲ့ပြီးနောက် ပြီးခဲ့သော ရွေးကောက်ပွဲတွင် ရှုံးနိမ့်ကာ မဟာသီ ဦးဆောင်သော အတိုက်အခံမဟာမိတ်အဖွဲ့က အာဏာရရှိလာသည်။



မဟာသီသည် ၂၀၀၃ ခုနှစ်တွင် ရာထူးမှဆင်းပေးချိန်အထိ ဝန်ကြီးချုပ်အဖြစ် ၂၂ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ယခုတစ်ကြိမ်ရွေးကောက်ပွဲတွင် အတိုက်အခံအင်အားစုကို ဦးဆောင်၍ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

သတင်းအတုအယောင်ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ပိုမိုရှင်းလင်းစေရေးအတွက် အဆိုပါဥပဒေကို ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မဟာသီက ပြောကြားသည်။

မည်သည့်သတင်းသည် သတင်းအတုအယောင်၊ မည်သည့်သတင်းသည် သတင်းအစစ်အမှန်ဖြစ်သည်ကို ပြည်သူများနှင့် မီဒီယာကုမ္ပဏီများ သိရှိရန်လိုအပ်ကြောင်း၊ မိမိ၏အစိုးရအဖွဲ့သည် စာနယ်ဇင်းချုပ်ချယ်မှု ပြုလုပ်မည်မဟုတ်ဘဲ အစိုးရအတွက် စိတ်မသက်မသာဖြစ်စေနိုင်သော သတင်းများကိုပင် ပိတ်ပင်သွားမည်မဟုတ်ကြောင်း မဟာသီက မေ ၁၃ ရက်တွင် ရုပ်မြင်သံကြားမှတစ်ဆင့် နိုင်ငံတော်အခြေပြု မိန့်ခွန်းမြွက်ကြားရာတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

## ဂျေရုဆလင်၌ အမေရိကန်သံရုံးဖွင့်လှစ်မှု ငြိမ်းချမ်းရေးဆွေးနွေးမှု ထိခိုက်စေနိုင်ဟုဆို

**ဂျေရုဆလင် မေ ၁၄**

အစ္စရေးနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးကို တဲလ်အဗစ်မြို့မှ ဂျေရုဆလင်မြို့သို့ ပြောင်းရွှေ့လိုက်ခြင်းသည် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုများအပေါ် ထိခိုက်စေနိုင်ကြောင်း ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ယော်ရှီဟိဒဲ စူဂါ့က ပြောကြားသည်။

အမေရိကန်သံရုံး ပြောင်းရွှေ့မှုသည် အရှေ့အလယ်ပိုင်းဒေသ၏အခြေအနေကို ဆိုးရွားလာစေနိုင်ကြောင်း၊ ဂျေရုဆလင် အဆင့်အတန်း သတ်မှတ်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား အကျေအလည်ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခြင်းမှတစ်ဆင့် ဆုံးဖြတ်သင့်ကြောင်း မေ ၁၃ ရက်တွင် သတင်းထောက်များအား ပြောကြားသည်။

အစ္စရေးနိုင်ငံနှင့်အနာဂတ်ကာလတွင် ပေါ်ထွန်းလာမည့် ပါလက်စတိုင်းနိုင်ငံတို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဟူသော ဂျပန်နိုင်ငံ၏ရပ်တည်ချက်ကို စူဂါ့က ထပ်လောင်းပြောကြားသည်။

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့၌ အမေရိကန်သံရုံးဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက်က ပြုလုပ်ခဲ့ရာတွင် အိမ်ဖြူတော် တာဝန်ရှိသူများနှင့် သမ္မတဒေါ်နယ်ထရန့်၏သမီး အီဗန်ကာတို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

**အင်န်အိပ်ချ်ကေ**

## အီရတ်ပါလီမန် ရွေးကောက်ပွဲ အယ်လ်ဆာဒါး၏အုပ်စု အောင်ပွဲခံဖွယ်ရှိ

**ဘဂ္ဂဒက် မေ ၁၄**



အီရတ်နိုင်ငံ၌ ကျင်းပလျက်ရှိသော ပါလီမန်ရွေးကောက်ပွဲတွင် အမျိုးသားရေးဝါဒီ တရားဟောဆရာ မိုတာဒါးအယ်လ်ဆာဒါး၏ 'ပြုပြင်ပြောင်းလဲရေးဆီသို့ ဦးတည်ချီတက်ခြင်း' အမည်ရှိ အုပ်စုက ထောက်ခံမဲအများစုရရှိကာ ရွေးကောက်ပွဲတွင် အောင်ပွဲခံမည့်အသွင် လှစ်ဟနေကြောင်း၊ လက်ရှိဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဘာဒီ၏ 'အောင်ပွဲ'အမည်ရှိ အုပ်စုမှာမူ ကနဦးတွင်ရေပန်းစားခဲ့သော်လည်း တတိယနေရာတွင်သာ ရပ်တည်နေကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

**တစ်ကျော့ပြန်ဝင်လာ**

ရွေးကောက်ပွဲတွင် မိုတာဒါး၏အုပ်စု ထောက်ခံမဲအများဆုံး ရရှိနေခြင်းအတွက် အများကအံ့အားသင့်ခဲ့ကြရသည်။ ရှီးယိုက်ခေါင်းဆောင် မိုတာဒါးနိုင်ငံရေးလောကအတွင်းသို့ တစ်ကျော့ပြန်ဝင်လာပုံမျိုးဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံတွင် အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) ရှုံးနိမ့်မှု ဖြစ်ပေါ်ခဲ့ချိန်နောက်ပိုင်း ရွေးကောက်ပွဲကျင်းပခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ မေ ၁၂ ရက်တွင် ကျင်းပသော ပါလီမန်ရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသူ ဦးရေ၏ ၄၅ ရာခိုင်နှုန်းခန့်ကသာ လာရောက်မဲပေးခဲ့ကြကြောင်း ရွေးကောက်ပွဲကော်မရှင်က ပြောကြားသည်။

ပြည်နယ် ၁၈ ခုအနက် ၁၀ ခု၏ မဲအရေအတွက် ၉၅ ရာခိုင်နှုန်းကို ရေတွက်ပြီးစီးချိန်တွင် ရှီးယိုက်ပြည်သူ့ စစ်ခေါင်း ဆောင် ဟာဒီအယ်လ် အမီရီ၏ 'အောင်နိုင်ခြင်း' အမည်ရှိ အုပ်စုက ဒုတိယနေရာတွင် ရပ်တည်နေခဲ့သည်။

လက်ရှိဝန်ကြီးချုပ် ဟိုင်ဒါအယ်လ် အဘာဒီ၏ 'အောင်ပွဲ'အမည်ရှိ အုပ်စုမှာမူ တတိယနေရာတွင်သာ ရှိနေကြောင်း ပဏာမ မဲစာရင်း ရလဒ်အရ သိရသည်။

**အေအက်ဖ်ပီ**

## ဆူရာဘာယာမြို့ရှိ ရဲတပ်ဖွဲ့ဌာနချုပ်ကို ဆိုင်ကယ်များစီးနင်းလာသည့် မိသားစုဝင်ငါးဦးက ဗုံးခွဲတိုက်ခိုက်

**ဂျကာတာ မေ ၁၄**

အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာယာမြို့၌ မေ ၁၄ ရက်က ရဲတပ်ဖွဲ့ဌာနချုပ်ကို မော်တော်ဆိုင်ကယ်နှစ်စီးဖြင့် လိုက်ပါလာသော မိသားစုဝင်ငါးဦးက အသေခံဗုံးဖောက်ခွဲမှု ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ယင်းမြို့ရှိ ခရစ်ယာန်ဘာသာဝင်တို့၏ ဘုရားရှိခိုးကျောင်းသုံးကျောင်းကို မိသားစုဝင်တစ်စုက မေ ၁၃ ရက်တွင် အသေခံဗုံးဖောက်ခွဲမှု ပြုလုပ်ခဲ့ပြီးနောက် ယခုတိုက်ခိုက်မှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဘုရားကျောင်းများအား တိုက်ခိုက်မှုတွင် အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) စစ်သွေးကြွတို့ ပါဝင်ကြောင်း အင်ဒိုနီးရှား ရဲတပ်ဖွဲ့က ပြစ်တင်ပြောကြားသည်။ နောက်ဆုံးဖြစ်ပွားသည့် အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်မှုတွင် ရှစ်နှစ်အရွယ် မိန်းကလေးတစ်ဦး အသက်ရှင်ကျန်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် မွတ်စလင်ဦးရေ အများဆုံး နေထိုင်သည့် နိုင်ငံဖြစ်သည်။ ကျွန်းစုပေါင်းများစွာဖြင့် ဖွဲ့စည်းထားပြီး လူဦးရေသန်း ၂၆၀ နေထိုင်သည့် အင်ဒိုနီးရှားနိုင်ငံတွင် မကြာသေးမီနှစ်များအတွင်းက အစ္စလာမ္မစ် စစ်သွေးကြွများ၏ လှုပ်ရှားမှုများကို တွေ့မြင်ခဲ့ရသော်လည်း ဆူရာဘာယာတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု တိုက်ခိုက်မှုများသည် စစ်သွေးကြွများ၏ ကွန်ရက်အင်အားကြီးထွားလာမှုကို ဖော်ပြလျက်ရှိသည်။

ဆူရာဘာယာမြို့ ရဲတပ်ဖွဲ့ဌာနချုပ်မှ ထုတ်ပြန်သည့် ဗီဒီယို ပြကွက်များအရ ပေါက်ကွဲမှု မဖြစ်ပွားမီတွင် ရဲဌာနချုပ်၏ လုံခြုံရေးဂိတ်စခန်းအနီးသို့ မော်တော်ဆိုင်ကယ်နှစ်စီး ချဉ်းကပ်လာကြောင်းဖော်ပြသည်။ ယင်းပေါက်ကွဲမှုကြောင့် အရပ်သားခြောက်ဦးနှင့် ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရခဲ့ကြောင်း အာဏာပိုင်များက ပြောကြားကြသည်။

**အေအက်ဖ်ပီ**



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့တွင် ပညာရေးဆိုင်ရာမေးခွန်းများ ရှင်းလင်းဖြေကြား

**နေပြည်တော် မေ ၁၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များကို အလေးပေးဆောင်ရွက်ခဲ့ကြသည်များကို ကြားသိရသည့်အတွက် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ယနေ့စတင်ကျင်းပသည့် အဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်းတွင် အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း ၁၅၀၊ အသင့်ဖြစ်အဆို ၁၂ ခု၊ ဥပဒေကြမ်းများအနေဖြင့် ၂၈ ခုရှိပါကြောင်း။

**စောင့်ကြည့်လေ့လာ**

ယနေ့ ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို လေ့လာကြည့်မည်ဆိုလျှင် နိုင်ငံရေးရည်မှန်းချက်အပြောင်းအလဲများနှင့်အတူ မူဝါဒအပြောင်းအလဲများကို ထင်ထင်ရှားရှား တွေ့မြင်ကြားသိနေကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း မူဝါဒအပြောင်းအလဲများကို သတိပြုပြီး မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ဖြစ်လာရန် ကျရာအခန်းကဏ္ဍမှ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ခေတ်စနစ်နှင့်မညီသည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းစေသည့် ဥပဒေများ၊ ပြည်သူများ၏ အခြေခံလူ့အခွင့်အရေးကို ကာကွယ်ပေးမည့် ဥပဒေများကို ဆက်လက်ပြဋ္ဌာန်းသွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာလွှတ်တော်များကို လေ့လာကြည့်မည်ဆိုလျှင် ပြဋ္ဌာန်းပြီးသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှုကို ဆက်လက်လေ့လာစိစစ်ခြင်း (Post Legislative Scrutiny) ကို လွှတ်တော်များက ဆောင်ရွက်ကြပါကြောင်း၊ လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်သည့် ဥပဒေများကို လက်တွေ့ကျင့်သုံးရာတွင် ပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှု ရှိ၊ မရှိနှင့် အကောင်အထည်ဖော်ရသည့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိကို လွှတ်တော်ကိုယ်စားလှယ်များက စောင့်ကြည့်လေ့လာစိစစ်သွားရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များသည် မြန်မာ့ဒီမိုကရေစီ ဖော်ဆောင်ရေးတွင် နိုင်ငံတော်၏အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို တတ်နိုင်သမျှ စိစစ်ထိန်းညှိပြီး ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသည့် လွှတ်တော်ဖြစ်စေရေး၊ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အားကိုးအားထားပြုရသည့် လွှတ်တော်ဖြစ်စေရေးတို့အတွက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခုလို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုပေါင်းအင်အားနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာအောင် ကြိုးပမ်းတည်ဆောက်နေသည့်ကာလတွင် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တိုင်းရင်းသားအချင်းချင်းကြားတွင် ယုံကြည်မှုတည်ဆောက်နိုင်ရန် ဝိုင်းဝန်းကူညီပေးကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

**ဆက်လက်ကြိုးပမ်း**

မိမိတို့နိုင်ငံတွင် ဒီမိုကရေစီယဉ်ကျေးမှုများ ပိုမိုတိုးတက်ဖြစ်ထွန်းစေရန် ကိုယ်စားလှယ်များကိုယ်တိုင်ကလည်း ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ စံနမူနာပြ ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်တွင် လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းဆိုသည့် လောကပါလတရားများ ထွန်းကားရန်အတွက် ဥပဒေများ အခိုင်အမာပြဋ္ဌာန်းနိုင်ကြရန် အထူးလိုအပ်ပါကြောင်း၊ ပြည်သူ့အကျိုးစီးပွားကို အကာအကွယ်ပေးသည့် ဥပဒေများဖြစ်မှသာ ပြည်သူကလည်း ယုံကြည်အားကိုးပြီး လေးစားလိုက်နာကြမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌအဖြစ်နှင့်သာမက ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေဖြင့်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဥပဒေပြုရေးမဏ္ဍိုင် ပိုမိုခိုင်မာအားကောင်းစေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆက်လက်ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် ပြည်သူ့ကိုယ်စားလှယ်များ ပီသစွာ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဖြူစင်သည့်စိတ်စေတနာ၊ မှန်ကန်သည့် ဆောင်ရွက်ချက်များနှင့် ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၁၈ ခုနှစ် မတ် ၂၃ ရက်တွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Nguyen Thi Kim Ngan နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mrs. Pany YOTHOTOU၊ ၂၀၁၈ ခုနှစ် မတ် ၂၆ ရက်တွင် ဆားဘီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mrs.Maja Gojkovic နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr.Li Zhanshu၊ ၂၀၁၈ ခုနှစ် မတ် ၂၈ ရက်တွင် အာဆီယံပါလီမန်များဆိုင်ရာ ညီလာခံ(AIPA)၏ အထွေထွေအတွင်းရေးမှူးချုပ် Mr.Isra Sunthornvut၊ ၂၀၁၈ ခုနှစ် မတ် ၂၉ ရက်တွင် အယ်လ်ဂျီးရီးယားအမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ H.E.Mr. Said Bouhadja၊ ၂၀၁၈ ခုနှစ် ဧပြီ ၂ ရက်တွင် ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr.Tadamori Oshima၊ ၂၀၁၈ ခုနှစ် ဧပြီ ၃ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Chung Sye-Kyun၊ ပါလီမန်များဆိုင်ရာအဖွဲ့(IPU)၏ အထွေထွေ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး



မက်မန်း မဲဆန္ဒနယ်မှ ဦးတင်အေး

အတွင်းရေးမှူးချုပ် Mr.Martin Chungongနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Vladimir Andreichenko၊ ၂၀၁၈ခုနှစ် ဧပြီ ၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Vyacheslav Volodin၊ အိန္ဒိယနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mrs. Sumitra Mahajan၊ ၂၀၁၈ ခုနှစ် ဧပြီ ၉ ရက်တွင် တူရကီနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Ismail KAHRAMANနှင့် စင်ကာပူသမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Tan Chuan-Jin၊ ၂၀၁၈ ခုနှစ် ဧပြီ ၁၀ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Ponhea Chakrei HENG SAMRIN၊ ၂၀၁၈ ခုနှစ် ဧပြီ ၁၂ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Pantaleon D.Alvarez နှင့် ၂၀၁၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် လူဇင်ဘတ်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Mars Di Barolomeo တို့ထံမှ ပေးပို့သောသဝဏ်လွှာများကို ဂုဏ်ယူဝမ်းမြောက်ကြောင်း လွှတ်တော်ကမှတ်တမ်းတင်သည်။

ဆက်လက်၍ ယနေ့ကျင်းပသည့်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားသည်။

**ပညာရေးဖွဲ့စည်းပုံ**

မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၏ **မက်မန်းမြို့နယ် ပညာရေးမှူးရုံးအား မိုင်းဖြတ်ခရိုင် ပညာရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ကျိုင်းတုံခရိုင်ပညာရေးမှူးရုံး ကွပ်ကဲမှုအောက်သို့ ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပညာရေးဖွဲ့စည်းပုံအရ မက်မန်းမြို့နယ်သည် မိုင်းဖြတ်ခရိုင်အတွင်း ပါဝင်လျက်ရှိရာ မိုင်းဖြတ်မြို့၏ အနောက်မြောက်ယွန်းယွန်းတွင်တည်ရှိပြီး မိုင်ပေါင်း ၁၉၀ ခန့် ကွာဝေးပါကြောင်း၊ မက်မန်းမြို့နယ်သည် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မြို့နယ် ခြောက်မြို့နယ်တွင် ပါဝင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ အုပ်ချုပ်ရေးခရိုင်အရ မက်မန်းခရိုင်အဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၏ ပညာရေးခရိုင်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင်တွင်လည်းကောင်း ပါဝင်နေပါကြောင်း။

**လုပ်ထုံးလုပ်နည်းနှင့်အညီ**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းမြို့နယ်မှ မိုင်းဖြတ်ခရိုင်ရုံးသို့ ပညာရေးဆိုင်ရာဌာနလုပ်ငန်းများ သွားရောက်ဆောင်ရွက်ရာတွင် ကျိုင်းတုံမြို့မှတစ်ဆင့် သွားလာနေရ၍ အခက်အခဲများရှိပါကြောင်း၊ မက်မန်းမြို့နယ် ပညာရေးမှူးရုံးအား မိုင်းဖြတ်ခရိုင် ပညာရေးမှူးရုံးကွပ်ကဲမှုအောက်မှ ကျိုင်းတုံခရိုင် ပညာရေးမှူးရုံးကွပ်ကဲမှုအောက်သို့ ထည့်သွင်းပြောင်းရွှေ့ပေးပါက ရုံးလုပ်ငန်းများနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းကို ပြည်နယ်ပညာရေးမှူးရုံးမှလည်း တင်ပြထားရှိပါကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းမြို့နယ် ပညာရေးမှူးရုံးအား ကျိုင်းတုံခရိုင် ပညာရေးမှူးရုံးကွပ်ကဲမှုအောက်သို့ ပြောင်းရွှေ့နိုင်ရန်အတွက် အခြေခံပညာဦးစီးဌာနအနေဖြင့် မက်မန်းမြို့နယ်အား ကျိုင်းတုံခရိုင်ဖွဲ့စည်းပုံတွင် ပြင်ဆင်ထည့်သွင်းနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၏ **တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရသည့် ထောက်ခံစာများအနက် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူ၏ ထောက်ခံစာကို ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်၏ စာမျက်နှာ(၂)တွင် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာနှင့် ကျန်းမာကြောင်း ထောက်ခံစာကို တင်ပြရမည်ဟု ထည့်သွင်းဖော်ပြသတ်မှတ်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများမှစ၍ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်များ၏ စာမျက်နှာ(၂)တွင် အဆိုပါထောက်ခံစာများ ပူးတွဲတင်ပြရမည်ဟု ထည့်သွင်းဖော်ပြသတ်မှတ်ခြင်း မရှိတော့ပါကြောင်း၊ ယမန်နှစ် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ် စာမျက်နှာ(၁)တွင်လည်း ထောက်ခံစာများ တင်ပြရမည်ကို ထည့်သွင်းဖော်ပြထားခြင်း မရှိတော့ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း သို့မဟုတ် လက်မှုပညာသင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် အစိုးရနည်းပညာအထက်တန်းကျောင်းဖွင့်လှစ်ပေးနိုင်ရန်အတွက် ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၀၅) ရပ်ကွက် လှော်ကားလမ်းမကြီးဘေးရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ ၁၄ ဧက၏ မြေပြင်အခြေအနေအပေါ် မူတည်၍ စာသင်ဆောင်၊ အလုပ်ရုံ၊ ကျောင်းသားအိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာများပါဝင်သည့် Master Plan တစ်ခုကိုရေးဆွဲပြီး လိုအပ်မည့် ဧရိယာအကျယ်အဝန်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် မြေနေရာလွှဲပြောင်းရယူပြီးပါက လိုအပ်သော အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဝန်ထမ်းများခန့်ထားခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့အတွက် လိုအပ်သော ဘဏ္ဍာငွေများကို ဘဏ္ဍာရေးနှစ်အလိုက် လုပ်ထုံးလုပ်နည်းနှင့်အညီ ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်နှင့် ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွှန့်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

**စိတ်ချမ်းမြေ့စွာ သင်ယူနိုင်ရေး**

ထို့နောက် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက **အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော ပညာရေးဝန်ထမ်းများအား ၎င်းတို့မိသားစုများနှင့် အနီးစပ်ဆုံးရှိ ရာထူးတာဝန်နှင့်ကိုက်ညီသော စာသင်ကျောင်းများတွင် ဦးစားပေး တာဝန်ချထားပေးနိုင်ရန် အစီအစဉ်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန်** သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြရသည့် အချို့ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများသည် မိမိတို့မိသားစုများနှင့် ဝေးကွာလှသည့် တိုင်းဒေသကြီး၊ ပြည်နယ် အခြားဒေသများတွင် တာဝန်ထမ်းဆောင်နေရခြင်း၊ တိုင်းဒေသကြီးအတွင်း ဝေးလံသောမြို့များတွင် တာဝန်ထမ်းဆောင်နေကြရခြင်း၊ နိုင်ငံတော်မှ အခြေခံပညာရေးဝန်ထမ်းများအတွက် အိမ်ရာအဆောက်အအုံများကို လုံလောက်အောင်တည်ဆောက်မပေးနိုင်သေးခြင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရာတွင် ကိုယ်စိတ်နှစ်ပါး စိတ်ချလုံခြုံမှုရှိစေရန် လိုအပ်ခြင်း၊ သွားလာရေးအဆင်ပြေစေရန်နှင့် မိသားစုစားဝတ်နေရေး ပိုမိုအဆင်ပြေမှုရှိစေရန်အတွက်သာမက အနာဂတ်ကျောင်းသားလူငယ်တို့၏ ပညာရေးကို စိတ်ချမ်းမြေ့စွာ သင်ယူနိုင်ရေးတို့အတွက် အလွန်ပင်အရေးကြီး လိုအပ်လျက်ရှိနေကြောင်း တင်ပြသည်။

ယင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး လွှတ်တော်က မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၁၈ မဲ၊ ကန့်ကွက်မဲ ၂၂၆ မဲ၊ ကြားနေမဲ ၇ မဲဖြင့် ကန့်ကွက်မဲများသဖြင့် ယင်းအဆိုအား လက်ခံဆွေးနွေးရန် မရှိကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၇ ချက်ကို ဥပဒေကြမ်းကော်မတီဝင်က လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုသည်။

ဆက်လက်၍ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အချက် ၄ချက်သည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးက အဆိုတင်သွင်းပြီး ယင်းဥပဒေကြမ်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# သွားနှင့်ခံတွင်းကျန်းမာရေး အခမဲ့ကုသပေးမည်

**နေပြည်တော် မေ ၁၄**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ မွန်ပြည်နယ် မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်းရှိ ROYAL HINTHAR HOTEL ၌ မေ ၂၅ ရက်မှ ၂၇ ရက်အထိ ဒေသခံပြည်သူလူထုအား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုကို ကျွမ်းကျင်ပါရဂူ၊ အထူးကုဆရာဝန်ကြီးများက အခမဲ့ ကြည့်ရှုစစ်ဆေး ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၄**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး H.E. Ms. Tone Tinnes အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ကျောဖုံးမှ**

ခရီးသွားဧည့်သည်ဝင်ရောက်မှု တိုးတက်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းမှုနှင့် သဘာဝဘေးအန္တရာယ်ထိခိုက်မှု မဖြစ်ပေါ်စေရေးနှင့် ဖြစ်ပေါ်လာပါကလည်း ကောင်းမွန်ပြည့်စုံသော အစီအမံများကို ကြိုတင်ဆောင်ရွက်ထားရှိပြီး ယင်းအစီအမံများအတိုင်း အစိုးရ၊ ပြည်သူနှင့် ပုဂ္ဂလိကအားလုံးတို့မှ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ပေါင်းစပ်ညှိနှိုင်းမှုများ လုပ်ဆောင်ပေးစေလိုကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ၁၀၆၄၃၂ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၁၈၅၀၁၁ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၄၈၁၇၈၄ ဦး ဝင်ရောက်ခဲ့ကြောင်း အဆိုပါဌာနမှတ်တမ်းများအရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မူဆယ်တွင် ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် အမေရိကန်သံရုံးတို့က ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော် မေ ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် အမေရိကန်သံရုံးတို့က ယနေ့ရက်စွဲဖြင့် ကြေညာချက်များ ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏ ထုတ်ပြန်ကြေညာချက်တွင် မူဆယ်ဒေသ၌ စစ်ရေးပဋိပက္ခဖြစ်ပွားနေခြင်းနှင့်ပတ်သက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ပြစ်တင်ရှုတ်ချ၍ အပြစ်မဲ့အရပ်သားများ သေဆုံးခြင်းအတွက် ဝမ်းနည်းပါကြောင်း၊ သက်ဆိုင်သူများအနေဖြင့် စစ်ရေးပဋိပက္ခ ကြီးကျယ်လာမှုကို ရှောင်ရှားရေး တိကျသောဆောင်ရွက်ချက်များ လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ တရုတ် - မြန်မာ နယ်စပ်ဒေသ၏ တည်ငြိမ်အေးချမ်းမှုကို မြန်နိုင်သမျှ ပြန်လည်ရရှိပြီး တရုတ်နယ်စပ်ဒေသ အရပ်သားများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ရန် တောင်းဆိုပါကြောင်း၊ ယခုအခါတွင် မြန်မာနိုင်ငံသည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကျင်းပရန် အာရုံစိုက်ပြင်ဆင်နေကြောင်း၊ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံဘက်မှ လိုအပ်သည်များကို တက်တက်ကြွကြွ ကူညီထောက်ပံ့နေကြောင်း၊ တရုတ်- မြန်မာ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကို တမင်နှောင့်ယှက်သော အပြုအမူများကို ကျွန်ုပ်တို့အနေဖြင့် ပြတ်ပြတ်သားသား ဆန့်ကျင်ကြောင်း၊ သက်ဆိုင်သူများအနေဖြင့် ညှိနှိုင်းဖလှယ်ခြင်း၊ အပြန်အလှန်ယုံကြည်မှုတိုးမြှင့်ခြင်း၊ တူညီသော ဦးတည်ချက်ကို ချိတက်ခြင်း စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ဆောင်ရွက်ရန် မေတ္တာရပ်ခံ ပန်ကြားပါကြောင်း ဖော်ပြထားသည်။

အမေရိကန်သံရုံး၏ ကြေညာချက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်း မကြာသေးမီက ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် သေကျေဒဏ်ရာရမှုများ ရှိခဲ့သည့်အတွက် မိမိတို့အနေဖြင့် များစွာစိုးရိမ်ပူပန်မိပါကြောင်း၊ ယင်းပဋိပက္ခအတွင်း အသက်ဆုံးရှုံးခဲ့ရသူများနှင့် ဒဏ်ရာရရှိခဲ့သူများ၏ မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း၊ အရပ်သားများကို အကာအကွယ်ပေးရာတွင် နောက်ထပ်သေကျေဒဏ်ရာရမှုများ မဖြစ်ပေါ်စေရေးအတွက် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြပါရန်၊ ပဋိပက္ခကြောင့် ဒုက္ခရောက်ရသူအားလုံးထံသို့ လူသားချင်းစာနာမှု အကူအညီများ ရောက်ရှိနိုင်ရေးအတွက် ခွင့်ပြုပေးပါရန်နှင့် ဤနိုင်ငံကို ဆယ်စုနှစ်များစွာ ဒုက္ခပေးနေခဲ့သော ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် ညှိနှိုင်းဆောင်ရွက်ကြပါရန် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးကို မိမိတို့တိုက်တွန်းပါကြောင်း၊ ဤသို့သော ကြိုးပမ်းဆောင်ရွက်မှုမျိုးအတွက် အားပေးကူညီရန် မိမိတို့ အဆင်သင့်ရှိနေပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သတ္တုသန့်စင်စက်ရုံများ၊ သစ်တောစိုက်ခင်းများ၊ ဆင်စခန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မေ ၁၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်အတွင်းရှိ တောင်လေးလုံးကြိုးဝိုင်း အကွက်အမှတ်(၃၀)အတွင်း မြန်မာနိုင်ငံသစ်တောများ ပြန်လည်ထူထောင်ရေး ၁၀ နှစ် စီမံကိန်းအရ ဆောင်ရွက်လျက်ရှိသော တောင်ယာမီးရှို့ခြင်းမရှိသော Zero Burning Technique ဖြင့် စိုက်ပျိုးတည်ထောင်မည့် ၁/၂၀၁၈ စီးပွားရေးထင်းရှူးစိုက်ခင်း ဧက ၅၀ တည်ထောင်ရန် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလောမြို့နယ် ဘော်ဆိုင်းဒေသရှိ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ထိပ်တန်းကြယ် ၁၀ ခု ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်၏ အကြီးစား ခဲသတ္တုတူးဖော်ထုတ်လုပ်လျက်ရှိသော လုပ်ကွက်နှင့် သတ္တုသန့်စင်စက်ရုံ၊ မလိခ ရတနာထုတ်လုပ်မှု ကုမ္ပဏီလီမိတက်၏ ခဲသတ္တုသန့်စင်စက်ရုံ၊ တောင်ကြီးသိန်းသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၏ ခဲသတ္တုတူးဖော်ထုတ်လုပ်လျက်ရှိသော လုပ်ကွက်နှင့် သတ္တုသန့်စင်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကုမ္ပဏီများ၏ သတ္တုရိုင်းရှာဖွေတွေ့ရှိမှုနှင့် ထုတ်လုပ်နိုင်မှု၊ သန့်စင်သည့်နည်းစနစ်များနှင့် ထုတ်လုပ်နိုင်မည့်ပမာဏ၊ နိုင်ငံတော်သို့ အခွန်အခများပေးသွင်းနိုင်မှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်နှင့် လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများမှ ထိပ်တန်းကြယ် ၁၀ ခု ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်၏ရုံးခန်းတွင် ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ဘော်ဆိုင်းဒေသသည် ရှေးနှစ်ပေါင်းများစွာကတည်းက သတ္တုတွင်းဇရိယာအဖြစ် တည်ရှိခဲ့သည့် နေရာဒေသဖြစ်ကြောင်း၊ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ ဟင်းလင်းပွင့်တူးဖော်မှုနှင့် မြေအောက်လိုဏ်ခေါင်း တူးဖော်မှုစနစ် နှစ်မျိုးစလုံးအား တွေ့ရှိခဲ့ရကြောင်း၊ သတ္တုပါဝင်မှုနှုန်းအနေဖြင့်လည်း စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် အခြေအနေရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် စက်ရုံများမှစွန့်ပစ်သည့် ပစ္စည်းများကို စနစ်တကျ စီမံစွန့်ပစ်ရန် လိုအပ်ကြောင်း၊ နှုန်းအနည်အနှစ်များ ပတ်ဝန်းကျင်ရှိ ချောင်းမြောင်းများနှင့် ယာမြေများအပေါ် ကျရောက်မှုမရှိစေရန် စနစ်တကျ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပတ်ဝန်းကျင် ထိခိုက်မှု တတ်နိုင်သမျှအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရာတွင် ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ လုပ်ကွက်အတွင်းရှိ နေရာလပ်များတွင် နှစ်ရှည်ဥယျာဉ်ခြံပင်များဖြစ်သည့် ထောပတ်၊ တညင်း စသည့်အပင်များကို စိုက်ပျိုးရန်နှင့် ရေစစ်ကန်များ၏ ကန်ပေါင်များနှင့် မြေပြိုကျနိုင်မည့် နေရာများတွင် ဗာတီဗာမြက်များအား စိုက်ပျိုးထားရန်၊ ဒေသခံပြည်သူများနှင့် စဉ်ဆက်မပြတ်ထိတွေ့၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များ ရှင်းလင်းဆွေးနွေးခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွာငံမြို့နယ် ကျောက်ပိစပ်ကျေးရွာအုပ်စု ရေချမ်းပြင်ကျေးရွာအနီးရှိ စိုင်းဝဏ္ဏသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၏ ခဲသတ္တုတူးဖော်ထုတ်လုပ်လျက်ရှိသော လုပ်ကွက်သို့ ရောက်ရှိစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက မြေအောက်လိုဏ်ခေါင်းစနစ်ဖြင့် တူးဖော်ထုတ်လုပ်နေမှု၊ သတ္တုကြော ရှာဖွေတွေ့ရှိမှုများကို လက်တွေ့လိုက်လံရှင်းလင်းပြသသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွာငံမြို့နယ်ရှိ အောင်ပန်း-ရွာငံ ကားလမ်းမိုင်တိုင် (၂၂/၀) အနီးရှိ ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာန သစ်တောဦးစီးဌာန၏ မင်းတိုင်ပင်စခန်း၌ ၂၀၁၈ ခုနှစ် မိုးရာသီ လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၃ ရက် နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်အတူ ပင်းတယမြို့နယ် ရှားပြားကျေးရွာနှင့် ပွေးလှကျေးရွာတို့တွင် သစ်တောဦးစီးဌာန၊ International Centre for Integrated Mountain Development (ICIMOD)နှင့် ဂျာမနီနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဟိမဝန္တာတောင်တန်းဒေသအတွင်း သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှုမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အတွေ့အကြုံများ အသုံးချတတ်စေခြင်း စီမံကိန်း (၂၀၁၆-၂၀၁၈) လုပ်ငန်းဆောင်ရွက်နိုင်မှုများ ကြည့်ရှုစစ်ဆေးခဲ့ရာ စီမံကိန်းတာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ထို့နောက် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဒေသခံကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကလောမြို့နယ် နန့်ပန်တက်ကျေးရွာ မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင် (၅၄/၃)အနီးရှိ ရှမ်းရိုးမ ဆင်စခန်းသို့ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းဆောင်တွင် ဆင်စခန်းစတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ယနေ့အချိန်အထိ သုံးလအတွင်း ဧည့်သည်များ ဝင်ရောက်မှု၊ ဆင်များ ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်မှု၊ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေးဆောင်ရွက်မှု၊ ဝင်ငွေနှင့် ကုန်ကျစရိတ်များ အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ဆင်စခန်းအတွင်းရှိ နန့်ပန်တက်ချောင်း မြေပြိုတိုက်စားမှုမှကာကွယ်ရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ပြီး စခန်းအတွင်းရှိ ဆင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့တွင် ကျန်းမာရေးနှင့် အားကစားဆိုင်ရာမေးခွန်းများ ဖြေကြား

**နေပြည်တော် မေ ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးတွင် မဲဆန္ဒရှင် ပြည်သူများ၏ အခက်အခဲများ၊ လိုလားချက်များ၊ နယ်မြေဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ စသည့် ပြည်သူများ၏ အသံ၊ ပြည်သူများ၏ ဆန္ဒများကို နားထောင်ခဲ့ကြ၊ ကွင်းဆင်းလေ့လာခဲ့ကြပြီးဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများ၏ လိုလားချက်ဆန္ဒနှင့် အခက်အခဲများကို အကောင်အထည်ဖော်ရေးအတွက် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ဥပဒေပြုခြင်းလုပ်ငန်းများအပြင် သက်ဆိုင်ရာကော်မတီများအလိုက် လေ့လာစိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်သည့်အကြောင်း ပြောကြားရင်း ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးကို တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ ပြည့်စုံပြီး မဲဆန္ဒရှင် ပြည်သူများအကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ငါးခုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး



ကချင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၅)မှ ဦးယောနာ



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးထိန်ဝင်း

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးယောနာ၏ **ကချင်ပြည်နယ် ဆော့လော်မြို့နယ် လာချင်ကျေးရွာအုပ်စု လာချင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကချင်ပြည်နယ် ဆော့လော်မြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာန တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခု၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန တစ်ခု၊ နယ်စပ်ဆေးပေးခန်းဌာန တစ်ခု ရှိပါကြောင်း၊ လာချင်(သို့မဟုတ်) လန်ဆယ်ကျေးရွာသည် လက်ရှိ ဂျယန်ကျေးလက်ကျန်းမာရေးဌာနအောက်တွင် ရှိသည့် ရွာတစ်ရွာဖြစ်ပါကြောင်း၊ ဆော့လော်မြို့နယ်တွင် ဂျယန်ကျေးလက်ကျန်းမာရေးဌာနတစ်ခုတည်းသာရှိပြီး ဝန်ထမ်းအင်အား ၁၅ ဦးဖြင့် တာဝန်ထမ်းဆောင်လျက် ရှိပါကြောင်း။

လာချင်ကျေးရွာသည် ဂျယန်ကျေးလက်ကျန်းမာရေးဌာနနှင့် ၉၅ မိုင်ခန့်ဝေးပြီး ခြေကျင်ခရီးဖြင့် သွားရပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင်လည်း အဆိုပါနေရာတွင် ရေဘေးနှင့် သဘာဝဘေးဒဏ်များ ကြုံတွေ့ရသည့်ဒေသဖြစ်သည့်အပြင် တိုင်းဦးစီးမှူးက ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခု အမြန်ဆုံးဖွင့်လှစ်ရန် တင်ပြထားပါကြောင်း၊ ထို့ကြောင့် လာချင်(လန်ဆယ်)ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခု ဖွင့်လှစ်ရန် စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် တင်ပြ၍ အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးထိန်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် မြစ်ဝကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဇလွန်မြို့နယ် မြစ်ဝကျေးလက်ကျန်းမာရေးဌာနခွဲသည် ရေလဲကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုဖြစ်ပြီး ကျေးရွာ ၂၂ရွာ အိမ်ခြေ ၃၃၅၀ ကျော်၊ လူဦးရေ ၁၅၀၀၀ နီးပါးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနေပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနအဖြစ် ဖွင့်လှစ်ရန် အခြေခံမူငါးချက်နှင့်လည်း ကိုက်ညီသည့်အပြင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးအနေဖြင့်လည်း ထောက်ခံတင်ပြထားသည့်အတွက် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ စာအမှတ်၊ ၈၁ မခ (ဃ) ၂၀၁၇/၉၈၄၈ ဖြင့် ညှိနှိုင်းတောင်းခံထားပြီးဖြစ်ပါကြောင်း၊ ဦးစားပေးအဖြစ် အမြန်ဆုံး လုပ်ဆောင်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **မွန်ပြည်နယ် သထုံမြို့နယ် သုဓမ္မဝတီမြို့သစ်တွင် မြို့အဆင့်မီ ခေတ်မီအားကစားကွင်းနှင့် လေ့ကျင့်ရေးစင်တာတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သထုံမြို့နယ် သုဓမ္မဝတီမြို့သစ် စီမံကိန်းတွင် စံချိန်မီအားကစားကွင်းနှင့် လေ့ကျင့်ရေးစင်တာ ဖော်ဆောင်ရန်အတွက် မြေကွက် ကွင်းအမှတ် ၅၁၃၊ မြေဧရိယာ အကျယ်အဝန်း ပေ (၈၀၀ × ၆၀၀) မြေနေရာကို မြေဂရန်ရရှိရေးအတွက် အဆင့်ဆင့် လုပ်ဆောင်ပြီး ဖြစ်ပါကြောင်း၊ နောက်ဆုံးအဆင့်အနေဖြင့် အမည်ပေါက်ဂရန်ရရှိရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့သို့ မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ ရေးဆွဲခွင့်ရရှိရေးအတွက် တင်ပြထားပြီးဖြစ်ပါကြောင်း၊ မြေဂရန်ရရှိလာပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဦးသန်စိုး (ခ) သန်းစိုး (ဘောဂဗေဒ)နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်တို့က ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်က ယခုဥပဒေကြမ်းသည် ပြီးခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလအတွင်း ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်ခြင်း မရှိသဖြင့် ကျန်ရစ်ခဲ့သည့် ဥပဒေကြမ်းပေါင်း ၂၂ ခုအနက် တစ်ခုအပါအဝင် ဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လေးဦးက အထူးဂရုပြုလေ့လာပြီး ဝေဖန်ဖြည့်စွက်အကြံပြုခဲ့ပါကြောင်း၊ သိပ္ပံနှင့် နည်းပညာဆန်းသစ်တီထွင်မှုများတွင် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးမှုမရှိဘဲ နောက်ကျနေပါကြောင်း၊ ထိုသို့ ဖွံ့ဖြိုးမှုမရှိသည့်အတွက် ရိုးရိုးနာမည်မပေးဘဲ သိပ္ပံ၊ နည်းပညာဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးဥပဒေဆိုသည့် ခေါင်းစဉ်ကို မုချမသွေ သုံးစွဲရမည်ဖြစ်ပါကြောင်း၊ မူလအဆိုပြု ပြဋ္ဌာန်းချက်နှင့် ပြည်သူ့လွှတ်တော် အတည်ပြုချက်အတိုင်း ဆန်းသစ်တီထွင်မှုဆိုပါက အားနည်းချက်များ ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

အဆိုပြု ပြဋ္ဌာန်းချက်တွင် ပါဝင်သည့်အချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသူများ၏ အရည်အသွေးမြင့်မားစေရန်ဆိုသည့်အချက်မှာ အတည်ပြုရမည့် အချက်ဖြစ်ပါကြောင်း၊ သို့သော် ပြည်သူ့လွှတ်တော်က မူလအဆိုပြုချက်အတိုင်း ထားရှိပါကြောင်း၊ အားနည်းချက်များစွာ ရှိပါကြောင်း၊ အချက်အလက်ပေါင်း ၁၀၉ ချက်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကွဲလွဲချက် အချက်ပေါင်း ၅၄ ချက် ရှိပါကြောင်း၊ တူညီသည်မှာ ၅၅ ချက်ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို မေ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယအကြီးအကဲ Ms. Dawn Del Rio နှင့်အဖွဲ့အား မေ ၁၄ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ တွေ့ဆုံ၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) တို့ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံရာ၌ ကော်မရှင်ဥက္ကဋ္ဌက လူ့အခွင့်အရေးမြှင့်တင်ရေး၊ ကာကွယ်ရေး၊ ဥပဒေရေးရာနှင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တို့တွင် ကော်မရှင်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကာ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းပြသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံကို အကူအညီပေးမည့် အစီအစဉ်တစ်ရပ်ဖြစ်သည့် တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမှု အားကောင်းစေရေးစီမံချက် (Strengthening Accountability and Rule of Law - SARL) တွင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အခန်းကဏ္ဍအရေးပါမှုနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကိုယ်စားလှယ်အဖွဲ့နှစ်ရပ်အကြား အပြန်အလှန်ဆွေးနွေးကြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်ကို ညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မေ ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးစတင်ကျင်းပသည့် ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ ပြည်တွင်းဧည့်သည် ၁၃၉၀၂ ဦးနှင့် ပြည်ပဧည့်သည် ၁၅၅၅ ဦး လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

ယင်းသို့ လာရောက်လေ့လာခဲ့ရာတွင် နေပြည်တော်၌ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများမှ စာကြည့်တိုက်မှူးများညီလာခံ၊ တစ်ဆက်တစ်စပ်တည်း အစည်းအဝေးများဖြစ်သော တတိယအကြိမ် အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် (၂၆)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသမှ အမျိုးသားစာကြည့်တိုက်များ၏ ညွှန်ကြားရေးမှူးများ နှီးနှောဖလှယ်ပွဲတို့ကို တက်ရောက်ခဲ့သည့် နိုင်ငံတကာမှ ကိုယ်စားလှယ် ၇၀ နှင့် ပြည်တွင်းမှ ကိုယ်စားလှယ် ၃၈၃ ဦး၊ လူဦးရေ စုစုပေါင်း ၄၅၃ ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တောင်ဖီလာအသင်းတော်မှ ဦးထန်ကျုံးနုံး ခေါင်းဆောင်သော အဖွဲ့ဝင် ၂၃ ဦးတို့လည်း ပါဝင်ကြောင်း သိရသည်။

အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာလိုပါက လျှောက်ထားစာကို စာဖြင့်ဖြစ်စေ၊ Email ဖြင့်ဖြစ်စေ သုံးရက်ကြိုတင်၍ အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူပေးပို့နိုင်သည်။ Email ဖြင့်ပေးပို့လိုပါက amyothahluttaw@gmail.com နှင့် amyothahluttaw.adm.ddg@gmail.com သို့ လျှောက်ထားပေးပို့နိုင်ပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ အကြောင်းအရာများကို သိရှိလိုပါက အမျိုးသားလွှတ်တော် website www.amyotha.hluttaw.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

❍ ဒုတိယအကြိမ်မှ

မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၂ နှစ်ကျော်ကြာကာလအတွင်း မိမိတို့ရရှိပြီးသော အတွေ့အကြုံကောင်းများကို နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းစွာအသုံးချနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

**စိတ်ကောင်းစေတနာ**

ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း ပြည်ထောင်စုလွှတ်တော်၌ ဆောင်ရွက်ရန်ကျန်ရှိသည့် ဥပဒေကြမ်းအပါအဝင် လွှတ်တော်အသီးသီး၏ ဆောင်ရွက်ဆဲ ဥပဒေကြမ်းများအနက် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးသော ဥပဒေကြမ်းများ အတည်ပြုပြဋ္ဌာန်းနိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး လွှတ်တော်က ပြဋ္ဌာန်းထားရှိသောဥပဒေများနှင့်အညီ ဌာန၊ အဖွဲ့အစည်းများက တင်ပြလာသည့် အစီရင်ခံစာများကို ဆွေးနွေးအတည်ပြုခြင်းနှင့် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်လက်မှတ်ရေးထိုးရန် သဘောတူစာချုပ်တို့ကိုလည်း လွှတ်တော်၏ အတည်ပြုချက်ရယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆက်လက်ဆောင်ရွက်ရမည့် ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများသည် ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့ အပါအဝင် မိမိတို့လွှတ်တော်အချင်းချင်း ပူးပေါင်းညှိနှိုင်း ဆွေးနွေးဆောင်ရွက်သွားကြရမည့် လုပ်ငန်းများဖြစ်သည့်အတွက် မိမိတို့ လွှတ်တော်ကိုယ်စားလှယ် အချင်းချင်းဖြစ်စေ၊ ပြည်သူများနှင့်ဖြစ်စေ၊ မီဒီယာများနှင့်ဖြစ်စေ တွေ့ထိဆက်ဆံ ပြောဆိုလုပ်ဆောင်ကြရာမှာလည်း စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ နားလည်မှုရှိခြင်းတို့ဖြင့် စိတ်ကောင်းစေတနာနှင့် ယှဉ်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**သက်တမ်းကုန်ဆုံး**

ထို့နောက် **ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား(National Verification Card)ထုတ်ပေးခြင်း အပါအဝင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ**နှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ**က ယာယီသက်သေခံလက်မှတ်များသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်တွင် နိုင်ငံတော်၏ လိုအပ်ချက်အရ ၁၉၉၅ ခုနှစ်မှစ၍ ထုတ်ပေးထားခြင်းဖြစ်ပြီး ယခုအခါ နှစ်ပေါင်း(၂၀)ကျော် ကြာမြင့်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်သမ္မတရုံး၏ ၁၁-၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅) ဖြင့် ယာယီသက်သေခံလက်မှတ်၏ သက်တမ်းကုန်ဆုံးသည့်နေ့ရက်အား ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့သတ်မှတ်ခဲ့ပြီး (၃၁-၅-၂၀၁၅) ရက်နေ့မတိုင်မီ သက်တမ်းကုန်ဆုံးသည့် လက်မှတ်များ လာရောက်အပ်နှံရန် ထုတ်ပြန်ခဲ့ပါကြောင်း။

**သက်သေခံကတ်ပြား**

နိုင်ငံတော်သမ္မတရုံး၏ (၁၁-၂-၂၀၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၉/၂၀၁၅)ဖြင့် ထုတ်ပြန်ချက်နှင့်အညီ ယာယီသက်သေခံလက်မှတ်နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ် အကြံပြုရေးကော်မရှင်ကို နိုင်ငံတော်သမ္မတရုံး၏ (၃-၄-၂၀၁၅) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၃၁/၂၀၁၅)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

လေ့လာသုံးသပ် အကြံပြုရေးကော်မရှင်သည် (၁၀-၄-၂၀၁၅)ရက်နေ့တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ယာယီသက်သေခံလက်မှတ် အပ်နှံပြီးသူများအား နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (Identity Card for National Verification-NV Card)ဟု သတ်မှတ်ထုတ်ပေးရန်နှင့် အရောင်အားအပြာနုရောင်သတ်မှတ်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ပြီး နိုင်ငံတော်သမ္မတထံ တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံး၏ ၆-၅-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၆၄(၂)/၇/ သမ္မတရုံးဖြင့် ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါကြောင်း။

ဤကတ်ပြားထုတ်ပေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေဖြစ်သော ၁၉၈၂ ခုနှစ်၊



ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း

မြန်မာနိုင်ငံသားဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသား/ နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် စိစစ်နိုင်ရန်နှင့် စိစစ်ဆဲကာလအတွင်း မြန်မာနိုင်ငံအတွင်း နေထိုင်နေသူအဖြစ် အသိအမှတ်ပြုနိုင်ရန် ရည်ရွယ်ထုတ်ပေးခြင်းဖြစ်ပါကြောင်း။

NV Card ကိုင်ဆောင်သူများ လိုက်နာဆောင်ရွက်ရမည့်တာဝန်မှာ NV Card ကို သေချာစွာသိမ်းဆည်းထားရမည့်အပြင် နည်းဥပဒေ ၂၉ တွင် ပြဋ္ဌာန်းသည့်အတိုင်း တာဝန်ရှိသူက တောင်းဆိုသည့်အခါ ထုတ်ပြရမည်။

**ပြန်လည်သိမ်းဆည်း**

နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရန် လိုအပ်သူများမှာ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ-၆၅ အရ နိုင်ငံသား/ နိုင်ငံသားပြုခွင့်ရသူ ဟုတ်/မဟုတ် ဗဟိုအဖွဲ့၏ အဆုံးအဖြတ်ခံယူရန် လျှောက်ထားသူများ (အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြားကိုင်ဆောင်ထားသူဖြစ်ပါက NV Card ထုတ်ပေးရန် မလိုပါ)

သက်တမ်းကုန် ယာယီသက်သေခံလက်မှတ် အပ်နှံသူများနှင့် ပျောက်ဆုံးပျက်စီးကြောင်း သတင်းပို့ထားသူများအနက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အရ နိုင်ငံသားစိစစ်မှုခံယူရန် လိုအပ်သူများ၊ ယခင်က နိုင်ငံသား စိစစ်ရေးကတ်ပြား အပါအဝင် မှတ်ပုံတင်တစ်မျိုးမျိုး ရရှိကိုင်ဆောင်ခဲ့ပြီး နိုင်ငံသားအရည်အချင်း ပြည့်စုံခိုင်လုံမှုမရှိသဖြင့် ကိုင်ဆောင်မှတ်ပုံတင်လက်မှတ်အား ပြန်လည်သိမ်းဆည်း/ ပယ်ဖျက်/ဖျက်သိမ်းခြင်းခံရသူများ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**ပြည်သူလူထုများအတွက်**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**က ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် ဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် လုပ်ဆောင်ရန်များစွာရှိနေပြီး အစိုးရအနေဖြင့် အစိုးရ၏ တာဝန် စတင်တာဝန်ယူသည့်အချိန်မှစ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်သည် အလေးထားဆောင်ရွက်ပေးရန် လိုအပ်သော ပြည်နယ်တစ်ခုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းသည် ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော ပြည်သူလူထုများအတွက် ငြိမ်းချမ်းမှုတစ်ခု သာယာဝပြောသောအနာဂတ် ပေါ်ထွန်းလာနိုင်ရေးကို ဦးတည်လျက်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ပြည်ထောင်စုတစ်ခုလုံးတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များကို လေ့လာ၍ ခွဲခြမ်းစိတ်ဖြာကြည့်ပါက အကြံပြုချက်(၈၈)ခုတွင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော အကြံပြုချက် (၃၆)ခု၊ တည်ငြိမ်အေးချမ်းရေးအတွက် အကြံပြုချက် (၄၈)ခုနှင့် အကြံပြုချက်များ အကောင်အထည်ဖော်ရာတွင် အောင်မြင်ရေးအတွက် လက်တွေ့ဆောင်ရွက်ရန် နည်းလမ်းများ(၄)ခုတို့ ပါဝင်ပါကြောင်း။

**လူသားချင်းစာနာထောက်ထားမှုအကူအညီပေးခြင်း**

လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းအနေဖြင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ပေးအပ်သော အကူအညီများ၊ ထောက်ပံ့ပစ္စည်းများကို နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများနှင့်အညီ မျှတစွာ ခွဲဝေပေးလျက်ရှိရာ အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးဗဟိုဌာန (AHA Center)၊ ကြက်ခြေနီလုပ်ရှားမှု အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တူရကီနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ MA-UK(Myanmar)တို့မှ စားသောက်ကုန်နှင့်စားသောက်ကုန်မဟုတ်သော ပစ္စည်းများ၊ ကျန်းမာရေးသုံးပစ္စည်းများကို ခွဲခြားမှုမရှိဘဲ လိုအပ်သူတိုင်းသို့ ပေးအပ်ထောက်ပံ့ခဲ့ပါကြောင်း၊ ထို့ပြင် တရုတ်၊ ဂျပန်နှင့် အခြားနိုင်ငံများကလည်း ငွေကြေးထောက်ပံ့မှုများပါဝင်ခဲ့ကြရာ ပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ပြည်နယ်တစ်ခုလုံး၏ လိုအပ်ချက်အရ ထောက်ပံ့ရန် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း။ UEHRD စေတနာ့ဝန်ထမ်း လူငယ်အစီအစဉ်ဖြင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ စတင်၍ယနေ့အထိ ရခိုင်ပြည်နယ်သို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်လျက်ရှိပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းသို့ လုံခြုံရေးနှင့် လူမှုစီးပွား အကျပ်အတည်းများကြောင့် ၂၀၁၈ ခုနှစ် မတ်လအတွင်း ပြောင်းရွှေ့ရောက်ရှိလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ရခိုင်တိုင်းရင်းသားအိမ်ထောင်စု ၇၀ မှ အမျိုးသား ၁၆၂ ဦး၊ အမျိုးသမီး ၁၆၀ စုစုပေါင်း လူဦးရေ ၃၂၂ ဦးတို့အတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ပြီး ယာယီနေရာချထားမှုများ ပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်ပေးထားပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**UEHRD ဆောင်ရွက်ချက်များတင်ပြခြင်း**

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး ပါဝင်ရန်လို အပ်လာပါကြောင်း၊ လက်တလောဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာထွက်သွားသူများ အများအပြားရှိခဲ့ပါကြောင်း၊ နေရပ်စွန့်ခွာသူများအား ပြည်လည်နေရာချထားရေးမှာ အစိုးရ၏တာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့အင်အားဖြင့် အစိုးရက စီမံဆောင်ရွက်သော ပြည်ထောင်စုစီမံကိန်း UEHRD (Union Enterprise for Humanitaiean Assistance, Resettlement and Development)ကို ဖော်ဆောင်၍ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်သော လုပ်ငန်းအဖွဲ့(၁၁)ဖွဲ့က ရခိုင်ပြည်နယ်တစ်ခုလုံးရှိပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်လျက်ရှိသကဲ့သို့ မိတ်ဆွေနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ စေတနာရှင်အဖွဲ့အစည်းများနှင့် ပြည်သူများ၏ UEHRD အစီအစဉ်တွင် ပါဝင်မှုဖြင့် လိုအပ်သော လူသားချင်းစာနာထောက်ထားမှုအကူအညီများ၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း။ ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာခဲ့ရသော ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများ၊ တိုင်းရင်းသား လူမျိုးစုငယ်များအတွက် ကျေးရွာအုပ်စု(၁၈)စုမှာ နေအိမ်ပေါင်း ၈၀၀ ကျော်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ လမ်း၊ တံတား၊ ရေ၊ မီး အစရှိသည်များကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပက နိုင်ငံခြားသားများ၊ မိတ်ဆွေနိုင်ငံများ၏ အကူအညီများဖြင့် ထူထောင်လျက်ရှိပါကြောင်း။

**တည်ဆောက်ရေးလုပ်ငန်း**

အလားတူပင် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအတွက် တောင်ပြိုလက်ဝဲစခန်းနှင့် ငါးခူရစခန်းလက်ခံရေးအဆောက်အအုံများ၊ လှဖိုးခေါင်ကြားစခန်းတွင် လူဦးရေ ၃၀၀၀၀ နေထိုင်နိုင်သည့် သောက်သုံးရေ၊ လျှပ်စစ်မီး၊ အိမ်သာစသည်တို့ပါဝင်သည့် တဲတန်းလျား ၆၂၅ လုံး၊ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ကြိမ်ချောင်းတောင်တွင် နေအိမ်အလုံး ၁၀၀ တည်ဆောက်ရေးတို့ကို ဆောက်လုပ်ရေးနှင့်အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့က နည်းပညာဆိုင်ရာကြီးကြပ်မှုဖြင့် ဒေသတွင်း ဆောက်လုပ်ရေးအဖွဲ့များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း။

အိန္ဒိယနိုင်ငံ၏ ထောက်ပံ့မှုဖြင့် နံသာတောင်ရွာတွင် တိုင်းရင်းသားနေအိမ် ၄၂ လုံး၊ ရွှေဇားရွာတွင် ဟိန္ဒူနေအိမ် ၁၄၈ လုံး၊ ကြိမ်ချောင်းတောင်တွင် မွတ်ဆလင်နေအိမ် ၆၀ တို့အတွက် အသင့်တပ်ဆင်ဆောက်လုပ်မည့်အိမ်ရာ ၂၅၀ ဆောက်လုပ်နိုင်ရေးကိုလည်း ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့က နည်းပညာပိုင်းဆိုင်ရာကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် အချက်အလက်များ**

ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးတည်ပြီး ဝန်ကြီးဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ရခိုင်ပြည်နယ် ဖြစ်စဉ်များ၏ နောက်ခံအကြောင်းတရားများအနက် တစ်ခုအပါအဝင်ဖြစ်သော နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်ကို စနစ်တကျဆောင်ရွက်နိုင်မှသာလျှင် ရေရှည်ပဋိပက္ခကင်းဝေးပြီး တည်ငြိမ်အေးချမ်းမှု ရရှိမှာဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ၊ တည်ဆဲဥပဒေများ၊ စည်းမျဉ်းများနှင့်အညီသာ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

နိုင်ငံသားစိစစ်မှုကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်း နေထိုင်သူများအား မည်သည့်လူမျိုးဖြစ်စေ၊ မည်သည့်ဘာသာကို ကိုးကွယ်သည်ဖြစ်စေ မြန်မာနိုင်ငံအတွင်း အစဉ်အဆက်နေထိုင်သူ မှန်ကန်ပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရန်နှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော သက်သေခံလက်မှတ် တစ်မျိုးမျိုးကို ရယူကိုင်ဆောင်ရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ(၁၉၄၉)နှင့် နည်းဥပဒေ (၁၉၅၁)တို့အရ ဆောင်ရွက်ခဲ့သော ယာယီသက်သေခံလက်မှတ်များအစား NV ကတ်ကို ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်မှစ၍ ထုတ်ပေးခဲ့သည်ဟု သိရှိရပါကြောင်း၊ NV ကတ်အား ရခိုင်ပြည်နယ်တစ်ခုတည်းအတွက် မဟုတ်ဘဲ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ တိုင်းရင်းသားလူမျိုးမဟုတ်သူများနှင့် နယ်စပ်ဒေသများတွင် နေထိုင်သူများအနက် မည်သည့်လက်မှတ်မျှကိုင်ဆောင်ခြင်း မရှိသူများ၊ နိုင်ငံသားစိစစ်ရန် လိုအပ်သူများအား ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်နိုင်ရန်နှင့် စိစစ်ဆဲကာလတွင် မြန်မာနိုင်ငံအတွင်းနေထိုင်သူအဖြစ် အသိအမှတ်ပြုရန် ရည်ရွယ်ထုတ်ပေးခြင်းဖြစ်သည်ဟုလည်း သိရှိရပါကြောင်း၊ သို့ဖြစ်၍ **နိုင်ငံသားစိစစ်မှုလုပ်ငန်း**စဉ်၏ ပထမဆုံးသော ဆောင်ရွက်ရမည့်အချက်အဖြစ် NV ကတ် စိစစ်ထုတ်ပေးခြင်းလုပ်ငန်းအား စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၊ စစ်တွေမြို့ သက္ကယ်ပြင် IDP စခန်း၊ မြေပုံမြို့တောင်ပေါ် IDP စခန်းများ၌ အဓိက ရှေ့ပြေးဧရိယာ Pilot Area များအဖြစ် သတ်မှတ်၍ သက်ဆိုင်ရာဌာနများက ဆောင်ရွက်နေသည်ကို တင်ပြလိုပါကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် မိမိအပါအဝင် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး ကော်မတီဝင်များသည် NVကတ်ကိုင်ဆောင်ခြင်းဖြင့် ရရှိခံစားရမည့် အခွင့်အရေးများကို နိုင်ငံသားပြုရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြရမည့်သူများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ဆွေးနွေးပြောကြားမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ပြောကြားရာတွင်လည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ရရှိထားသော NV ကတ်ကိုင်ဆောင်သူများရရှိမည့် အခွင့်အရေး ရှစ်ချက်ကို ဆွေးနွေးပြောကြားခဲ့ခြင်း ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာအား အသိပေးရာတွင်လည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဘာသာပြန်ပေးထားသည့်အတိုင်း အသုံးပြုပြောကြား ဆွေးနွေးလျက်ရှိပါကြောင်း။

စာမျက်နှာ ၉ သို့ ✻

✻ စာမျက်နှာ ၈ မှ

မိမိအနေဖြင့် UEHRD (Union Enterprise for Humanitarian Assistance, Resettlement and Development)၏ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်နေရသည့်အတွက် ပြီးခဲ့သော ဧပြီလက ပြန်လည်လက်ခံရေးလုပ်ငန်းနှင့် စပ်လျဉ်းပြီး ဆောင်ရွက်ထားလျက်ရှိသည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် နှစ်နိုင်ငံ သဘောတူညီချက်များအတိုင်း အကောင်အထည်ဖော်ညှိနှိုင်းရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့ပါကြောင်း။

သွားရောက်တွေ့ဆုံရာတွင် နေရပ်စွန့်ခွာသူများက လွတ်လပ်စွာသွားလာခွင့်နှင့် နိုင်ငံသားပြုခွင့်ဆိုင်ရာများကို မေးမြန်းသောအခါ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတ်မှတ်ထားသော နိုင်ငံသားဖြစ်ခွင့်လုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံသားဖြစ်မှုအလိုက် ရရှိမည့်နိုင်ငံတော်၏ ဥပဒေ၊ စည်းမျဉ်းများအရ လွတ်လပ်စွာသွားလာခွင့်တို့ကို ရှင်းလင်းခဲ့ပါကြောင်း။

## အသိလွဲမှားမှုများ

၎င်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ပြန်လည်ပြောကြားခဲ့ပါကြောင်း၊ ပြောကြားစဉ်တွင် NV ကတ်ကိုင်ဆောင်သူများကို တစ်နိုင်ငံလုံး လွတ်လပ်စွာသွားလာခွင့် ပေးလိုက်သည်ဟူသော သဘောမျိုးပြောခြင်း မဟုတ်ပါကြောင်း၊ NV ကတ်ကိုင်ဆောင်သူများ၏ အခွင့်အရေးတွင် တစ်နိုင်ငံလုံး သွားလာခွင့်ရှိကြောင်း၊ သို့သော် ယာယီခရီးသွားလာခွင့် လက်မှတ်ပုံစံ(၄)ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာ၍ လွတ်လပ်စွာ ခရီးသွားလာခွင့်ရမည်ဟု ပြောကြားခဲ့ခြင်း ဖြစ်ပါကြောင်း၊ သို့သော် အချို့သော မီဒီယာများက မိမိပြောကြားချက် အပြည့်အစုံနှင့်တွဲ၍ မဖော်ပြဘဲ NV ကတ် ကိုင်ဆောင်သူများ မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာသွားလာခွင့်ရပြီဟု ထုတ်နုတ်ဖော်ပြခြင်းကြောင့် အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို တစိုက်မတ်မတ် အကောင်အထည်ဖော်နေသည့် ကာလအတွင်းတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဟန့်အတားဖြစ်စေမည့် မလိုလားအပ်သော ဝေဖန်မှုများနှင့် ပြည်သူလူထုအတွင်း အသိလွဲမှားမှုများ ဖြစ်စေခဲ့ပါကြောင်း။

## ထိထိရောက်ရောက်

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီအနေဖြင့် အကြံပြုချက်များတွင် ပါဝင်သော နိုင်ငံသားစိစစ်မှုကဏ္ဍကိုလည်း ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအတွင်း ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်မှုအရည်အချင်းနှင့် ပြည့်စုံသူများကို နိုင်ငံသားအခွင့်အရေးရရှိစေမည်ဖြစ်ပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဟု ခံယူ၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

## လွတ်လပ်စွာသွားလာခွင့်

ထို့အပြင် အကြံပြုချက်ပါကဏ္ဍများအနက် လွတ်လပ်စွာသွားလာခွင့်နှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတ်မှတ်ထားသော NV ကတ်ကိုင်ဆောင်သူများ ရရှိခံစားနိုင်သည့် အခွင့်အရေးရှုစ်ချက်တွင် ပါရှိပြီးဖြစ်သဖြင့် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်း စသည်တို့တွင် လက်လှမ်းမီရရှိနိုင်ပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

## IDP စခန်းများ ပိတ်သိမ်းရေး

ထို့အပြင် ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် နှစ်ရှည်လများ သီးခြားရှိနေခဲ့သောယာယီ IDP စခန်းများကို ပိတ်သိမ်း၍ ပြန်လည်နေရာချထားပေးနိုင်ပါက ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်မှု၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ သွားလာနိုင်မှုများရရှိပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်မည် ဖြစ်ပါကြောင်း၊ IDP စခန်းများကို ပိတ်သိမ်းနိုင်ပါက စခန်းတွင် နေထိုင်သူများ ဥပဒေနှင့်အညီ လွတ်လပ်စွာ



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

လုပ်ကိုင်နိုင်ပြီး ထောက်ပံ့မှုကို မှီခိုခြင်းမှ ကင်းလွတ်ကာ ဒေသကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် **IDP စခန်းများ ပိတ်သိမ်းရေး**ကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ မဟာဗျူဟာချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

## ဒုတိယအကြိမ်

လက်ရှိတွင် မြေပုံမြို့ တောင်ပေါ် IDP စခန်းပိတ်သိမ်းနိုင်ရေးအတွက် စခန်းအနီးမှာ နယ်စပ်ရေးရာဝန်ကြီးဌာနက နေအိမ်များ ဆောက်လုပ်နေပြီး ပေါက်တောမြို့ နီဒင် **IDP စခန်းများ ပိတ်သိမ်းနိုင်ရေး**အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်ပြီး စစ်တွေမြို့ သက္ကယ်ပြင် IDP စခန်း၊ စစ်တွေမြို့ ခေါင်းဒုက္ကာ IDP စခန်း(၁)နှင့်(၂)၊ ကျောက်တော်မြို့ နီဒင် IDP စခန်းတို့ရှိ စခန်းနေသူများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ NV ကတ် လုပ်ငန်းစဉ်တွင် ပါဝင်နိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်ချက်များကို လေးလ တစ်ကြိမ် ပြည်သူသို့ အစီရင်ခံတင်ပြရမည်ဟူသော ကော်မတီ၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်နှင့်အညီ ပထမအကြိမ် ပြည်သူသို့ အစီရင်ခံစာကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်က နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထုတ်ပြန်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် မေလတွင်လည်း ဒုတိယအကြိမ် အစီရင်ခံစာ ထုတ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်း။

## စုပေါင်းအား

သို့ဖြစ်၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများ အားလုံးအတွက် ပြန်လည်ထူထောင်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ကို ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အချိန်ယူ၍ ဆက်လက်ကြိုးစားဆောင်ရွက်သွားရမည့် လုပ်ငန်းများစွာ ကျန်ရှိသေးပါကြောင်း၊ အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုအဆင့်မှ လမ်းညွှန်ချက်များနှင့် ပြည်နယ်အဆင့်ရှိ အစိုးရတာဝန်ရှိသူများ၊ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများသည်လည်း ကိုက်ညီမှုရှိရန်လိုအပ်ပြီး အပြုသဘောဆောင်သည့် ပြောင်းလဲမှုရရှိအောင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်နိုင်ရန် စုပေါင်းအားဖြင့် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ဤကဲ့သို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်း၏ အကျိုးကျေးဇူးများကို ခံစားရမည့်သူများမှာ ရခိုင်ပြည်သူများပင် ဖြစ်ပါကြောင်း၊ အတိတ်က နာကြည်းဖွယ်များကို ကျော်လွှားပြီး လက်ရှိအခြေအနေကို သုံးသပ်၍ အကျိုးဖြစ်ထွန်းမှုများကို ဦးတည်သည့် တရားသောဥပဒေများစိုးမိုးသော အနာဂတ် ရခိုင်ပြည်နယ်၏ လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်စေရေးကို အားလုံး၏ စုပေါင်းအားကို အလေးထားလျက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို ရှင်းလင်းတင်ပြအပ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို အကောင်အထည်ဖော်နေခြင်းသည် မိမိတို့အစိုးရသစ် စတင်တာဝန်ယူစကပင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းစဉ်များနှင့် ဆက်စပ်ကိုက်ညီမှုရှိပြီး တူညီသော ဦးတည်ချက်ဖြစ်သည့် ရခိုင်တစ်ပြည်နယ်လုံး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိပြီး ငြိမ်းချမ်းမှုတ၍ သာယာဝပြောသော အနာဂတ်ဖြစ်ပေါ်လာစေရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ **ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) ထုတ်ပေးခြင်းအပါအဝင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ**ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်ခြင်း**နှင့် စပ်လျဉ်းသည့် သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

## အမည်စာရင်းတင်သွင်းနိုင်

ထို့ပြင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတွင် အဖွဲ့ဝင်အဖြစ် ဦးတင်မောင်မြင့်အား ခန့်အပ်တာဝန်ပေးလိုကြောင်း သဝဏ်လွှာ**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်သို့ အသိပေးတင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့အတူ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ်** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမော်ဌေးနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးမြင့်ဆွေတို့ကို ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ငြိမ်းချမ်းရေးနှင့် အလိုက်သင့်တွန်းလှန် လွန်မြောက်နိုင်စွမ်းရှိမှုတို့အတွက် အလုပ်အကိုင်နှင့် သင့်လျော်ကောင်းမွန်သော အလုပ်ဆိုင်ရာ တိုက်တွန်းချက် အမှတ်(၂၀၅)ကို မှတ်တမ်းတင်နိုင်ရေး**ကိစ္စနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

## မှတ်တမ်းတင်နိုင်ရေး

အဆိုပါ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ငြိမ်းချမ်းရေးနှင့် အလိုက်သင့်တွန်းလှန်လွန်မြောက်နိုင်စွမ်းရှိမှု တို့အတွက် အလုပ်အကိုင်နှင့် သင့်လျော်ကောင်းမွန်သော အလုပ်ဆိုင်ရာ တိုက်တွန်းချက်အမှတ်(၂၀၅)ကို မှတ်တမ်းတင်နိုင်ရေး** ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

ထို့ပြင် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော Framework Agreement of International Solar Alliance တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေး** ကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မြန်မာနိုင်ငံ၏ လက်ရှိသုံးစွဲနေသော Energy Mix တွင် ရေအားနှင့် သဘာဝဓာတ်ငွေ့တို့ကို အဓိကထား သုံးစွဲလျက်ရှိပြီး အနာဂတ် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များမှ ဓာတ်အားထုတ်ယူသုံးစွဲခြင်းအားဖြင့် နိုင်ငံ၏လိုအပ်နေသော ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

## အထောက်အကူပြုနိုင်

မိမိတို့နိုင်ငံသည် နေရောင်ခြည်အရင်းအမြစ်ပေါကြွယ်ဝသည့်အတွက် Energy Mix တွင် သင့်တင့်သော ရာခိုင်နှုန်းတစ်ခု ပါဝင်လာရန်၊ ရရှိနိုင်သော နေရောင်ခြည်စွမ်းအင်အရင်းအမြစ်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်နေသော နည်းပညာများကို လက်လှမ်းမီအသုံးပြုနိုင်ရန် ရည်ရွယ်၍ ISA သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ISA Framework Agreement တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းဖြင့် Solar မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနှင့် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော Framework Agreement of International Solar Alliance တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေး** ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

အလားတူ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုရေး**ကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအားလုံး လက်မှတ်ရေးထိုးပြီးဖြစ်သော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြစာချုပ် စတင်အာဏာသက်ဝင်စေရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများ ပြီးစီးပြီဖြစ်ကြောင်း အတည်ပြုသည့် အကြောင်း ပြန်ကြားစာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရန်လိုအပ်ပါသဖြင့် အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

## မှတ်တမ်းတင်

အဆိုပါ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုရေး** ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ တိုးချဲ့ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်း**တို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၁၈ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊**
**မွေးကြူဇင်(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ



**နေပြည်တော် မေ ၁၄**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်(National Development and Reform Commission-NDRC)၊ Foreign Capital and Overseas Investment ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. ZhengChiping နှင့် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Hong Liang ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းတည်ထောင်ရေးနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေး၊ အခြေခံစီးပွားရေးအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ကားလမ်း၊ ရထားလမ်းနှင့် သယ်ယူပို့ဆောင်မှုလုပ်ငန်းများ၊ လယ်ယာကဏ္ဍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်စီးပွားရေးဇုန်၊ စီးပွားရေးဇုန်များ ထူထောင်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းတည်ထောင်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးကျင်းပကာ အသေးစိတ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရာသီဝက် အပြောင်းအရွှေ့ကာလတွင် ရှမ်းယူနိုက်တက်အသင်း ကစားသမားသစ်များ ခေါ်ယူ

**ရန်ကုန် မေ ၁၄**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ၏ ရာသီဝက်အပြောင်းအရွှေ့ကာလကို မေ ၁ ရက်မှစ၍ ဖွင့်လှစ်လျက်ရှိပြီး ၂၀၁၇ ရာသီ အမှတ်ပေးနှင့် ရှုံး/ထွက်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရန်ကုန်အသင်းမှ တောင်ပံကစားသမား ဒေးဗစ်ဒန်းနှင့် ဆောင်လမန်ကို ခေါ်ယူလိုက်ပြီဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ဒေးဗစ်ဒန်းကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ဆောင်လမန်ကိုမူ ၂၀၁၉ ရာသီကုန်အထိ အငှားချခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီအစတွင် မျှော်မှန်းသလောက် ရလဒ်ကောင်းမွန်ခြင်းမရှိသောကြောင့် နည်းပြအပြောင်းအလဲလုပ်ခဲ့ပြီး ဧရာဝတီနှင့် ရန်ကုန်အသင်းနည်းပြချုပ်ဟောင်း မက်ဆီဒိုးနီးယားနိုင်ငံသား မာဂျန်ကို ခေါ်ယူထားသည်။ ဒေးဗစ်ဒန်းသည် ရန်ကုန်အသင်း စတင်တည်ထောင်ကတည်းက ပါဝင်ခဲ့သူဖြစ်ပြီး ဧပြီလတွင် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ကာ ရှမ်းယူနိုက်တက်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။ ဆောင်လမန်သည် ရာသီဝက်တွင် ရှမ်းယူနိုက်တက်အသင်းသို့ ၁၇ လ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**



## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကျောက်ဖြူခရိုင် စနဲမြို့ ဒေသခံများနှင့် တွေ့ဆုံ

**စစ်တွေ မေ ၁၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ မေ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ကျောက်ဖြူခရိုင် စနဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရ၏ နှစ်နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ဟန်ချက်ညီညီဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအနေဖြင့်လည်း မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြရန် ပြောကြားသည်။

ယင်းနောက် မြို့အုပ်ချုပ်ရေးမှူးက မြို့၏ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများက သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ မြို့အင်္ဂါရပ်နှင့်အညီ ဌာနဆိုင်ရာရုံးများ၊ လမ်းများနှင့် ဝန်ထမ်းအိမ်ရာများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးပြောကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စနဲမြို့ မြို့တော်ခန်းမ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ကျောက်ဆည်မြို့ ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကျောက်ဆည် မေ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးတွင် အချုပ်သားလူနာများ တက်ရောက်ဆေးကုသမှုခံယူရန်အတွက် အသစ်ဆောက်လုပ်ထားသော စံကိုက်အချုပ်သား လူနာဆောင် ပတ်ဝန်းကျင်သန့်ရှင်းသာယာစေရေးအတွက် မေ ၁၂ ရက် နံနက် ၈ နာရီက ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး ဝင်းသိန်း ဦးဆောင်ပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအချုပ်သား လူနာဆောင်ကို ကျောက်ဆည်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၏ အနောက်ဘက် မြေကွက်တွင် အလျားပေ ၄၀၊ အနံပေ ၂၀ ရှိ အာရ်စီတစ်ထပ်၊ အခန်း ငါးခန်းပါ စံကိုက်အဆောက်အအုံအဖြစ် ဆောက်လုပ်ထားပြီး အမှုရင်ဆိုင်နေရသော အချုပ်သားများ ဆေးကုသမှုခံယူရပါက အမျိုးသား လေးဦးနှင့် အမျိုးသမီးလေးဦးတို့အား တစ်ပြိုင်နက်ထားရှိကာ ဆေးဝါးကုသနိုင်ကြောင်းလည်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မင်းတပ်မြို့၌ ကလေးသူငယ်များအား အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေး ထိုးနှံ

**မင်းတပ် မေ ၁၄**

ချင်းပြည်နယ် မင်းတပ်မြို့တွင် ကလေးသူငယ်များအား အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးထိုးနှံပေးခြင်းကို မေ ၁၄ ရက် နံနက် ၁၀ နာရီက မင်းတပ်မြို့ပေါ်ရှိ ရပ်ကွက်များအတွင်းနှင့် ဘဝသစ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၌ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ(ဘီ)ပိုးကာကွယ်ဆေးကို ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအထိ မွေးဖွားကြသူများကိုသာ အသက်အပိုင်းအခြားအလိုက် ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ထိုးနှံပေးခြင်းဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**



## ဖားကန့်၌ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီအတွင်း မီးလောင်မှုဖြစ်ပွား



**ဖားကန့် မေ ၁၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ရတနာရွှေအိတ် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီအတွင်း မေ ၁၃ ရက် ညပိုင်းက မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရတနာရွှေအိတ်ကုမ္ပဏီနှင့် ကုမ္ပဏီဝန်ထမ်းများ လုပ်ခလစာ ညှိနှိုင်းမှု အဆင်မပြေခြင်းကြောင့် ကုမ္ပဏီဝန်ထမ်းများက ကုမ္ပဏီပိုင်ရုံးခန်းနှင့် လူနေအဆောင်များအား မီးရှို့ဖျက်ဆီးခဲ့၍ ကုမ္ပဏီရုံးခန်းအပါအဝင် လူနေအိပ်ဆောင် ငါးလုံး၊ ဘက်ဟိုးယာဉ်တစ်စီး၊ ဂါလန် ၂၄၀၀ ဆံ့ ဆီလှောင်တိုင်ကီခြောက်လုံးတို့ ပျက်စီးခဲ့ကြောင်းနှင့် ၎င်းဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူ ၄၉ ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ရတနာရွှေအိတ် ကျောက်မျက်ကုမ္ပဏီ၌ ယမန်နေ့မွန်းလွဲပိုင်းက ကုမ္ပဏီဝန်ထမ်းများက ရာသီကုန်လုပ်ကွက်သိမ်းချိန်ကို မေ ၁၅ ရက်တွင် ရပ်ဆိုင်းပေးစေလိုကြောင်း၊ အချိန်ပိုလုပ်ခများအား ရယူလိုကြောင်း တောင်းဆိုမှုများပြုလုပ်ခဲ့ပြီး ညှိနှိုင်းမှုအဆင်မပြေဖြစ်ရာမှ ဆန္ဒပြမှုများဖြစ်ပွားခဲ့ကြောင်း။

အဆိုပါ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီတွင် ဝန်ထမ်း ၂၅၀၀ ရှိသည့်အနက် ဝန်ထမ်း ၁၀၀၀ ခန့်က ည ၇ နာရီခွဲခန့်တွင် ကုမ္ပဏီရုံးခန်းနှင့် လူနေအဆောင်များအား ခဲများဖြင့် ပစ်ပေါက်ခြင်းနှင့် အခြားဖျက်ဆီးမှုများပြုလုပ်ခဲ့ရာ ကုမ္ပဏီလုံခြုံရေး တာဝန်ကျ နယ်မြေခံရဲတပ်ဖွဲ့က သေနတ်ဖြင့် ခြောက်လှန့်ဟန့်တားပစ်ခတ်ခဲ့သော်လည်း ပြန်လည်ထွက်ခွာသွားခြင်းမရှိဘဲ အဆောက်အအုံများ၊ ဘက်ဟိုးယာဉ်နှင့် ဆီလှောင်ကန်များအား မီးရှို့ခဲ့ကြကြောင်း၊ ည ၁၀ နာရီကျော်ခန့်တွင် တာဝန်ရှိသူများက မီးသတ်ယာဉ် ၁၀ စီးဖြင့် ဝင်ရောက်မီးငြိမ်းသတ်ခဲ့ပြီး ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ဖမ်းဆီးရမိသူ ၄၉ ဦးအနက် ဒဏ်ရာရရှိသူ သုံးဦး၊ သေဆုံးသူတစ်ဦးရှိခဲ့ပြီး အဆောက်အအုံများ၊ စက်ပစ္စည်းများအပြင် ကျောက်စိမ်းရိုင်း နှစ်တန်ခန့်နှင့် အခြားပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)၊ မြို့နယ်(ပြန်/ဆက်)**

# အောင်ပွဲရ မြန်မာ့ရိုးရာလှေလှော်အသင်းအား ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် မေ ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ(တရုတ်-တိုင်ပေ)တွင် မေ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် Asian Dragon Boat Championships International Open 2018 ပြိုင်ပွဲတွင် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် တစ်ခုဖြင့် မြန်မာကို ကမ္ဘာကသိအောင် ဂုဏ်ဆောင်နိုင်ခဲ့ပြီး အမြင့်ဆုံး အောင်မြင်မှုရယူပေးခဲ့သော အောင်ပွဲရ မြန်မာ့လှေလှော်အသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၃ ရက် ညနေ ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် City Golf Resort Hotel ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက 2018 Asian Dragon Boat Championships & Bitan International Open ဝင်ရောက်ယှဉ်ပြိုင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အောင်ပွဲရအားကစားသမားများအတွက် ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၁၅၀ နှင့် ပြိုင်ပွဲတွင် စံချိန်ချိုးခဲ့သည့် အားကစားနည်း သုံးမျိုးအတွက် ဆုငွေကျပ်သိန်း ၉၀ စုစုပေါင်း သိန်း ၂၄၀ တို့ကို ပေးအပ်ချီးမြှင့်၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးထံ အားကစားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Top Ten Star ကုမ္ပဏီလီမိတက် Executive Director ဦးအေးထွန်းရွှေ၊ ဦးသန်းထွန်းတို့က အလှူငွေကျပ် သိန်း ၅၀၊ Prime Residence ကုမ္ပဏီလီမိတက်၊ JL Group of Companies မှ ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက အလှူငွေကျပ်သိန်း ၅၀၊ ရွှေလျှံဝင်းကျောက်မျက်ကုမ္ပဏီလီမိတက်မှ MD ဒေါ်မြင့်မြင့်ဌေးက အလှူငွေ ကျပ်သိန်း ၅၀၊ JL Family အထပ်သား အရောင်းကိုယ်စားလှယ် (မန္တလေး)အဖွဲ့များက အလှူငွေကျပ် ၂၃ သိန်း၊ JL Family အထပ်သား အရောင်းကိုယ်စားလှယ် (ရန်ကုန်) အဖွဲ့များက အလှူငွေကျပ် ၂၃ သိန်းတို့ကို ပေးအပ်သည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ အားကစားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများကို Jewellery Luck Group of Companies မှ ဥက္ကဋ္ဌ ဦးကျော်စိန်သန်းက အလှူငွေ ကျပ်သိန်း ၂၀၀၊ စိမ်းလိုက် ကျောက်မျက်ကုမ္ပဏီလီမိတက်မှ MD နေဝင်းမောင်က အလှူငွေကျပ်သိန်း ၁၀၀၊ Majestic International ကုမ္ပဏီလီမိတက်မှ CEO ဦးစွမ်းသူမိုးနှင့် ဇနီးဒေါ်မိုးယုစံ(သရုပ်ဆောင်)က အလှူငွေကျပ် ၂၅ သိန်း၊ Nay La Pwint Service ကုမ္ပဏီလီမိတက်မှ MD ဦးအိုက်ပန်းနှင့် ဇနီး ဒေါ်မြင့်မြင့်ဝင်းက အလှူငွေကျပ် သိန်း ၂၀၊ ကိုးကန့်စာပေယဉ်ကျေးမှုအသင်းမှ နာယကကြီး ဦးလောစစ်မင်းက အလှူငွေကျပ်သိန်း ၂၀၊ ကိုးကန့်စာပေယဉ်ကျေးမှု အမျိုးသမီးအသင်းမှ ဒေါ်အားကြူနှင့် ဒေါ်ရန်မေယွီးက အလှူငွေကျပ် သိန်း ၂၀၊ ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် အဖွဲ့သားများအား လေယာဉ်လက်မှတ်များ ပံ့ပိုးကူညီပေးသည့် Golden Land Reas Estate ကုမ္ပဏီလီမိတက်မှ Mr. Lai မှ အလှူငွေ အမေရိကန်ဒေါ်လာ ၁၅၀၀၀၊ အောင်ပွဲရအားကစားသမားများနှင့် နည်းပြများအတွက် ၂၄ လက်မ ရုပ်မြင်သံကြားစက်အလုံး ၃၀ ကို OK Myanmar ဦးကျော်ကျော်လှိုင်တို့က ပေးအပ်သည်။



ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးမောင်မောင်စိုးထံ Myanmar One Belt One Road Chamber Of Commerce က အလှူငွေ ကျပ်သိန်း ၂၀၊ Thiri Myint Myat ကုမ္ပဏီ လီမိတက်မှ MD ဦးကိုကိုအောင်ဌေးက အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)က အလှူငွေကျပ် ၁၀ သိန်း၊ Go Together ကုမ္ပဏီလီမိတက် MD ဦးကျော်ကျော်လွင်က အလှူငွေကျပ် ၁၀ သိန်း၊ M - Development City ကုမ္ပဏီလီမိတက်က အလှူငွေကျပ် ၁၀ သိန်း၊ ရတနာတောင်တန်း ကုမ္ပဏီလီမိတက် MD ဦးသက်နိုင်က အလှူငွေကျပ် ၁၀ သိန်း၊ အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုညစာစားပွဲနှင့် LED Board များ ပြည့်စုံစွာ ပံ့ပိုးကူညီပေးသည့် ရွှေခမောက် Focus Media Myanmar က အလှူငွေကျပ် ၁၀ သိန်း၊ Myanmar One Belt One Road Association က အလှူငွေကျပ် ၁၀ သိန်း၊ KBZ က အလှူငွေကျပ်သိန်း ၅၀၊ Jasmine Palace က အလှူငွေကျပ် ၂၅ သိန်း၊ Famous၊ PMG၊ Ok စက်သုံးဆီ၊ Black Canyo and Strong Source၊ Super Seven Star၊ VIKIN ကုမ္ပဏီလီမိတက်၊ မြန်မာစည်းလုံးကုမ္ပဏီ + နီလာ ဒံပေါက်၊ ချယ်ရီဦးနာရီ၊ Naing Group ဆောက်လုပ်ရေး ကုမ္ပဏီ၊ ဝမင်းကုမ္ပဏီ၊ အာရှကမ္ဘာမြေသတ္တုတူးဖော်ရေး၊ Good Morning ဦးကြည်စိုး၊ ဇေပိုင်ကုမ္ပဏီဦးမောင်ဝိတ်၊ MGW ဦးဝင်းအောင်၊ ကိုရှုပနှင့်ဇနီးတို့က အလှူငွေကျပ် ၁၀ သိန်းစီတို့ကို အသီးသီးပေးအပ်သည်။

ထို့နောက် အောင်ပွဲရအားကစားသမားများကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ မသက်ဖြိုးနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ အားကစားလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ပြိုင်ပွဲအတွက် ထောက်ပံ့ကူညီပေးသည့် အလှူငွေ စုစုပေါင်း မြန်မာငွေကျပ် ၁၁၀၆ သိန်းနှင့် အမေရိကန် ဒေါ်လာ ၁၀၀၀ ရရှိခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

**✻ ရောဝတီမှ**

စမ်းသပ်သုတေသနလုပ်ရန် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သီးနှံအာမခံစမ်းသပ် လုပ်ကိုင်ရာတွင် သီးနှံမျိုးစုံရှိသည့်အနက် စပါးတစ်မျိုးတည်းကိုသာ ရွေးချယ်ပြီး အနီးဆုံး စိုက်ပျိုးရာသီမှ စတင်ပြီး လုပ်ကိုင်မည်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုကြောင့်ဖြစ်သော သီးနှံသတ်မှတ်အထွက်နှုန်းအောက် လျော့နည်းခြင်းကို ပေးလျော်သွားမည့်ပုံစံဖြစ်သည်။ ရာသီဥတုဖောက်ပြန်ခြင်းဆိုသည်မှာ ရွေးချယ်သတ်မှတ်ထားသော Pilot Area ၏ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သတ်မှတ်သည့် စံနှုန်းသတ်မှတ်ချက်သာ အတည်ဖြစ်မည်ဖြစ်ပြီး ယခုအခါတွင် သီးနှံအာမခံစမ်းသပ် လုပ်ကိုင်မည့် တိုင်းဒေသကြီးများအနက် မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်များကိုယ်တိုင် ဦးဆောင်ပါဝင်သည့် အစည်းအဝေးများကို ပြုလုပ်ဆွေးနွေးလျက်ရှိကာ အဆိုပါ အစိုးရအဖွဲ့များအနေဖြင့် သီးနှံအာမခံစမ်းသပ်လုပ်ကိုင်ရန် အထူးစိတ်ဝင်စားလျက်ရှိနေကြောင်း သိရသည်။

သီးနှံအာမခံနှင့်ပတ်သက်၍ မေ ၈ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ အစည်းအဝေး ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတဝန်ကြီး ဦးတင်အောင်ဝင်း၊ ညောင်တုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမိုး၊ ပုသိမ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အပါအဝင် ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီမှ ဒါရိုက်တာဦးစိုးဝင်းသန့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကာ အသေးစိတ်ဆွေးနွေးတိုင်ပင်ခဲ့ကြကြောင်း အဆိုပါအစိုးရအဖွဲ့မှ သိရသည်။

သီးနှံအာမခံအမျိုးအစားသစ်သည် နိုင်ငံတော်နှင့် တောင်သူအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အထူးအရေးပါနေသည့် ဧရာဝတီတိုင်းဒေသကြီးတွင် အမြန်စတင်အကောင်အထည်ဖော်သင့်ပြီး ယခုသီးနှံအာမခံ စမ်းသပ်လုပ်ကိုင်မည့်ကိစ္စကို အဖွဲ့အစည်းတစ်ခု အကျိုးစီးပွားဟုမမြင်ဘဲ အမျိုးသားအကျိုးစီးပွားဟု ခံယူကာ အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများကလည်း ဝိုင်းဝန်းပါဝင်ကူညီကြရမည်ဖြစ်ကာ လုပ်ရင်းကိုင်ရင်း အခက်အခဲများကို စုပေါင်းအဖြေရှာ ဖြေရှင်းသွားကြရန်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း Pilot Area အဖြစ် ဟင်္သာတခရိုင်အတွင်း အဆင်ပြေမည့် နေရာကိုရွေးချယ်လုပ်ကိုင်ရန်၊ တောင်သူများ သီးနှံအာမခံနှင့်ပတ်သက်၍ လွယ်ကူစွာ နားလည်သဘောပေါက်စေရန် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ကာ ပညာပေးလုပ်ဆောင်မှုမျိုး ပြုလုပ်စေလိုကြောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့သည်။

သီးနှံအာမခံနှင့်ပတ်သက်ပြီး ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီ ဒါရိုက်တာ ဦးစိုးဝင်းသန့်က သီးနှံအာမခံဒီဇိုင်းတစ်ခုကို ၂၀၁၆ ခုနှစ် အောက်တိုဘာလက စတင်ရေးဆွဲအဆိုပြုတင်ပြခဲ့ခြင်းဖြစ်ကာ ၂၀၁၇ ခုနှစ်မှစတင်ပြီး တောင်သူအသိပညာပေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လက်ရှိတွင် တောင်သူများအနေဖြင့် အသက်အာမခံ၊ မွေ့အန္တရာယ်အာမခံနှင့် သီးနှံအာမခံ စသော အာမခံဝန်ဆောင်မှုများကို ပိုမိုစိတ်ဝင်စားလျက်ရှိလာကြောင်း မကွေးမဲဆန္ဒနယ်မြေမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းက ပြောသည်။

**ဝဝ၁**

**❍ မြန်မာ့လက်ရွေးစင်အသင်းမှ**

တာဝန်ပေးအပ်ခံရဖွယ်ရှိသည့် ဦးစိုးမြတ်မင်းနှင့်အတူ လိုက်လံကြည့်ရှုခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အန်တွမ်နီဟေးကို မြန်မာ့လက်ရွေးစင်အသင်းနှင့်အတူ မြန်မာ ယူ-၂၃ အသင်းကိုပါ ပူးတွဲတာဝန်ပေးမည်ဖြစ်ပြီး နည်းပြသစ်သည် အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၃ အသင်းအား စတင်ကိုင်တွယ်ရမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲမတိုင်မီ ဩဂုတ်လဆန်းတွင် ရန်ကုန်မြို့၌ ကျင်းပမည့် လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲကို ပထမဆုံးယှဉ်ပြိုင်ရမည်ဖြစ်သည်။ အန်တွမ်နီဟေးသည် မြန်မာ့လက်ရွေးစင်အသင်းနှင့် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပမည့် ၂၀၁၈ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နည်းပြသစ် အန်တွမ်နီဟေးသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အာရှအားကစားပြိုင်ပွဲနှင့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရအောင် စွမ်းဆောင်ပေးရမည်ဖြစ်သည်။ အန်တွမ်နီဟေးသည် ၂၀၀၄ ခုနှစ်တွင် နည်းပြဘဝသို့ စတင်ကူးပြောင်းခဲ့ပြီး အာဖရိကအသင်းများကို အများဆုံးကိုင်တွယ်ခဲ့ကာ လီဆိုသို၊ ဂမ်ဘီယာ၊ လိုင်ဘေးရီးယား၊ ကင်ညာ၊ ရဝမ်ဒါလက်ရွေးစင်အသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးကာ မြန်မာအသင်းကို ကိုင်တွယ်ပါက အာရှအသင်းများကို ပထမဆုံး ကိုင်တွယ်မှုဖြစ်လာမည်ဖြစ်သည်။ ၎င်းသည် ကစားသမားဘဝတွင် ဂျာမနီ၊ အင်္ဂလန်ကလပ်အသင်းများတွင် ကစားခဲ့ဖူးကြောင်း သိရသည်။

**ရှိုင်းထက်ဇော်**



# တူးမြောင်းများ ဖောက်လုပ်ရာတွင် ပါဝင်သည့် လယ်ယာမြေများအတွက် နစ်နာကြေးများပေးအပ်

**ဖြူး မေ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ဖြူးချောင်းဆည်ရေပေးမြောင်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်ပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက်ပိုင်းက ဖြူးမြို့နယ်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ ဖြူးမြို့နယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၁)မှ ညွှန်ကြားရေးမှူး ဦးအောင်မြတ်မျိုးတို့က အသီးသီး အမှာစကားပြောကြားခဲ့ပြီး နစ်နာကြေးငွေများကို တောင်သူများအား ပေးအပ်ခဲ့သည်။**(အပေါ်ပုံ)**

ပေးအပ်ပွဲတွင် ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများ အပါအဝင် စုစုပေါင်း ၃၄၀ ခန့် တက်ရောက်ခဲ့ကြပြီး ကျေးရွာအုပ်စုငါးခုမှ တောင်သူ ၂၇၆ ဦး၏ ပါဝင်မြေ ၈၆ ဒသမ ၆၁ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်သိန်း ၂၀ နှုန်းဖြင့် နစ်နာလျော်ကြေးငွေကျပ် ၁၇၇၂ ဒသမ ၂ သိန်းအပြင် ကြံသီးနှံနှင့် ထန်းပင်များအတွက် သီးနှံလျော်ကြေးငွေကျပ် ၂၃ ဒသမ ၂၀၅ သိန်းကိုပါ ပေးအပ်ရာ စုစုပေါင်း နစ်နာကြေး လျော်ကြေးငွေကျပ် ၁၇၉၅ ဒသမ ၄၀၅ သိန်းကို တောင်သူများအား ပေးအပ်ခဲ့သည်။

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းများအားလုံးပြီးစီးပါက လယ်မြေဧက ၉၀၀၀၀ ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

# မြစ်ကြီးနား၊ ပူတာအိုနှင့် တာလောကြီးကျေးရွာတို့တွင် မီးလောင်မှုဖြစ်ပွား



**မြစ်ကြီးနား မေ ၁၄**
ကချင်ပြည်နယ်အတွင်း မေ ၁၄ ရက်က မြစ်ကြီးနားမြို့၊ ပူတာအိုမြို့နှင့် တာလောကြီးကျေးရွာတို့တွင် မီးလောင်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာနေ ဒေါ်ခင်မြိုင်(၇၈)နှစ်၏ နေအိမ်တွင် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ရေနွေးအိုးတည်ရာမှ နေအိမ်ထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကာ နေအိမ်တစ်လုံးနှင့် မီးဖိုချောင်တစ်လုံး မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ တာလောကြီးနယ်မြေ လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ဆန်းလင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁၂ နာရီ ၄၈ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့ပြီး ဒေါ်ခင်မြိုင်အား တာလောကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထို့အတူ ယနေ့မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် နယ်မြေ(၈)နေ ဒေါ်အားဆာမိ (၃၉)နှစ်၏ နေအိမ်တွင် တပ်ဆင်အသုံးပြုထားသည့် လျှပ်စစ်မီးပလပ်ခုံ အပူလွန်ကဲကာ အနီးရှိထရံအား မီးကူးစက်လောင်ကျွမ်းရာမှ လူနေအိမ်သုံးလုံး၊ စက်ရက်ကန်းရုံတစ်လုံးနှင့် စက်ရက်ကန်းစင် ငါးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ မြစ်ကြီးနားမီးသတ်စခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူ ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် သုံးစီး၊ သန္တေ မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့ဖြင့် ငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ဒေါ်အားဆာမိအား အမှတ်(၂)ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ယနေ့မွန်းလွဲ ၂ နာရီက ပူတာအိုခရိုင် ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်(၄)နေ ဦးအင်ထက်ဇော်ဖန်၏နေအိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်သို့ မီးကူးစက်ရာမှ နေအိမ်တစ်လုံးနှင့် မီးဖိုချောင်တစ်လုံး မီးလောင်ကျွမ်းခဲ့ရာ ပူတာအိုမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးနိုင်ဝင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီးဖြင့် ငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ဦးအင်ထက်ဇော်ဖန်အား ပူတာအိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၄**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၃၇ စီး၊ သွင်းကုန် ၈၅၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၇၀၊ သွင်းကုန် ၂၀၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂၃၃ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၈၂၃ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် စံလောင်းကျေးရွာအနီး၌ ရပ်တန့်ထားသော ALPHARD မော်တော်ယာဉ် တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက် ခွဲစရေ ၁၇ တုံး (သုည ဒသမ ၄၁၄၄ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၂၄၃ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မလှိုင်မြို့နယ်တွင် မိုးကြိုးပစ်ခံရ၍ နှစ်ဦး သေဆုံး

**မိတ္ထီလာ မေ ၁၄**
မလှိုင်မြို့နယ် ကျောက်ဖူးကျေးရွာကားဂိတ်၌ မေ ၁၃ ရက် ည ၈ နာရီခွဲက မိုးသက်လေပြင်းကျရောက်ပြီး မိုးကြိုးပစ်ခံရ၍ လူနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မလှိုင်မြို့နယ် ကျောက်ဖူးကျေးရွာနေ ဦးဝင်းရွှေက မလှိုင်-မိတ္ထီလာသွားကားလမ်းဘေး မိုင်တိုင်အမှတ် (၁၇/၂)နှင့်(၁၇/၃)အကြား ကျောက်ဖူးကားဂိတ်တွင် လူနှစ်ဦးမိုးကြိုးပစ်ခံရ၍ သေဆုံးသွားကြောင်း ဖုန်းဖြင့် အကြောင်းကြားချက်အရ ရဲကင်းစခန်း(ဆည်တို)မှ ရဲအုပ်လှမြင့်နှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးမြင့်မောင် (၅၈)နှစ် ရန်ကုန်မြို့နေသူနှင့် မဌေးဌေးမော်(၃၂)နှစ် အား/ကာ (ဝန်ထမ်း) ရန်ကုန်မြို့နေသူတို့ နှစ်ဦးမှာ ရန်ကုန်သို့ပြန်ရန် ကားဂိတ်၌ ကားစောင့်နေစဉ် မိုးသက်လေပြင်းကျရောက်ပြီး မိုးကြိုးပစ်ခံရ၍ ဦးမြင့်မောင်တွင် လည်ပင်းဝဲဘက် ညိုမည်းဒဏ်ရာ၊ မဌေးဌေးမော်တွင် လည်ပင်းပတ်လည် ညိုမည်းဒဏ်ရာများရရှိပြီး သေဆုံးနေသည်ကိုတွေ့ရှိ၍ မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ်(၁/၂၀၁၈)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ခိုးမှုကျူးလွန်ထားသူများကို ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှု ၂၇ မှု ဖော်ထုတ်နိုင်

**ရန်ကုန် မေ ၁၄**
ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိသူများကို ဖမ်းဆီးစစ်ဆေးရာမှ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ မရမ်းကုန်းမြို့နယ်များအတွင်းမှ ခိုးမှု ၂၇ မှုကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူ မရမ်းကုန်းမြို့နယ်နေ ကြည်မျိုးလွင်(ခ)တွတ်ပီ၊ ဇေယျာဝင်း(ခ)ဇေယျာ(ခ)ကုလား၊ သန်းအေးနှင့် ဒေါပုံမြို့နယ်နေ ဖိုးလပြည့်(ခ)ဝသုန်မိုးတို့အား မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက ဧပြီ ၂၃ ရက် နံနက် ၁ နာရီခွဲတွင် ၎င်းတို့နေထိုင်ရာ နေအိမ်များမှ ဖမ်းဆီးရမိ ခဲ့သည်။

ဖမ်းဆီးရမိသူ ကြည်မျိုးလွင်(ခ)တွတ်ပီပါ လေးဦးတို့အား စစ်ဆေးခဲ့ရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းက မြောက်ဥက္ကလာပမြို့နယ်နှင့် ၂၀၁၈ ခုနှစ် မတ်လအတွင်းက မြောက်ဥက္ကလာပမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ၂၀၁၈ ခုနှစ် ဧပြီလအတွင်းက မြောက်ဥက္ကလာပမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ မရမ်းကုန်းမြို့နယ်များမှ လက်ကိုင်ဖုန်း ၂၈ လုံး ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ ကြည်မျိုးလွင်(ခ)တွတ်ပီပါ လေးဦးတို့အား မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ မရမ်းကုန်းမြို့မရဲစခန်းတွင် အမှုများအသီးသီးရေးဖွင့် အရေးယူဆောင်ရွက်လျက်ရှိပြီး အမှုများမှ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။



**ဖိုးလပြည့်၊ ကြည်မျိုးလွင်၊ ဇေယျာဝင်း၊ သန်းအေးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။**

**သတင်းစဉ်**

# ကျပ်သန်း ၆၀၀ ကျော်တန်ဖိုးရှိ အကောက်ခွန်မဲ့ မိုဘိုင်းဖုန်းနှင့် လျှပ်စစ်ပစ္စည်းများ သိမ်းဆည်းရမိ

**ရန်ကုန် မေ ၁၄**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ် ဆောင်ရွက်မှုများကို အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးစီးသည့် အထူးစစ်ဆေးရေးအဖွဲ့များက မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် စစ်ဆေးလျက်ရှိရာ ခရီးသည်တင်ယာဉ် နှစ်စီးပေါ်တွင် တင်ဆောင်လာသည့် အကောက်ခွန်မဲ့ပစ္စည်း စုစုပေါင်းတန်ဖိုး ကျပ်သန်း ၆၀၀ ကျော်ရှိ မိုဘိုင်းဖုန်း၊ လျှပ်စစ်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

စစ်ဆေးရေး စခန်းများအား ရှောင်ကွင်း၍ တရားမဝင် ကုန်ပစ္စည်းများ တင်သွင်း၊ တင်ပို့လျက်ရှိကြောင်းနှင့် ကျသင့်ခွန်ပေးဆောင်ထားသည့် ကုန်စည်များထက် ပိုမိုတင်ဆောင်နေကြောင်း သတင်းများအရ ရှောင်တခင်စစ်ဆေးဖမ်းဆီးမှု ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၆ ရက်က မန္တလေးသို့ ဝင်ရောက်လာသည့် ခရီးသည်တင်ယာဉ် နှစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ မိုဘိုင်းဖုန်းအမျိုးအစားစုံနှင့် ဆက်စပ်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅ ဒသမ ၈၈၂ သန်းခန့်နှင့် အလားတူ နံနက် ၉ နာရီခန့်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၄၂)တွင် မန္တလေးသို့ ဝင်ရောက်လာသည့် ခရီးသည်တင်ယာဉ် နှစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ မိုဘိုင်းဖုန်း၊ လျှပ်စစ်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၆ ဒသမ ၄၀၂ သန်းခန့် (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈၂ ဒသမ ၂၈၄ သန်းခန့်)ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ဝဝ၁**

# မြန်မာ့ရုပ်မြင်သံကြား

**၁၅-၅-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | "ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာ ပျူမြို့ဟောင်းဆီသို့" |
| ၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "မြန်မာတရားလမ်းဓမ္မသတ်ချုပ် ဆွေးနွေးခန်း" (၁) (ဦးဟန်ညွန့်(ဥပဒေ၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်) [(ဒါရိုက်တာ-ဝေဠု(ဝသန်)] |
| ၉း၁၀ | ရာဇဝင်ထဲက သမိုင်းအနုပညာ "ယဉ်ကျေးမှုမြို့တော်မှ အဖိုးတန်ပြယုဂ်များ"(အပိုင်း-၄) (သင်္ဂဇာကျောင်းတိုက်) |
| ၉း၃၀ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၀ | "ကော်ဖီသုတေသနမှသည် ကော်ဖီကဏ္ဍတိုးတက်ဖို့ မျှော်ရည်" |
| ၁၁း၁၀ | "ကရင်ရိုးရာခရုဟင်း" |
| ၁၁း၂၀ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ဝုန်းပစ်လိုက်မယ်" (ကျော်ရဲအောင်၊ ကျော်ကျော်ဗို၊ ရဲလေး၊ မိုးအောင်ရင်၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သင်ဇာဝင့်ကျော်၊ ဘေဘီမောင်) (ဒါရိုက်တာ-ခင်စောမျိုး) |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၇) |
| ၁၃း၄၀ | Yes or No Talk Show |
| ၁၄း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့် ဓားဘုရင်" (မိုးနတ်မင်းရဲ့ဒေါသမာန်) (အပိုင်း-၇) (ဇာတ်သိမ်း) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၉) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | YTN(Science) "သဘာဝနှင့် လူသားယှဉ်တွဲနေထိုင်ခြင်း" |
| ၁၇း၂၀ | "လူထုအခြေပြုမှသည် ပျော်ရွှင်ခြင်းခရီးစဉ်များသို့ရည်" |
| ၁၇း၃၀ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (သရုပ်ဆောင်-အောင်ရဲလင်း) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၈) |
| ၁၉း၅၅ | "CHOICE" (အပိုင်း-၆၆) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "မူပိုင်ခွင့်အကြောင်း သိကောင်းစရာ" (ကုန်အမှတ်တံဆိပ် အကြောင်းသိကောင်းစရာများ) - အနုပညာခန်းရိပ်သာ "ဗိုလ်ကလေးတင့်အောင်နှင့် တွေ့ဆုံမေးမြန်းခန်း" - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း-၁၀) - အစီအစဉ်ပြီး၏။ |



# ပရီမီယာလိဂ်တစ်နှစ်တာသွင်းဂိုးအများဆုံးဆုကို လီဗာပူးတိုက်စစ်မှူး ဆာလတ် ဆွတ်ခူး



## တစ်ရာသီ သွင်းဂိုး ၃၀ သွင်းပြီး ရွှေဖိနပ်ဆုမရရှိသည့် ပထမဆုံးကစားသမား ဟယ်ရီကိန်း ဖြစ်လာ

လီဗာပူးတိုက်စစ်မှူး ဆာလတ်သည် ယခုနှစ်ဘောလုံးရာသီအတွင်း သွင်းဂိုး ၃၂ ဂိုးဖြင့် ပရီမီယာလိဂ် ရွှေဖိနပ်ဆုရှင်ဖြစ်ခဲ့ရာ ယခင်က ပရီမီယာလိဂ် တစ်နှစ်တာသွင်းဂိုးအများဆုံးဆုရှင်များဖြစ်သည့် အလန်ရှီးယား၊ စီရိုနယ်လ်ဒို၊ ဆွာရက်ဇ်တို့၏ တစ်ရာသီသွင်းဂိုး ၃၁ ဂိုးဖြင့် သွင်းဂိုးအများဆုံး ရရှိခဲ့သည့် မှတ်တမ်းတစ်ရပ်ကိုပါ ချိုးဖျက်နိုင်ခဲ့သည်။

ဆာလတ်မှာ ဘရိုက်တန်နှင့် ပွဲစဉ်တွင် လီဗာပူးအတွက် အဖွင့်ဂိုးကို သွင်းယူနိုင်ခဲ့ပြီးနောက် သူ၏ တစ်ရာသီသွင်းဂိုးမှာ ၃၂ ဂိုးအထိ ရောက်ရှိလာခဲ့ပြီး စပါးတိုက်စစ်မှူး ဟယ်ရီကိန်းထက် နှစ်ဂိုးအသာဖြင့် ပရီမီယာလိဂ် ရွှေဖိနပ်ဆုရှင် ဖြစ်လာခဲ့ခြင်းဖြစ်သည်။ စပါးက လက်စတာကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်းမှာ သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပရီမီယာလိဂ်ရွှေဖိနပ်ဆုကိုမူ ဆာလတ်ထံ လက်လွှဲခဲ့ရသည်။ ယင်းသို့ ဆာလတ်နှင့် ဟယ်ရီကိန်းတို့ ယခုလို သွင်းဂိုးများ အပြိုင်အဆိုင်သွင်းယူနိုင်ခဲ့ခြင်းကြောင့် တစ်ရာသီထဲ ပရီမီယာလိဂ်သွင်းဂိုး ၃၀ နှင့်အထက် သွင်းယူနိုင်ခဲ့သည့် ကစားသမားတစ်ဦးအထက် ပေါ်ထွက်ခဲ့သည့် ပထမဆုံးရာသီအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့သည်။

ဟယ်ရီကိန်းမှာ ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၃၀အထိ သွင်းယူနိုင်ခဲ့သော်လည်း ရွှေဖိနပ်ဆုကို လက်လွှတ်ခဲ့ရာ သွင်းဂိုး ၃၀ ရရှိသည့် ကစားသမား ရွှေဖိနပ်ဆုမရရှိခဲ့သည့် နောက်ထပ်မှတ်တမ်းသစ်တစ်ရပ်လည်း ဖြစ်လာခဲ့သည်။ ဟယ်ရီကိန်းမှာ ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတို့တွင် သွင်းဂိုး ၂၅ ဂိုးနှင့် ၂၉ ဂိုးတို့ဖြင့် နှစ်ရာသီဆက်တိုက် ပရီမီယာလိဂ် ရွှေဖိနပ်ဆုကို ရယူနိုင်ခဲ့သော်လည်း ယခုရာသီတွင် သွင်းဂိုး ၃၀ ပြည့် သွင်းယူနိုင်ခဲ့ပြီးမှ ရွှေဖိနပ်ဆုကို မရရှိခဲ့ခြင်းလည်း ဖြစ်လာခဲ့သည်။ ဟယ်ရီကိန်းက ပြီးခဲ့သည့် ဧပြီလအတွင်း စတုတ်နှင့် ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် အဲရစ်ဆန်၏ ဂိုးအဖြစ် သတ်မှတ်ခံရသည့် ဂိုးမှာ သူနှင့် ထိပြီးမှ ဝင်သွားခြင်းဖြစ်သည့်အတွက် သူ၏ သွင်းဂိုးအဖြစ် သတ်မှတ်ပေးရန် တောင်းဆိုခဲ့သေးသည်။




## အသင်းပိုင်ရှင် စတန်းခရွန်ကီလည်း ဝင်းဂါးနောက်လိုက်ရမည့်သူဟု အာဆင်နယ်ပရိသတ်များ သတိပေး

အာဆင်နယ်ပရိသတ်တွေက ကာလရှည်ကိုင်တွယ်ခဲ့တဲ့ ဝါရင့်နည်းပြကြီး ဝင်းဂါးကို အာဆင်နယ်နဲ့ လက်တွဲဖြုတ်ဖို့ အောင်အောင်မြင်မြင် ဖိအားပေးနိုင်ခဲ့ပြီးနောက် တနင်္ဂနွေနေ့က ဟက်ဒါဖီးလ်ဒ်နဲ့ ပွဲစဉ်မှာလည်း အသင်းပိုင်ရှင် စတန်းခရွန်ကီကို နောက်ထပ် သတိပေးလိုက်ပြန်ပါတယ်။ ဒရုန်းမှာ တံခွန်တပ်ပြီး အဲဒီပေါ်မှာ "ခရွန်ကီရေ၊ ခင်ဗျားက နောက်အလှည့်ပဲ"ဆိုတဲ့ စာသားကို ရေးသားပြီး ဟက်ဒါဖီးလ်ဒ်ရဲ့ ကွင်းပေါ်မှာ ပျံဝဲစေခဲ့တာဖြစ်ပြီး ဒါကိုပဲ မီဒီယာသမားတွေက အမိအရ ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြပါတယ်။

အသက် ၇၀ အရွယ် အမေရိကန်သူဌေးကြီး ခရွန်ကီကတော့ သူ့ကို အင်တာဗျူးပြုလုပ်စဉ်မှာ ဒီကိစ္စကို နှုတ်ဆိတ်နေခဲ့တာကို တွေ့ရပါတယ်။ ဥဇဘတ်ကစ္စတန်မှာ မွေးဖွားတဲ့ ရုရှားဘီလျံနာ အူစမာနော့ဗ်က အာဆင်နယ်ရဲ့ ရှယ်ယာ ၃၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ပြီး ၆၇ ရာခိုင်နှုန်းကိုတော့ ခရွန်ကီက ပိုင်ဆိုင်တာဖြစ်ပါတယ်။ ပရိသတ်အများစုကတော့ ခရွန်ကီထက် အူစမာနော့ဗ်သာ အသင်းရဲ့ပိုင်ရှင်ဖြစ်စေလိုကြပြီး အသင်းပိုင်ရှင် အပြောင်းအလဲဖြစ်မှသာ အာဆင်နယ်ရဲ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုပုံစံတွေ ပြောင်းလဲသွားမယ်လို့ ယုံကြည်နေကြတာဖြစ်ပါတယ်။

**မေလှဲ့သင်း-ရေးသားသည်**

# ပီအက်စ်ဂျီစူပါစတား နေမာကို ခေါ်ယူရန်အတွက် ပေါင်သန်း ၂၀၀ ကျော်အထိ မန်ယူပေးမည်ဟုဆို

ဘာရာဇီးတိုက်စစ်မှူး နေမာ လက်ရှိကလပ် ပီအက်စ်ဂျီအသင်းကနေ ထွက်ခဲ့မယ်ဆိုရင် နေမာကို ခေါ်ယူစာချုပ်ဖို့ ရီးယဲလ်မက်ဒရစ်အသင်းက ပစ်မှတ်ထားနေတာဖြစ်ပြီး အခုအချိန်မှာတော့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အပြိုင် မန်ယူအသင်းကလည်း ခေါ်ယူဖို့ စီစဉ်နေပါတယ်။

တိုက်စစ်မှူး နေမာကို ခေါ်ယူမယ်ဆိုရင် အနည်းဆုံးပြောင်းရွှေ့ကြေး ပေါင် သန်း ၂၀၀ အထိ ကုန်ကျမှာဖြစ်တာကြောင့် မန်ယူအသင်းကလည်း အိုးထရက်ဖို့ဒ်အရောက် နေမာကို ခေါ်ယူနိုင်ခဲ့မယ်ဆိုရင် အခုလက်ရှိရနေတဲ့ တစ်နှစ်လုပ်ခလစာ ပေါင်သန်း ၃၀ ပေးမယ်လို့ အတိအလင်း ကြေညာထားပါတယ်။

တိုက်စစ်မှူး နေမာဟာ ပြီးခဲ့တဲ့နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းက ဘာစီလိုနာအသင်းကနေ ပီအက်စ်ဂျီအသင်းက ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ၁၉၈ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး အဲဒီလိုမခေါ်ယူခင်ကတည်းက ရီးယဲလ်မက်ဒရစ်အသင်းက စိတ်ဝင်စားနေတာဖြစ်တဲ့အတွက် အသက် (၂၆) နှစ်အရွယ် နေမာကို ခေါ်ယူနိုင်လိမ့်မယ်လို့ ရီးယဲလ်မက်ဒရစ်အသင်းက ယုံကြည်ထားတယ်လို့ သိရပါတယ်။

ဒါပေမယ့် မန်ယူအသင်းကတော့ တိုက်စစ်မှူး နေမာရဲ့ ဖခင်ဖြစ်သူနဲ့ ဆက်ဆံရေးပြေလည်မှုကနေတစ်ဆင့် ချဉ်းကပ်နေတာဖြစ်ပြီး တစ်နေ့နေ့တစ်ချိန်ချိန်မှာ နေမာကို မန်ယူအသင်းအတွက် ကစားခွင့်ပေးလိမ့်မယ်လို့လည်း မျှော်လင့်ထားပါတယ်။ ဒ့ါအပြင် နေမာရဲ့ ဖခင်ကိုယ်တိုင်က မန်ယူအသင်းရဲ့ ပရိသတ်တစ်ဦးလို့လည်း သတင်းတွေက ဖော်ပြထားပါတယ်။

တိုက်စစ်မှူး နေမာ ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာလိမ့်မယ်ဆိုတဲ့သတင်းတွေဟာ နေမာနဲ့ နည်းပြ အမ်မရီတို့အကြား ဖြစ်ပေါ်ခဲ့တဲ့ ဆက်ဆံရေးမပြေလည်မှုတွေကြောင့်ဖြစ်ပြီး ဒါပေမယ့် နည်းပြ အမ်မရီ ရာသီကုန်မှာ ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာမယ်လို့ သိရပေမယ့် တိုက်စစ်မှူး နေမာရဲ့ ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာမယ်ဆိုတဲ့ စိတ်ဆန္ဒကတော့ ပြောင်းလဲသွားခြင်းမရှိခဲ့ပါဘူး။ အဲဒါကြောင့် တိုက်စစ်မှူး နေမာ အသင်းကနေထွက်ခွာမယ်ဆိုတာ နည်းပြ အမ်မရီနဲ့ မသက်ဆိုင်ဘူးဆိုတာကို ဖော်ပြနေခြင်းလို့ ဆိုရမှာပါ။

တိုက်စစ်မှူး နေမာဟာ ပီအက်စ်ဂျီအသင်းနဲ့ စာချုပ်သက်တမ်း လေးနှစ်ကျန်ရှိနေသေးပြီး ခြေထောက်ဒဏ်ရာရရှိခဲ့တာကြောင့် ဖေဖော်ဝါရီလကတည်းက ပီအက်စ်ဂျီအသင်းနဲ့အတူ မကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ပွဲပေါင်း ၂၀ ပါဝင်ကစားပေးခဲ့ပြီး ၁၉ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်အစောပိုင်းက ထွက်ပေါ်လာတဲ့ ပြင်သစ်သတင်းတွေအရကတော့ တိုက်စစ်မှူး နေမာရဲ့ ဖခင်က သူ့ရဲ့သားကို စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့ကစားဖို့ တောင်းဆိုခဲ့တယ်လို့ ဖော်ပြကြပါတယ်။ ကစားသမားကိုယ်တိုင်ကတော့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အသံထွက်လာခဲ့တာ မရှိသေးပါဘူး။

ရီးယဲလ်မက်ဒရစ်အသင်းဟာ လက်ရှိမှာ လာလီဂါအမှတ်ပေးဇယားမှာ ထိပ်ဆုံးက ရပ်တည်နေတဲ့ ဘာစီလိုနာအသင်းရဲ့အောက် တတိယနေရာမှာ ရမှတ် ၁၈ မှတ် အကွာနဲ့ ရပ်တည်နေပါတယ်။ ဒါကြောင့် လာလီဂါမှာ ဘာစီလိုနာကို အကောင်းဆုံး ယှဉ်ပြိုင်နိုင်ရေးနဲ့ လာလီဂါဖလားရရှိရေးအတွက် နေမာကို ပစ်မှတ်ထားနေတာဖြစ်ပြီး ပေါင်သန်း ၂၀၀ ကျော် အနည်းဆုံးကုန်ကျမှာဖြစ်ပါတယ်။

အဲဒီလို ရီးယဲလ်မက်ဒရစ်အသင်းနဲ့ မန်ယူအသင်းတို့က တိုက်စစ်မှူး နေမာကို ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းနေကြပေမယ့် ပီအက်စ်ဂျီအသင်းကတော့ ရောင်းချမှာ မဟုတ်ကြောင်းနဲ့ တိုက်စစ်မှူး နေမာ ပီအက်စ်ဂျီအသင်းမှာ ဆက်ရှိနေဖို့ ရာခိုင်နှုန်းနဲ့ ပြောခဲ့ရမှာတော့ ရာပြည့်ကို ကျော်လွန်ပြီး ၂၀၀၀ ရာခိုင်နှုန်းအထိလို့တောင် ဆိုထားပါတယ်။



## ဂိုးသမားအီဒါဆန် မန်စီးတီးအသင်းနှင့် စာချုပ်သစ်ချုပ်ဆို

ဂိုးသမား အီဒါဆန်သည် လက်ရှိကလပ် မန်စီးတီးအသင်းနှင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။ အီဒါဆန်သည် ဘင်ဖီကာအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သည့် ဂိုးသမားတစ်ဦးဖြစ်ပြီး လက်ရှိတွင် မန်စီးတီးအသင်းနှင့် နှစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အီဒါဆန်သည် မန်စီးတီးအသင်း ပရီမီယာလိဂ်ဆုဖလားရရှိခဲ့ရာတွင် အဓိက ပါဝင်ခဲ့သည့် ကစားသမားတစ်ဦးလည်း ဖြစ်ခဲ့ပြီး ယခုစာချုပ်သစ်ချုပ်ဆိုလိုက်ခြင်းကြောင့် ၂၀၂၅ ခုနှစ်အထိ မန်စီးတီးအသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းနှင့်အတူ ပါဝင်လာရန် ဂိုးသမား အီဒါဆန် အနေဖြင့် မျှော်လင့်လျက်ရှိပြီး အသက် (၂၄) နှစ်အရွယ်သာရှိသေးခြင်းကြောင့် ကမ္ဘာ့ဘောလုံးလောကတွင် ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်အဖြစ် သုံးသပ်သူများက ခန့်မှန်းထားကြသည်။

**ငွေကြယ်-ရေးသားသည်**

# မန္တလေးတက္ကသိုလ်အတွက် မြို့မငြိမ်းရဲ့ သီချင်းတစ်ပုဒ်

ဆူးငှက်



၁၂၈၂ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ၅ရက်) နေ့မှာ ရန်ကုန်တက္ကသိုလ်က တက္ကသိုလ်အက်ဥပဒေကို မကျေနပ်လို့ သပိတ်မှောက်ကြတယ်။ ကျောင်းသား ကိုဘဦး အပါအဝင် ၁၁ ဦးက ဦးဆောင်ပြီး သပိတ်မှောက်ကြတာပါ။ ဒီပထမကျောင်းသားသပိတ်ဟာ မြန်မာနိုင်ငံရဲ့ ပညာရေးဆိုင်ရာ အသိအမြင်တွေကို ပထမဆုံးစတင်ထိုးဖောက်ကာ အမြင်ကျယ်စေတဲ့ သမိုင်းဝင် လှုပ်ရှားမှုကြီးပါပဲ။ ကိုယ့်နိုင်ငံရဲ့ ကြမ္မာကို ကိုယ့်ဘာသာ စီမံခန့်ခွဲနိုင်ဖို့ ကိုယ်ပိုင်အတွေးအခေါ် မြှင့်တင်ရေးမှာ အမျိုးသားပညာရေးက အရေးပါကြောင်း လှုံ့ဆော်လိုက်တဲ့ လှုပ်ရှားမှုကြီးလည်း ဖြစ်ခဲ့တယ်။ ဒါကြောင့် ပထမကျောင်းသားသပိတ်ကြီးအပြီး ရန်ကုန်မှာ ဗဟန်းအမျိုးသားကောလိပ်နဲ့ အမျိုးသားကျောင်းများအပြင် တစ်ပြည်လုံးအတိုင်းအတာအထိ၊ အမျိုးသားကျောင်းတွေ ဖွင့်လှစ်နိုင်ခဲ့ကြတယ်။

**ပထမကျောင်းသားသပိတ်ကြီးရဲ့ အသီးအပွင့်**

ဒါကြောင့် ၁၂၈၃ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက် (၁၉၂၁ ခုနှစ် အောက်တိုဘာ ၂၄ရက်)ကမန္တလေးမှာ ကျင်းပတဲ့ နဝမမြောက် ဂျီစီဘီအေအသင်း အစည်းအဝေးကြီးမှာ ပထမကျောင်းသားသပိတ်ကြီး စတင်တဲ့ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်နိုင်ဖို့ အတည်ပြုနိုင်ခဲ့တယ်။ ဒါကြောင့် ၁၂၈၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့က စတင်ပြီး တစ်ပြည်လုံးအတိုင်းအတာနဲ့ အမျိုးသားအောင်ပွဲနေ့တွေ စတင်ကျင်းပခဲ့ကြတယ်။ နောင်တစ်ချိန်မှာ ပထမကျောင်းသားသပိတ်ကြီးရဲ့ အသီးအပွင့်ဖြစ်တဲ့ အမျိုးသားကျောင်းတွေက အမျိုးသားအောင်ပွဲနေ့တွေကို ထူးထူးခြားခြား ကျင်းပခဲ့ကြတာလည်း အထင်အရှားပါပဲ။

ပထမကျောင်းသားသပိတ်ကြီးကြောင့် အမျိုးသားကျောင်းတွေ ဖွင့်လှစ်ရာမှာ မန္တလေးက ဆရာကြီးဦးရာဇတ်ဦးဆောင်ပြီး တက်ကြွစွာပါဝင်ခဲ့တယ်။ ဒါ့အပြင် မန္တလေးမှာ (၁) လမ်း ၈၀ နဲ့ ၈၁ လမ်းကြား၊ လမ်း ၃၀ နဲ့ ၃၁ လမ်းကြား၊ အထက်ဆင့်ဝင်းထဲက ဗဟိုပိဋကတ်တိုက်အဆောက်အအုံကြီးမှာ ဖွင့်လှစ်တဲ့ ဗဟိုအမျိုးသားကျောင်း၊ (၂) လမ်း ၈၀ တရုတ်တန်း၊ လမ်း ၃၀ နဲ့ ၃၁ လမ်းကြား၊ ဦးစိုးမင်းတိုက်မှာဆရာမကြီး ဒေါ်စောအုံကျောင်းအုပ်အဖြစ် ဆောင်ရွက်တဲ့ နေရှင်နယ် အမျိုးသမီးကျောင်း၊ (၃) ဆိုင်းတန်း သဘော်တန်းရပ်မှာ နေရှင်နယ်အလယ်တန်းကျောင်းနဲ့ (၄) ညောင်ပင်ဈေးမှာ ညောင်ပင်ဈေးနေရှင်နယ်ကျောင်း ဆိုပြီး လေးကျောင်းဖွင့်လှစ်ခဲ့တယ်။ မန္တလေးက အမျိုးသားကျောင်းတွေဟာ ဆရာကြီး ဦးရာဇတ်ရဲ့ အမြော်အမြင်ကြောင့် ဂျီစီဘီအေကြီးနှစ်ခြမ်းအကွဲ၊ အမျိုးသားကျောင်းများ အထောက်အပံ့ခံရေး၊ မခံရေး သဘောထားကွဲမှုမှာ ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီး တည်တံ့ခဲ့တယ်။ ဒီကနေ့အထိ အမှတ် (၂) အ-ထ-က အဖြစ်နဲ့အထိပေါ့။ မန္တလေး မြို့မိမြို့ဖတွေကလည်း ဗဟိုအမျိုးသားကျောင်းကြီးကို အားပေးထောက်ခံခဲ့ကြရုံမက ကိုယ့်သားသမီးတွေကိုလည်း ဆရာကြီး ဦးရာဇတ်ဆီအပ်နှံကာ ဗဟိုအမျိုးသားကျောင်းမှာပဲ ကျောင်းအပ်ခဲ့ကြတာပါ။ ဒါကြောင့် မန္တလေးရဲ့ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ လူမှုရေးစတဲ့ မျက်နှာစာက ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေအများစုဟာ အမျိုးသားကျောင်းထွက်တွေအများစုဖြစ်ခဲ့တယ်။

**ကောင်းသော မိုးသောက်ထမှာ ဒို့မြင်**

ဒီအထဲမှာ ဆရာမြို့မငြိမ်းကလည်း မန္တလေးဗဟိုအမျိုးသားကျောင်းထွက်ဖြစ်ခဲ့တယ်။ (ဆရာမြို့မငြိမ်းရဲ့ သားသမီးတွေအားလုံးကလည်း အမျိုးသားကျောင်းထွက်တွေပါပဲ) ဒါကြောင့် နှစ်စဉ်ကျင်းပတဲ့ အမျိုးသားအောင်ပွဲနေ့တွေမှာ ဗဟိုအမျိုးသား အထက်တန်းကျောင်းက ပဒေသာကပွဲများအထိ ပါဝင်ဆင်နွှဲကြတော့ ဆရာမြို့မငြိမ်းက အမှတ်တရ ဂုဏ်ပြုသီချင်းတွေ နှစ်တိုင်းရေးစပ်ပေးခဲ့ပါတယ်။ ပြန်လည် စုဆောင်း၊ ရှာဖွေစုဆောင်းတော့ ဆရာမြို့မငြိမ်းရေးစပ်ခဲ့တဲ့ အမျိုးသားနေ့ ဂုဏ်ပြုသီချင်း ငါးပုဒ်တွေ့ရှိခဲ့ပါတယ်။


ဦးရာဇတ်


မြို့မငြိမ်း


ဆရာဦးကိုလေး (ဇေယျာမောင်)

"ထောင့်နှစ်ရာရှစ်ဆယ့်နှစ်တွင် အတိတ်ခေတ်ကြေးမုံပြင်၊ ပြန်လည်သုံးသပ်ကာမြင်၊ ဂုဏ်ယူလောက်ဖွယ်ပင်. . ."လို့ အစချီတဲ့ ဆရာမြို့မငြိမ်းရဲ့ သီချင်းမှာ သူ့မိခင်ကျောင်းတော်ကြီးကိုလည်း အခုလို ဂုဏ်ပြုစပ်ဆိုခဲ့ပါသေးတယ်။

"ကောင်းသော မိုးသောက်ထမှာ ဒို့မြင်. . . ကိုယ့်စိတ်လန်းဆန်းကြည်လင်၊ ဝမ်းမြောက် ပျော်ရွှင်ထထကျက်သရေပင် အိမ်တိုင်းစေ့ရှုမငြီး၊ အလံတော်ကြီးတွေဝေဖြာလွင်. . . တခံ့တမင် ဗဟိုအမျိုးသားကျောင်းသောင်းသောင်းဖြဖြထထ အောင်ပွဲသဘင် ဆင်မြဝင်နွှဲအကြိမ်ကြိမ်ပင်. . . " တဲ့။

အမျိုးသားအောင်ပွဲနေ့အတွက် ဆရာမြို့မငြိမ်း စပ်ဆိုခဲ့တဲ့ နောက်ထပ်သီချင်းတစ်ပုဒ်မှာ "လွတ်လပ်ရေးရယူစေသော မျိုးစေ့ပင်၊ ဒီနေ့ မျိုးစိုက်သည်တွင်၊ ဒို့အောင်မြင်" ဆိုတဲ့ စာသားတစ်ပိုဒ် ပါဝင်တယ်။ အင်မတန်ကျစ်လျစ်အားကောင်းပြီး အဓိပ္ပာယ်လေးနက်ပါတယ်။ ကျွန်ပညာရေးကို မလိုလား၊ လက်မခံဘူးဆိုတဲ့ ခံယူချက်နဲ့ သပိတ်မှောက်တယ်။ ဒီလုပ်ဆောင်ချက်နဲ့ တစ်ဆက်တည်း အမျိုးသားကျောင်းတွေ ပေါ်ပေါက်လာတယ်။ အမျိုးသားကျောင်းတွေက လက်ရုံးရည်၊ နှလုံးရည်နဲ့ပြည့်စုံတဲ့ သားကောင်း သမီးကောင်းတွေ မွေးထုတ်ပေးတယ်။ ဒီသားကောင်းသမီးကောင်းတွေက လွတ်လပ်ရေးတိုက်ပွဲမှာ အဓိက အားအင်တွေဖြစ်ခဲ့တယ်။ ဒါကို ဆရာမြို့မငြိမ်းက အကျစ်လျစ်ဆုံး အားကောင်းတဲ့ စကားလုံးတွေနဲ့ ရေးစပ်ခဲ့တာပါ။

**ပြည်ထောင်စုကို မြတ်နိုးအကျိုးဆောင်မယ်လေ**

ဆရာမြို့မငြိမ်းရဲ့ အမျိုးသားနေ့ ဂုဏ်ပြု နောက်ထပ်သီချင်းတစ်ပုဒ်မှာတော့. . .

"ပညာရေးလောကကြီးပေါက်ဖွားစေ . . .
အမျိုးသားနေ့ မမေ့အပ်ပေ ထူးမြတ်သလေ. . .
အောင်ပွဲဆင်မြဲ ကျောင်းသားကျောင်းသူ မောင်မယ်ဆွေ"
အမျိုးစိတ်တွေ မြင့်လျက်တိုးတက်နေ. . .
ဒို့မြေဒို့ပြေ၊ ဒို့မြေဒို့ပြေ ဘိုးဘွားများအမွေ . . .
ပြည်ထောင်စုကို မြတ်နိုးအကျိုးဆောင်မယ်လေ"

တဲ့။ အမျိုးသားအောင်ပွဲနေ့လို့ သတ်မှတ်လိုက်တဲ့ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်နေ့က အမျိုးသားပညာရေးလောကကြီးပေါ်ပေါက်လာခဲ့ပုံကို မှတ်တမ်းတင်လိုက်ခြင်းပါပဲ။

ဆရာမြို့မငြိမ်းရဲ့ နောက်ထပ်သီချင်းမှာလည်းတစ်ပုဒ်လုံးမှာ အဓိပ္ပာယ်လေးနက်လှပါတယ်။ ခေတ်အမြင်ခေတ်အတွေးနဲ့ အမြင်ကျယ်လှပါတယ်လို့ပြောရပါမယ်။ တိုင်းပြည်ဟာ ခေတ်နဲ့အညီ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်ဖို့ဆိုရင် ပညာရေးက အရေးကြီးကြောင်း။ တိုင်းသူပြည်သား (လူထု)ရဲ့ ပညာဉာဏ်ရည် အနိမ့်အမြင့်ကိုလိုက်ပြီး တိုင်းပြည်ရဲ့ အဆင့်အတန်း အနိမ့်အမြင့်ရှိနိုင်တယ်။ တိုင်းပြည် ထိပ်တန်းရောက်ဖို့ လူထုရဲ့ ပညာဉာဏ်ရည် အနိမ့်အမြင့်က အရေးပါတယ်လို့ လေးနက်စွာ ဖွင့်ဆိုလိုက်ခြင်းပါ။

**မန္တလေးတက္ကသိုလ်ဖွင့်ပွဲ သီချင်း**

**ထိပ်တန်းသို့ မြန်မာနိုင်ငံရောက်ဖို့ မြင့်ရန် အရေးဝယ်. . . လူထု၏နိမ့်မြင့် ပညာဉာဏ်ရည်လိုက်လို့ မြင့်နိုင်မယ် . . . ထို့ကြောင့် လူငယ်၊ မြန်မာပြည်ဖွားတိုင်းရင်းသား မောင်မယ် . . . သင်ကြားအားထုတ်ကြိုးကုတ်ပညာ မလင့်မီ အခါဝယ် . . . ကြီးလာတော့ တိုင်းပြည်အကျိုးထမ်းပိုးနိုင်မယ် နောက်နောင်ဝယ် . . . ဆည်းပူးလေ့လာတယ် . . . အလောင်းတော်ဘုန်းကြွယ် . . . ခြောက်နှစ်တိုင်တိုင် ဉာဏ်ပညာရေးတွေးကြံတယ် . . . သွေးသားခန်းစေဖွယ် အကျင့်လွန်ကြီးကျယ် . . . ဟုတ်မှန်ရာကို ထိုခါတော့မှ တွေ့မြင်တယ် . . . အို. . . တို့လူမျိုး တန်ခိုးထွန်းခေါင် ဘုန်းမီးနေရောင်ထွန်းပြောင်တယ် . . . တဲ့။**

ဒီသီချင်းကို အမျိုးသားနေ့ အောင်ပွဲအတွက်သာမက ၁၉၄၈ ခုနှစ် ဇွန်လမှာ မန္တလေးယူနီဗာစီတီ ကောလိပ်အဖြစ် ဖွင့်လှစ်နိုင်တဲ့ အထိမ်းအမှတ် ဖွင့်ပွဲမှာလည်း သီဆိုခဲ့ကြသတဲ့။ ၁၉၂၅ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တဲ့ မန္တလေးဥပစာကောလိပ်ဟာ ဒီနှစ် ၂၀၁၈ ခုနှစ်မှာ ၉၃ နှစ် တင်းတင်းပြည့်ခြင်းနှင့် အတူ ၁၉၄၈ ခုနှစ် ဇွန်လမှာ အခက်အခဲအမျိုးမျိုးကြားက မန္တလေးဥပစာကောလိပ်ကနေ အဆင့်မြင့် ဖွင့်လှစ်ခဲ့တဲ့ မန္တလေးယူနီဗာစီတီကောလိပ်ကလည်း ဒီနှစ် ၂၀၁၈ ခုနှစ် ဇွန်လမှာ နှစ် ၇၀ တင်းတင်း ပြည့်ပါပြီ။ တစ်ခါ ၁၉၅၈ ခုနှစ် ဇွန်လ ၁ ရက်နေ့မှာ မန္တလေးယူနီဗာစီတီ ကောလိပ်မှသည် မန္တလေးတက္ကသိုလ်အဖြစ် သီးခြားဖွင့်လှစ်နိုင်တာကြောင့်လည်း ဒီနှစ်၂၀၁၈ခုနှစ် ဇွန်လ ၁ ရက်နေ့မှာ နှစ် ၆၀ တင်းတင်းပြည့်ပါပြီ။

ဒီလို အခါသမယမှာ မန္တလေးတက္ကသိုလ်အတွက် ရေးစပ်ပေးခဲ့တဲ့ ဆရာမြို့မငြိမ်းသီချင်းကလည်း အမှတ်တရပါပဲ။ ။



# မန္တလေးခရိုင် Community Centre၌ လူ့အခွင့်အရေးနှင့်ဥပဒေအသိပညာဖွင့် သင်တန်းဖွင့်လှစ်

**ပြည်ကြီးတံခွန် မေ ၁၄**

လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သော လူ့အခွင့်အရေးနှင့်ဥပဒေအသိပညာဖွင့် သင်တန်းကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Centre ၌ မေ ၁၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး Equility Myanmar မှ သင်တန်းနည်းပြ ဦးကျော်ကိုကိုရှိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၃၀ ဖြင့် မေ ၁၄ ရက်မှစ၍ ၁၈ ရက်ထိ ငါးရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတွင် လူ့အခွင့်အရေးအယူအဆ သဘောတရားနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ လူ့အခွင့်အရေး အယူအဆ သမိုင်းကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ်များ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ၏ အဓိပ္ပာယ်နှင့်အခက်အခဲစိန်ခေါ်မှုများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့်ဥပဒေ၊ အစိုးရ၏ တာဝန်ရှိမှုများ၊ သတင်းအချက်အလက်ကောက်ယူခြင်းနှင့် လူ့အခွင့်အရေး တိုင်ကြားမှုယန္တရားများကို သင်တန်းနည်းပြများက ဦးဆောင်၍ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# အိန္ဒိယက ပဲစင်းငုံ ပြန်လည်ဝယ်ယူမည့်သတင်းကြောင့် မန္တလေးပဲဈေးကွက်လှုပ်ရှား

**မန္တလေး မေ ၁၄**

အိန္ဒိယနိုင်ငံက မတ်ပဲနှင့် ပဲတီစိမ်းများကို ပြန်လည်ဝယ်ယူမည့်သတင်းများ ထွက်ပေါ်ပြီး တစ်ပတ်အကြာ မေ ၁၂ ရက်တွင် ပဲစင်းငုံကိုပါ ထပ်မံ၍ တန်ချိန်နှစ်သိန်း ပြန်လည်ဝယ်ယူမည်ဟု သတင်းများ ထွက်ပေါ်လာခြင်းကြောင့် မန္တလေး ပဲဈေးကွက်တွင် အပြောင်းအလဲအတွက် ဝမ်းပန်းတသာ ကြိုလင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါပဲများကို အိန္ဒိယနိုင်ငံက ၂၀၁၇ ခုနှစ် မတ်လတွင်ဝယ်ယူမှု ရပ်ဆိုင်းထားခဲ့ရာမှ တစ်နှစ်ကျော်အကြာ ၂၀၁၈ ခုနှစ် မေ ၄ ရက်တွင် မတ်ပဲနှင့် ပဲတီစိမ်းကို ပြန်လည်ဝယ်ယူမည့် သတင်းများထွက်ပေါ်လာခဲ့ပြီး ယင်းသတင်းကြောင့် ပဲတီစိမ်း၊ မတ်ပဲဈေးနှုန်းမှာ မြင့်တက်လာခဲ့ကြောင်း၊ ယခုအခါ ပဲစင်းငုံဈေးမှာလည်း အဆိုပါသတင်းကြောင့် နာရီပိုင်းအတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၈၀၀၀ နှုန်းခန့် မြင့်တက်သွားကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ဒီပဲစင်းငုံက အခြားသီးနှံထက် စိုက်ပျိုးစရိတ်နည်းပြီး အလွယ်တကူ စိုက်ပျိုးနိုင်တဲ့သီးနှံဖြစ်လို့ တောင်သူတွေအနေနဲ့ နှမ်းသီးနှံလို အဓိက အားထားပြီး စိုက်ပျိုးနေရတဲ့ သီးနှံဖြစ်တယ်၊ အခုလိုရပ်ဆိုင်းထားတဲ့ ပဲတွေကို ပြန်လည်ဝယ်ယူတဲ့သတင်းက တောင်သူတွေနဲ့ ကုန်သည်တွေအတွက် ထွက်ပေါက်တစ်ခုဖြစ်သလို အိန္ဒိယနိုင်ငံအနေနဲ့လည်း အော်ဂဲနစ်သီးနှံအဖြစ် စားသုံးရပြီး မြန်မာ့ပဲစင်းငုံဟာ အခြားနိုင်ငံတွေကထွက်တဲ့ပဲထက် အရသာပိုပြီး ကောင်းမွန်တဲ့အတွက် အခုလို ပြန်လည်ဝယ်ယူမှုဟာ နှစ်နိုင်ငံ အပြန်အလှန်အကျိုးပြုတဲ့ Win-Win Policy နဲ့ ကိုက်ညီနေတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဦးက "အိန္ဒိယနိုင်ငံက မတ်ပဲနှင့်ပဲတီစိမ်းလို ပဲစင်းငုံကိုပါ ထပ်မံဝယ်ယူမယ်လို့ ကျွန်တော်တို့လည်းသိရတယ်၊ တန်ချိန် ဘယ်လောက် ဝယ်ယူမယ်ဆိုတာကိုတော့ ပြောလို့မရသေးဘူး၊ ကုန်သည် အသိုင်းအဝိုင်းကတော့ တန်ချိန်နှစ်သိန်းဝယ်ယူဖို့ရှိတယ်ဆိုပြီး သတင်းတွေထွက်နေတယ်" ဟု ပြောသည်။

ထို့ပြင် နိုင်ငံတော်အနေဖြင့်လည်း ပြန်လည်ဝယ်ယူသည့် ပဲအမျိုးအစားများ၏တန်ချိန်၊ ဈေးနှုန်း၊ ဝယ်ယူမည့်ကာလများကို ပြည်သူများ သိရှိစေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် အတိအလင်း ထုတ်ပြန်ပေးစေလိုကြောင်း ဦးစိုးဝင်းမြင့်က ဆက်လက်ပြောသည်။

"ကျွန်တော်တို့ တောင်သူတွေက ပဲစင်းငုံဈေးမကောင်းတဲ့အတွက် အခုမိုးဦးကျမှာ ပြောင်းနဲ့ နှမ်းကို အစားထိုးစိုက်ပျိုးနေကြပြီ၊ အခုလိုအိန္ဒိယက ပြန်ဝယ်မယ်ဆိုတဲ့ သတင်းက အတော်လေးစိတ်သက်သာမှုရတာပေါ့။ ယခင်ဈေးလို ကျပ် ၅၅၀၀၀၊ ၆၀၀၀၀ လောက်ဖြစ်သွားရင်တော့ ပြုံးနိုင်ပျော်နိုင်ပြီပေါ့ဗျာ"ဟု ငါန်းဇွန်မြို့နယ် မင်းကြည်ကျေးရွာက တောင်သူဦးကြည်စိုးက ပြောသည်။

လက်ရှိမန္တလေးဈေးကွက်တွင် မေ ၁၁ ရက်က သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၂၀၀၀ ရှိသော ပဲစင်းငုံအသစ်မှာ မေ ၁၂ရက်တွင် ကျပ် ၄၀၀၀၀ နှုန်းအထိ မြင့်တက်လာပြီး ၂၀၁၇ ခုနှစ် လက်ကျန်ပဲစင်းငုံ အဟောင်းဈေးနှုန်းများအနေဖြင့် ကျပ် ၃၅၀၀၀ မှ ကျပ် ၄၂၀၀၀ အထိ ရောက်ရှိလာကြောင်း မန္တလေးပဲဈေးကွက်မှသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျောင်းဖွင့်ရာသီနီး၍ တန်ဖိုးနည်းဂျပန်စက်ဘီးတစ်ပတ်ရစ်များ အရောင်းသွက်

**စစ်ကိုင်း မေ ၁၄**

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသနှင့် နယ်မြို့များမှ ကျောင်းသား ကျောင်းသူအများစုမှာ စက်ဘီးကို အသုံးပြုကြမြဲပင်ဖြစ်သည်။ ငယ်ရွယ်သည့်အရွယ်ဖြစ်သည့် ကျောင်းသားနှင့် စက်ဘီးမှာ အလိုက်ဖက်ဆုံးပင်ဖြစ်သည်။ ဆိုင်ကယ်များ ပေါများလာချိန်တွင် စက်ဘီးကို ကျောင်းသားသုံးအဖြစ်သီးသန့်တည်ရှိနေသည်။ စက်ဘီးဈေးကွက်မှာ ကျောင်းဖွင့်ရာသီနီးသည့်အချိန်နှင့် ကျောင်းဖွင့်ရာသီတွင်သာ အရောင်းတွင်ကျယ်သည်။

စက်ဘီးဈေးကွက်တွင် တရုတ်စက်ဘီး အသစ်ဈေးကွက်နှင့် ဂျပန်စက်ဘီး တစ်ပတ်ရစ်ဈေးကွက်ဟု နှစ်မျိုးရှိသည်။ နယ်မြို့များတွင် တစ်ပတ်ရစ် ဂျပန်စက်ဘီးများကို တပ်ဆင်ရောင်းချကြသည်။ အပိုပစ္စည်းများကိုပါ တစ်ပါတည်းရောင်းချသည့်စနစ်ကို ကျင့်သုံးကြသည်။ ဂျပန်စက်ဘီး တစ်ပတ်ရစ်ကို ရန်ကုန်မှ တိုက်ရိုက်မှာယူပြီး နယ်အထိသယ်ဆောင်ကာ ရောင်းချကြသည်။ ဂျပန်စက်ဘီးရောင်းချရာတွင် နှစ်မျိုးရှိပြီး ဂီယာပါသည့် စက်ဘီးနှင့် ဂီယာမပါသည့် စက်ဘီး နှစ်မျိုး ရောင်းချကြသည်။

ဂီယာပါသော တစ်ပတ်ရစ် ဂျပန်စက်ဘီးတစ်စီးလျှင် ငွေကျပ် ၈၅၀၀၀ ကျော်ဖြင့် ရောင်းချပြီး ဂီယာမပါသော စက်ဘီးတစ်စီးလျှင် ငွေကျပ် ၇၅၀၀၀ ကျော်ဖြင့် ရောင်းချလျက်ရှိသည်။ စက်ဘီး၏ အရည်အသွေးအလိုက် ဈေးနှုန်းအတက်အကျရှိသည်။ လက်ရှိကာလ ဆားတောင်မြို့ရှိ ဂျပန်စက်ဘီးဆိုင်သို့ ရွှေဘို၊ ဝက်လက်နယ်၊ အရာတော်နယ်နှင့် အခြားဒေသမှ လာရောက်ဝယ်ယူကြသည်။ အများစုမှာ ကျောင်းဖွင့်ရာသီတွင်သာ ရောင်းအားကောင်းပြီး မူလအပိုပစ္စည်းများပါ တွဲဖက်ရောင်းချကြသည်။ ယခုအခါ ကျောင်းဖွင့်ရာသီ နီးနေသည့်အတွက် ဈေးနှုန်းသင့်တင့်သည့် တစ်ပတ်ရစ် ဂျပန်စက်ဘီးများ ရောင်းအားကောင်းလျက်ရှိကြောင်း ဆားတောင်မြို့ရှိ ဂျပန်စက်ဘီးအရောင်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

**နွေနဒီ (မြစ်ငယ်)**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးရာသီတွင် မိုးစပါးဧက ၁၈၀၀၂၁၀ စိုက်ပျိုးရန်လျာထား

**မုံရွာ မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခုရှိ မြို့နယ်များတွင် ဧပြီမှ စက်တင်ဘာလကုန်အထိ မိုးစပါးစိုက်ရာသီတွင် ဧက ၁၈၀၀၂၁၀ စိုက်ပျိုးရန် လျာထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၇၉၆၇၈၇ ဧကကို စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာလကုန်အထိ မိုးစပါးဧက ၁၈၀၀၂၁၀ ကို လျာထားရာ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက စိုက်ပျိုးနည်းပညာ၊ စိုက်ပျိုးစရိတ်များ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့ ကိုက်ညီတဲ့ စိုက်ပျိုးရေးနည်းစနစ်တွေ၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းတွေကို ဝန်ထမ်းတွေက စိုက်ကွင်းထဲ အရောက်သွားပြီး ကူညီဆောင်ရွက်ပေးသွားမှာပါ" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာအထိ မိုးစပါးစိုက်ပျိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းခရိုင်အတွင်း ၄၂၉၅၆ ဧက၊ မုံရွာခရိုင်အတွင်း ၈၃၃၇၄ ဧက၊ ယင်းမာပင်ခရိုင်အတွင်း ၁၀၄၀၂၈ ဧက၊ ရွှေဘိုခရိုင်အတွင်း ၆၇၄၇၂၇ ဧက၊ ကန့်ဘလူခရိုင်အတွင်း ၁၈၄၇၂၅ ဧက၊ ကသာခရိုင်အတွင်း ၃၆၃၆၄၄ ဧက၊ ကလေးခရိုင်အတွင်း ၁၅၃၇၆၇ ဧက၊ တမူးခရိုင်အတွင်း ဧက ၄၈၄၅၀၊ မော်လိုက်ခရိုင်အတွင်း ၇၃၁၈၇ ဧက၊ ခန္တီးခရိုင်အတွင်း ၇၁၃၅၂ ဧက စုစုပေါင်း ဧက ၁၈၀၀၂၁၀ အား စိုက်ပျိုးသွားရန် လျာထားကြောင်း သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**



# လျှော်ပြင်ရွှေကြောပေါ်မှ စာသင်ကျောင်းများအား အသိပညာပေးခြင်း ဆောင်ရွက်မည်

**စစ်ကိုင်း မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းငလျင်ပြတ်ရွေ့ကြောနှင့် ကဘော်ဒေသ ငလျင်ပြတ်ရွေ့ကြောပေါ်ရှိ မြို့နယ် ကိုးမြို့နယ်မှ အခြေခံပညာကျောင်း ၁၀၀ ကို ဇွန်လနှင့် ဇူလိုင်လတို့တွင် မြေငလျင်အသိပညာပေးလုပ်ငန်းများကိုဆောင်ရွက်ရန် စီစဉ်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးစဝီလီဖရန့်က ပြောသည်။

"ငလျင်လှုပ်ရင် ကျောင်းသား ကျောင်းသူတွေ၊ ဆရာ ဆရာမတွေ ဘယ်လိုပြုမူနေထိုင်ရမယ့်ပုံစံတွေ ဟောပြောဆွေးနွေးတာတွေကို စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်ကိုးမြို့နယ်က ကျောင်းပေါင်း ၁၀၀ မှာ ပြုလုပ်သွားမှာပါ။ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ကလေး၊ ကသာစတဲ့ မြို့ကိုးမြို့နဲ့ မြို့နယ်အတွင်းက ကျောင်းပေါင်း ၁၀၀ မှာ ပြုလုပ်ဖို့ရှိပါတယ်" ဟု ဦးစဝီလီဖရန့်က ရှင်းပြသည်။

ကျောင်းပေါင်း ၁၀၀ တွင် ငလျင်အသိပညာပေးခြင်းအစီအစဉ်ကို စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ပူးပေါင်း၍ ၂၀၁၈ ခုနှစ်အတွင်း မြေငလျင်အသိပညာပေးဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ယခု မေလအတွင်း တစ်ပတ်ကြာသင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အဓိကက စစ်ကိုင်းပြတ်ရွေ့ပေါ်က မြို့တွေရယ်၊ ကဘော်ဒေသက မြို့နယ်တွေကို ရွေးချယ်ပြီး ပညာပေးလုပ်ငန်းတွေကို လုပ်ဆောင်မှာပါ" ဟု ဦးစဝီလီဖရန့်က ဖြည့်စွက်ရှင်းပြသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# အထွက်နှုန်းသာမက အရည်အသွေးမြင့်မားရေး ရေတာရှည်တွင် တောင်သူမျိုးစေ့သန့်စင်စက်ဖွင့်

**ရေတာရှည် မေ ၁၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ တောင်သူမျိုးစေ့ သန့်စင်စက်ဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

တောင်သူမျိုးစေ့ သန့်စင်စက်အား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွန်းနှင့် ရေတာရှည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဝန်ကြီးချုပ်၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တောင်သူမျိုးစေ့သန့်စင်စက် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က စိုက်ပျိုးထုတ်လုပ်ရရှိသော မျိုးစေ့များမှာ မျိုးကောင်းမျိုးသန့်ဖြစ်ရုံမျှနဲ့ မပြီးဘဲ သန့်စင်ဖို့လည်းလိုအပ်ကြောင်း၊ ဒေသအလိုက် စိုက်ပျိုးထွက်ရှိလာသည့် မျိုးစေ့များ စံချိန်စံညွှန်းမီစေရေးအတွက် မျိုးစေ့သန့်စင်ခြင်း မဖြစ်မနေဆောင်ရွက်နိုင်ရန် မျိုးစေ့သန့်စင်စက်များကို ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် အထွက်နှုန်းသာမက အရည်အသွေးပါမြင့်မားအောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသော သီးနှံမျိုးစေ့များကို သီးနှံစိုက်ပျိုးသူတိုင်း အသုံးပြုစိုက်ပျိုးမှသာ ဝင်ငွေများတိုးတက်ရရှိကာ အချိန်နှင့်တစ်ပြေးညီ မျှော်မှန်းထားသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုပန်းတိုင်ကို အရောက်လှမ်းနိုင်မှာဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က တောင်သူမျိုးစေ့သန့်စင်စက် ထူထောင်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးယဉ်ထွန်းက မျိုးစေ့သန့်စင်စက်များ ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တက်ရောက်လာသူများက ပြခန်းနှင့် တောင်သူမျိုးစေ့သန့်စင်စက် ဖွင့်လှစ်မောင်းနှင်ပြသမှုအား ကြည့်ရှုကြသည်။



တောင်သူမျိုးစေ့သန့်စင်စက် အသုံးပြုခြင်းအားဖြင့် မျိုးအလိုက် အရွယ်အစားတူညီသော မျိုးစေ့များရရှိခြင်း၊ အလေးချိန်တူညီသော မျိုးစေ့များရရှိခြင်း၊ ဖုန်၊ သဲ၊ ခဲနှင့် အခြားမလိုလားအပ်သောအရာများ မပါရှိခြင်း၊ အဖျင်းအမှော်၊ အခြားသီးနှံနှင့် ပေါင်းမြက်စေ့များ ကင်းရှင်းခြင်း၊ မျိုးအလိုက် သတ်မှတ်ထားသော အရည်အသွေး စံချိန်စံညွှန်းများနှင့်ကိုက်ညီခြင်း၊ အပင်ပေါက်နှုန်းကောင်းမွန်ညီညာ၍ ကြီးထွားမှုမြန်ဆန်ခြင်း၊ ကျန်းမာသန်စွမ်းသော ပျိုးပင်များ ပေါက်နိုင်သည့် မျိုးစေ့များကိုသာ ရရှိခြင်းစသည့်အကျိုးကျေးဇူးများ ရရှိကြမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးခရိုင်တွင် သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်၊ ပြည်ခရိုင်တွင် ပြည်မြို့နယ်၊ သာယာဝတီခရိုင်တွင် မင်းလှမြို့နယ်နှင့် မိုးညိုမြို့နယ်တို့၌ ဖွင့်လှစ်ထားရှိပြီး ယခု တောင်ငူခရိုင်တွင် ရေတာရှည်မြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဖွင့်လှစ်ခြင်းဖြစ်ရာ တိုင်းဒေသကြီးအတွင်းရှိ ကျန်မြို့နယ်များတွင်လည်း မျိုးစေ့သန့်စင်စက်များ ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်၊ မြို့နယ်မြေစစ်ကော်မတီဥက္ကဋ္ဌ ဦးမင်းနိုင်အောင်၊ အတွင်းရေးမှူး ဦးကျော်မင်းဦးနှင့်အဖွဲ့ဝင်များနှင့်အတူ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ပြန်လည်စွန့်လွှတ်သည့် ရေတာရှည်မြို့နယ် သာဂရကျေးရွာအုပ်စု ကွင်းအမှတ် (၇၂၂) အတွင်းရှိ မြေ ၁၈၅ ဧကအား မြေစိစစ်ကော်မတီမူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မြောက်ဥက္ကလာပ ရတနာသိင်္ဂီဈေး သန့်ရှင်းကောင်းမွန်ရေး ဆောင်ရွက်

**မြောက်ဥက္ကလာပ မေ ၁၄**
ရန်ကုန် အရှေ့ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနနှင့် ခရိုင်ဈေးများဌာနတို့စီစဉ်မှုဖြင့် မေ ၁၄ ရက် နံနက်က မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေး သန့်ရှင်းသပ်ရပ်ရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရန် ဆောင်ရွက်ကြသည်။

"မြောက်ဥက္ကလာမှာ ဒီဈေးက အကြီးဆုံးဈေးဖြစ်သလို စည်ကားတဲ့ ဈေးလည်းဖြစ်တယ်၊ ယာဉ်သွားလာမှုများပြီး ဈေးသွားလာလည်းများတော့ ဈေးမျက်နှာစာသန့်ရှင်းသပ်ရပ်ရေးနဲ့ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းကို ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး စီစဉ်မှုနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်က ပြောသည်။

ယင်းလုပ်ငန်းအား ခရိုင်ဌာနခွဲမှူးများနှင့် မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့ ကြီးကြပ်၍ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဝန်ထမ်းများ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဝန်ထမ်းများ၊ မြို့နယ်အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး (စီမံ) ဝန်ထမ်းများ စုပေါင်းအင်အား ၇၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းဝင်း**

# ပဲခူးတိုင်းဒေသကြီးတွင် ရာသီအလိုက်စိုက်ပျိုးစရိတ်ချေးငွေ တောင်သူများအတွက် ထုတ်ချေးရေးစည်းဝေး

**ပဲခူး မေ ၁၄**
ပဲခူးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပဲခူးတိုင်းဒေသကြီးဘဏ်ခွဲ၌ ၂၀၁၈ ခုနှစ် ရာသီအလိုက်စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၄ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွှန့်ရွှေက လမ်းညွှန်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မန်နေဂျာ ဦးသိန်းထိုက်က ချေးငွေပြန်လည်ကောက်ခံရရှိမှုနှင့် ၂၀၁၈ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်မန်နေဂျာများက မိမိတို့မြို့နယ်အလိုက် ၂၀၁၈ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမည့် အစီအစဉ်များကို ရှင်းလင်း တင်ပြကြသည်။

ယခု ၂၀၁၈ ခုနှစ် မိုးရာသီချေးငွေထုတ်ချေးရာတွင် ယခင်နှစ်များအတိုင်း မပြုလုပ်တော့ဘဲ တောင်သူတစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) မူရင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အပေါင်အဖြစ်ပေးအပ်ပြီး တောင်သူတစ်ဦးချင်းက ကိုယ်တိုင်အာမခံစနစ်ဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး မန်နေဂျာဦးသိန်းထိုက်က ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီး၊ တိုင်းဒေသကြီး မန်နေဂျာနှင့် မြို့နယ် ၂၈ မြို့နယ်မှ မြို့နယ်မန်နေဂျာများ တက်ရောက်ကြကြောင်း သိရသည်။



၂၀၁၈ ခုနှစ် ရာသီအလိုက် စိုက်ပျိုးစရိတ်ထုတ်ချေးပေးရာတွင် မိုးစပါးနှင့်အခြားသီးနှံများစိုက်ပျိုးရန်အတွက် တစ်ဧကမှ ၁၀ ဧကအထိ ထုတ်ချေးမည်ဖြစ်ပြီး မိုးစပါးတစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့်လည်းကောင်း၊ အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့်လည်းကောင်း ထုတ်ချေးမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအုပ်စု ၁၅၀၁ အုပ်စုမှ တောင်သူ ၃၄၇၂၇၃ ဦး၏ စိုက်ဧက ၂၀၈၉၉၈၀ အား ၂၀၁၇ခုနှစ်တွင် ချေးငွေကျပ်ပေါင်း ၃၁၃၁၉၆ ဒသမ ၃၀ သန်းထုတ်ချေးခဲ့ပြီး ချေးငွေပြန်လည်ရရှိမှုအနေဖြင့် ကျပ် ၁၄၁၇၅၁ ဒသမ ၈၃ သန်း ၄၅ ဒသမ ၂၆ ရာခိုင်နှုန်းသာပြန်လည်ရရှိသည်။ ယခု ၂၀၁၈ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၂၂၈၆၀၄၇ ဧက၊ အခြားသီးနှံဧက ၆၀၀၀ တို့အား ချေးငွေကျပ် ၃၄၂၃၀၇ ဒသမ ၀၅ သန်း ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးရာသီ စိုက်ပျိုးစရိတ်များ ထုတ်ချေးရာတွင် ယခင်နှစ်များကတောင်သူသုံးဦးအစုအဖွဲ့အလိုက် (ဝိုင်းလေးချုပ်) အာမခံသည့်စနစ်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)မူရင်းကို ပြသစေပြီး တိုက်ဆိုင်စစ်ဆေးထုတ်ပေးခဲ့ကာ အဆိုပါစနစ်အရ ဝိုင်းလေးချုပ်တွင် ပါဝင်သူတစ်ဦးဦးက ချေးငွေကျေအောင်ပေးဆပ်ရန် ပျက်ကွက်ပါက ကျန်နှစ်ဦးကိုလည်းချေးငွေသစ်ထုတ်ချေးခြင်းမပြုသဖြင့် ချေးငွေပြေကျေသော တောင်သူများ နစ်နာမှုများရှိခဲ့သည်။

**ဟိန်းထက် (ခရိုင် ပြန်/ဆက်)**

## ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် နေပြည်တော် ရေပြာတပ်မတော် ဂေါက်ကွင်း၌ ကျင်းပမည်

**ရန်ကုန် မေ ၁၄**
မြန်မာနိုင်ငံတွင်း ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Phyo Si Thu Teak Plantation (Myanmar)& Bago Yoma Eco Resort (Myanmar)က အဓိကကူညီပံ့ပိုးသည့် ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်အဖြစ် နေပြည်တော် ရေပြာတပ်မတော်ဂေါက်ကွင်း၌ မေ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Senior Professional အဆင့်၊ ဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီး အဆင့်များနှင့် Juniorများ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး (St. Andrew) ဂေါက်စည်းမျဉ်းများအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် မေ ၂၀ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ဖုန်းနံပါတ်များဖြစ်သည့် ၀၉- ၇၇၉၈၄၆၇၆၁၊ ၀၉-၂၅၄၂၂၅၀၇၀ တို့သို့ စာရင်းပေးသွင်းနိုင်သည်။

ပြိုင်ပွဲဝင်ကြေးများအဖြစ် Senior Professional အဆင့် ကျပ် ၂၀၀၀၀၊ ဝါသနာရှင်အဆင့်များအတွက် ကျပ် ၁၀၀၀၀ စီနှင့် Junior အဆင့်အတွက် အခမဲ့ သတ်မှတ်ထားသည်။ ပြိုင်ပွဲဝင်ကြေးပေးသွင်းပြီးသော အားကစားသမားများသည် Official Practice Round အဖြစ် မေ ၂၁ ရက်(တနင်္လာနေ့)နှင့် ၂၂ ရက် (အင်္ဂါနေ့)များတွင် ကွင်းပတ်လည် လေ့ကျင့်နိုင်ကြောင်း သိရသည်။

ရန်ကုန်-နေပြည်တော် ခရီးစဉ်(အသွား၊ အပြန်) Player Bus များ စီစဉ်ပေးထားပြီး ရန်ကုန်မြန်မာဂေါက်ကလပ် (၉)မိုင်မှ မေ ၂၀ ရက် နံနက် ၇ နာရီတွင် စတင်ထွက်ခွာမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကြေး အချိန်မီ ပေးသွင်းနိုင်ခြင်းမရှိသူများကို အချိန်ဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း၊ အမည်စာရင်းပေးသွင်းထားပြီး အကြောင်းအမျိုးမျိုးကြောင့် ပြိုင်ပွဲမဝင်ဖြစ်ပါက ပြိုင်ပွဲကျင်းပရေးကော်မတီထံ အချိန်မီအကြောင်းကြားရန် တာဝန်ရှိကြောင်းနှင့် ထိုသို့အကြောင်းမကြားသူများသည် နောင်ပွဲစဉ်များတွင် ပြိုင်ပွဲဝင်ခွင့်ပြုမည်မဟုတ်ကြောင်း၊ ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ချက်ပြည့်ပါက စာရင်းပိတ်မည်ဖြစ်ကြောင်း၊ Player Bus ဖြင့် လိုက်ပါမည့်သူများသည် အမည်စာရင်း ကြိုတင်ပေးရန်လိုအပ်ကြောင်း သိရသည်။

**ကြေးမုံ**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

**သန်လျင် မေ ၁၄**
သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးသည် မေ ၁၃ ရက် ည ၇ နာရီက သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောရာ ပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖေဇံ**

# ဗိုလ်ချုပ်နှင့် အနုပညာ

**တင့်လွင်ဦး** (စီးပွားရေးတက္ကသိုလ်)



အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အကြောင်းတော့ အများသိပြီးဖြစ်သည်။ ရဲရဲတောက် အာဇာနည်၊ သံမဏိစိတ်ဓာတ်ပိုင်ရှင်။ စာရေးသူက ဗိုလ်ချုပ်သည် အနုပညာသမားဟု ဆိုလိုက်လျှင် စာဖတ်သူအချို့က ဟုတ်ရဲ့လားဟု သံသယဝင်ကောင်း ဝင်နိုင်သော်လည်း ဆောင်းပါးဖတ်ပြီးသည်နှင့် ဗိုလ်ချုပ်သည် အနုပညာသမား ဆိုသည့်အချက်ကို လက်ခံသွားမည်ဟု ယူဆပါသည်။

ဗိုလ်ချုပ်သည် မျိုးချစ်စိတ်ဓာတ် ပြင်းထန်သူဖြစ်သည်ကို သွေးကသက်သေပြပါ၏။ မိခင်ကြီး ဒေါ်စုဘက်မှတော်သော အဘိုးဖြစ်သူ မင်းကြီးရွှေလရောင် (ခေါ်) ဗိုလ်မင်းရောင်သည် အင်္ဂလိပ်ကို တော်လှန်ခဲ့သည့်အတွက် ခေါင်းဖြတ်အသတ်ခံခဲ့ရသည်။ လူပင်သေသော်လည်း ဗိုလ်မင်းရောင်၏ သွေးတို့သည်ကား မသေ၊ ဗိုလ်ချုပ်ထံစီးဝင်လေသည့်ပမာ၊ ဗိုလ်ချုပ်သည် အင်္ဂလိပ်ကိုတော်လှန်သည်။ ဖက်ဆစ်ဂျပန်ကိုချေမှုန်းသည်။ တစ်မျိုးသားလုံးကို စည်းလုံး၍ လွတ်လပ်ရေး အရယူပေးနိုင်ခဲ့သည်။ ဗိုလ်ချုပ်သည် အမျိုးသားခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်သလို အနုပညာသမားတစ်ယောက်ဖြစ်သည်ကိုလည်း ပင်ကိုဗီဇဓာတ်ခံပါလာသည်။ စာပေကိုချစ်သည်၊ ဂီတကို မြတ်နိုးသည်၊ ရုပ်ရှင်ကြိုက်သည်၊ သို့သော် တိုင်းပြည်အရေး ဦးစားပေးခဲ့ရသည့်အတွက်၊ သူ့ဗီဇ၊ သူ့ဝါသနာ၊ သူ့အနုပညာတို့သည် လောင်းရိပ်မိသည့် အသီးအကင်းလေးများပမာ ရှင်သန်ကြီးထွားခွင့်မရရှာ။ ဗိုလ်ချုပ်သည် ဟန်ဆောင်မှုကို ရွံမုန်းသည့်အတွက် ဟန်ဆောင်မှု ကင်းသည်။ စကားပြောလျှင်တုံးတိ၊ တဲ့တိုး၊ တိုရှင်း လိုရင်း ခပ်ပြတ်ပြတ် ပြောတတ်သူ၊ သို့ဖြစ်၍ တချို့က လူ့ကန့်လန့်၊ လူ့ခွစာဟု ထင်ကြသည်။

ဗိုလ်ချုပ်နှင့် အလွန်ရင်းနှီးပြီး ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂတွင် အတူလုပ်ဖော်ကိုင်ဖက် ကျိုက်လတ်သား-ဦးဌေးမြိုင်(ခေါ်) စာရေးဆရာဒဂုန်တာရာက ၁၉၄၆ ခုနှစ်ထုတ် "တာရာ" မဂ္ဂဇင်းတွင် ဗိုလ်ချုပ်ကို အောင်ဆန်း (သို့မဟုတ်) အရိုင်းဟုရေးသားဖော်ပြခဲ့သည်။ ဆရာဒဂုန်တာရာသည် ဗိုလ်ချုပ်ကို နှိမ့်ချပုတ်ခတ်လို၍မဟုတ်၊ ဗိုလ်ချုပ်သည် တိုင်းပြည်အရေးကလွဲ၍ ဘာမှစိတ်မဝင်စား၊ လူမှုရေးမရှိ၊ သူ၏နဂိုနေအတိုင်း ခပ်ရိုင်းရိုင်း၊ ခပ်ကြမ်းကြမ်း၊ မပြုမပြင်နေတတ်၏။ ဟန်မလုပ်၊ ဂိုက်မထုတ်၊ ဝါကြွားလိုစိတ် အလျှင်းမရှိ ဗိုလ်ချုပ်၏ရိုးသားသော ဂုဏ်ပုဒ်ကို ပေါ်လွင်အောင်ဖော်ကျူးလို၍ဖြစ်သည်။ ဗိုလ်ချုပ်ကလည်း သူ့ကို အရိုင်းဟု ဆိုသည်ကို အပြစ်မမြင်သည့်အပြင် နှစ်သက်သဘောကျသည့်အတွက် ၎င်း၏ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိမှတ်တမ်းတွင် "လွတ်လပ်သော လူရိုင်းဘဝကို မလွတ်လပ်သောလူယဉ်ကျေးဘဝထက် အဆတစ်ရာကြိုက်သည်" ဟု စိတ်ရင်းအတိုင်း ရေးသားဖော်ပြခဲ့သည်။

တကယ်တော့ ဗိုလ်ချုပ်သည် မရိုင်းပါ။ ယဉ်ကျေးသောသူတစ်ဦး၊ ပကတိရိုးသားသူဖြစ်သည်။ သူ၏ စိတ်ရင်းအမှန်မှာ အင်မတန်နူးညံ့၏။ ရိုင်းခြင်း၊ ယဉ်ခြင်းကို အပြင်ပန်းဗဟိဒ္ဓ ရုပ်လက္ခဏာပေါ် အခြေခံဆုံးဖြတ်၍မရ။ အဇ္ဈတ္တခေါ် အတွင်းစိတ်ရဲ့အနှစ်သာရကို အခြေခံမှအဖြေမှန်ရပေလိမ့်မည်။

ဗိုလ်ချုပ်သည် ကျောင်းသားဘဝ ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့စဉ် ကာလက ပန်းချီဝါသနာပါသည့်အတွက် ပန်းချီကားများ ရေးဆွဲခဲ့ဖူးသည်။ စာရေး၊ စာဖတ်ဝါသနာပါသလို တက္ကသိုလ်ရောက်သည့်အခါ ဒဂုန်မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်းနှင့် အခြားသောမဂ္ဂဇင်းများတွင် မြန်မာလို၊ အင်္ဂလိပ်လို ဆောင်းပါးပေါင်းများစွာရေးသားခဲ့ပြီး တိုင်းပြည်လွတ်လပ်ရေးရသည့်အခါ နိုင်ငံရေးလောကမှ အနားယူပြီး စာရေးဆရာဘဝဖြင့် ရပ်တည်သွားမည်ဟု ဆုံးဖြတ်ထားသူဖြစ်သည်။

ဂီတကို မကျွမ်းကျင်သော်လည်း ဝါသနာပါသည်၊ ခံစားတတ်သည်။ မြို့မငြိမ်းရေးစပ်ပြီး ပြည်လှဖေနှင့် မေရှင်တို့သီဆိုထားသည့် "သက်ဝေ" သီချင်းကို ကြိုက်သည်။ ရေဒီယိုက "သက်ဝေ" သီချင်းလာလျှင် ထိုင်ရာကမထ၊ ဘယ်ကိုမှမသွားတော့၊ ဇိမ်ယူပြီး နားထောင်လေ့ရှိသည်။ အမျိုးသားရေးတေးများအပြင် ရွှေတိုင်ညွန့်၏ လက်ရာများဖြစ်သည့် "ရှေးရေစက်၊ လှေကလေး၊ ဟေဝန်နန်း၊ မိန်းမမြတ်" ဘိလပ်ပြန်သန်း သီဆိုထားသည့် "မြပန်းခွေ" ပြည်လှဖေရဲ့ "ကဥ္စန" မေရှင်ရဲ့ "မယ်ခုမျှော်" သီချင်းများကိုလည်း နှစ်သက်သည်။ လူထုကို ဂီတဖြင့်စည်းရုံး၍ တပ်မတော်ကို ပြည်သူတို့ ထောက်ခံရန် ဖက်ဆစ်တော်လှန်ရေးကာလအတွင်းက "ပြည်သူ့တပ်မတော်"ဆိုသည့်သီချင်းကို ဆရာရွှေတိုင်ညွန့်ရေးစပ်ရန် တာဝန်ပေးခြင်းက ဗိုလ်ချုပ်သည် ဂီတကို တန်ဖိုးထား မြတ်နိုးသူဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလှသည်။ ထို့ပြင် ဗိုလ်ချုပ်သည် သီချင်းရေးစပ်ခဲ့သည်ဆိုက တအံ့တဩဖြစ်မည်။ ဒုတိယကမ္ဘာစစ်အတွင်း BDA တပ် ပျဉ်းမနားတွင် တပ်စွဲခဲ့သည့်ကာလက ဗိုလ်ချုပ်သည် ပျဉ်းမနား ရှမ်းကန်အရပ်တွင် နေထိုင်ခဲ့စဉ် "လူထုချိမ" သီချင်းကို ရေးစပ်ခဲ့ပြီး သူ့ရဲဘော်များကို ဆိုစေခဲ့သည်။ ဂီတစည်းမျဉ်းစည်းကမ်းနှင့်တော့ ညီချင်မှညီမည်။ ဒါတွေ ဗိုလ်ချုပ်မသိ၊ သူနားလည်သလို၊ သူခံစားရသလို ရေးစပ်ခဲ့ခြင်းဖြစ်သည်။

လူရိုးကြီးဗိုလ်ချုပ်သည် တဇွတ်ထိုးသမား၊ ပွင့်ပွင့်လင်းလင်းသမား ၊ ဂျပန်ခေတ်ကဗိုလ်ချုပ်သည် မကျန်းမာ၍ ရန်ကုန်ဆေးရုံကြီးမှာ တက်ရောက်ကုသစဉ် မြောင်းမြသူ သူနာပြုဆရာမလေး မခင်ကြည် (ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်)နှင့် ဆုံတွေ့ခဲ့ပြီး ဆရာမလေးကို တွေ့ကာမှ တန်းတန်းစွဲ။ တကယ်တော့ ဗိုလ်ချုပ်မှာလည်း အသည်းနဲ့ပါ။ ဆရာမလေးမခင်ကြည် ဆေးတိုက်မှ သောက်သည်။ တခြား ဘယ်သူတိုက်တိုက် ဆေးမသောက်၊ ဆေးရုံက ဆင်းတော့လည်း ဆရာမလေးရှိရာ အဆောင်ကို အကြောင်းမရှိ အကြောင်းရှာသွားသည်။ အဆောင်ရောက်ပြန်လျှင်လည်း "ဧည့်သည်လာတယ်၊ ဧည့်သည်လာတယ်" ဟု အသံကျယ်ကြီးဖြင့် အော်အော်ခေါ်တတ်သည့်အတွက် ဆရာမလေးခမျာ မနေသာ ထွက်တွေ့ရသည်။ တွေ့ရုံဖြင့်မပြီး၊ မေရှင်ရဲ့ "မယ်ခုမျှော်" သီချင်းကို ဆိုခိုင်းလေ့ရှိသည်။ ဆရာမလေးက ရှက်ရှက်ဖြင့် မဆိုတတ် ဆိုတတ် ဆိုပြရသည်။ တစ်ခါ ဆိုပြရုံနှင့်လည်းမရ၊ ဗိုလ်ချုပ်နှင့်အတူ ဗိုလ်စကြာနှင့် ရန်ကုန်ဆေးရုံကြီးမှ ဒေါက်တာမြင့်ဆွေတို့ လိုက်ပါလေ့ရှိရာ ဆရာမလေးသီချင်းဆိုသည့်အခါ တယောပြားလေးဖြင့် မေးလိုက်ပေးရသူက ဒေါက်တာမြင့်ဆွေ။

ဗိုလ်ချုပ်သည် စာပေဂီတသာမက ရုပ်ရှင်လည်း ကြိုက်သည်။ အတွင်းဝန်ရုံးတွင် ရုံးထိုင်သည့်အခါ မအားလပ်သည့်ကြားမှ လက်စွဲကျော် အပါးတော်မြဲ ဗိုလ်ထွန်းလှနှင့်အတူ ဆူးလေဘုရားလမ်းတစ်ဝိုက်ရှိ ရုပ်ရှင်ရုံများဆီသို့ အပြေးအလွှား သွားရောက်ကြည့်ရှုလေ့ရှိ၏။ ဗိုလ်ချုပ်သည် ရုပ်ရှင်ကို ရွေးကြည့်သည်။ ဗရုတ်ဗရက် သရုပ်ပျက် ဇာတ်ကားမျိုး၊ လူမျိုးတစ်မျိုးအား နှိမ့်ချသောဇာတ်ကားမျိုး ဘယ်တော့မှမကြည့်၊ နက်နဲသိမ်မွေ့၍ စိတ္တဗေဒနှင့် ပတ်သက်သော ဇာတ်ကားမျိုး၊ အချစ်အိမ်ထောင်ရေးဇာတ်ကားများပင်ဖြစ်စေ ဇာတ်အိမ်ခိုင်ခံ့၍ အကျိုးပြုဖြစ်စေမည့် သရုပ်ဖော်ဇာတ်ကားမျိုး၊ ရာဇဝင်သမိုင်းကို နောက်ခံထားသည့် ဇာတ်ကားမျိုးကိုမှ နှစ်သက်သည်။ ကလပ်ဂေဘယ်ပါဝင်သော Gone with the wind!၊ Waterloo Bridge Rebecca၊ The Good Earth၊ For Whom the Bell tolls စသော ဇာတ်ကားများမှာ ဗိုလ်ချုပ်သဘောကျအကြိုက်တွေ့သော ဇာတ်ကားများဖြစ်၏။ For Whom the Bell tolls ဇာတ်ကားမှာ စပိန်ပြည်တွင်းစစ်ကို ရိုက်ပြထားသော ဇာတ်ကားဖြစ်ရာ ဗိုလ်ချုပ်သိပ်ကြိုက်သည့် ဇာတ်ကားဖြစ်၏။ ဟာသဇာတ်ကားများကိုလည်း စိတ်လက်ရွှင်လန်းစေရန် ကြည့်ရှုတတ်သည်။ သို့သော် လော်ရယ်ဟာဒီတို့ပါဝင်သော Bean Hunks ဟာသဇာတ်ကားများကိုမူ သဘောမတွေ့၊ သဘာဝမကျသောဟာသ၊ Very Silly Jokes ကြည့်ရှုသူတွေကို ကလိထိုး၍ အတင်းရယ်စေသော ဟာသများဟု သုံးသပ်သည်။

ဟာသရုပ်ရှင်ကို စိတ်ဝင်စားသော ဗိုလ်ချုပ်၏ ဟာသပညာအပေါ် အမြင်မှာလည်း လေးနက်လှသည်။ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလထုတ် "ဇဝန" ဂျာနယ်တွင် နှုတ်ခွန်းဆက်အမှာစကားရေးသားရာတွင် ဗိုလ်ချုပ်သည် ဤသို့ ခွဲခြမ်းစိတ်ဖြာခဲ့သည်။

ဟာသပညာသည် လူမျိုးတစ်မျိုး၏ ဘဝတွင် အရေးပါအရာရောက်သောပညာတစ်ရပ်ဖြစ်သည်။ သို့သော် ဟာသအတုနှင့်အစစ် ခွဲခြားတတ်ရန်လိုသည်။ ဟာသပညာသည်ကား လောကီ လူ့ဘဝလူ့ဇာတ်ခုံတွင် ရှေ့နောက် မညီ၊ အဆင်မပြေသော အချက်အလက်များကို ဖော်ထုတ်၍ ရှင်လူအပေါင်းတို့အား ရယ်စရာသဘော မြင်စေရမည်။ ဤသို့မြင်စေရာတွင် စာရေးဆရာ၏ ဉာဏ်စွမ်းအလိုက် အသွင်အမျိုးမျိုးဆောင်နိုင်လေသည်။ အချို့ဟာသများကား မိမိတို့ ပတ်ဝန်းကျင်ကမ္ဘာကြီးကို ဟက်ဟက်ပက်ပက် ရယ်မောကြသည်။ လှောင်ပြောင်ကြသည်၊ ခနဲ့ကြသည်၊ ရွဲ့ကြသည်၊ စောင်းမြောင်းကြသည်၊ အချို့ကား မိမိတို့ဘာသာ မိမိတို့ကြိတ်၍ ရယ်မောကြသည်။ ဤသို့လျှင် ဟာသပညာသည်များသည် အသွင်အမျိုးမျိုးဆောင်ကာ လောကီလူသားများ၏ ကြီးကျယ်မှု၊ ဟန်ဆောင်မှု၊ ဝင့်ဝါမှု၊ ပလွှားမှုအရပ်ရပ်ကို ပြက်ရယ်ပြုကြသည်။ ဥပမာဆိုရလျှင် ပြင်သစ်စာရေးဆရာကြီး မိုလျှသည် မဟာဆန်ချင်သူ၊ ဆရာဝန်ပါပဲ အစရှိသည့်ပြဇာတ်များရေးသားကာ မိမိခေတ်ရှိ ပတ်ဝန်းကျင်လောကကို ပြက်ရယ်ပြုလှောင်ပြောင်ခဲ့သည်။ စလေဆရာကြီး ဦးပုညသည် ၎င်းရေးသားသော မေတ္တာစာများ၊ ပြဇာတ်များတွင် ထိုခေတ်ထိုအခါက လောကီလူသားများ၏ သွားလာနေထိုင်ပုံ၊ ဆက်ဆံပေါင်းသင်းမှု အစရှိသည်တို့ကို ပြောင်လှောင်ရယ်မောစေခဲ့သည်။ နိုင်ငံခြားဟာသဇာတ်လိုက်များထက် ဗိုလ်ချုပ်ပို၍ အထင်ကြီးသော မြန်မာဟာသ မင်းသားကြီးမှာ ဖိုးပါကြီးဖြစ်သည်ဟု မှတ်ချက်ပေးခဲ့ဖူးသည်။

အချုပ်ဆိုရလျှင် ဤမျှရေးပြသည်နှင့် ဗိုလ်ချုပ်သည် အနုပညာသမားတစ်ယောက်ဖြစ်ကြောင်း ပေါ်လွင်လောက်ပြီဟု ယူဆပါသည်။ တိုင်းပြည်အရေးကြောင့် ဘေးဖယ်ပေးခဲ့ရသည့် သူ့ဘဝ၊ သူ့အနုပညာသည် အကယ်၍များ ငုပ်လျှိုးနေခဲ့ရာမှ ရှင်သန်ခွင့်များရခဲ့ပါလျှင် ကျွန်ုပ်တို့ချစ်သည့် ဗိုလ်ချုပ်ကို စာရေးဆရာ (သို့မဟုတ်) ဂီတစာဆို(သို့မဟုတ်) ရုပ်ရှင်ပညာရှင်စသည်ဖြင့် ထင်ရှားကျော်ကြားသော အနုပညာရှင်တစ်ယောက်အဖြစ် မြင်တွေ့ကြရမည်မှာ မလွဲဟုတင်ပြရင်း ဗိုလ်ချုပ်ကို အလေးပြုရင်း ဤဆောင်းပါးကို အဆုံးသတ်ပါရစေ။ ။

**မှီငြမ်း**

***၁။ မြန်မာ့ရုပ်ရှင်၊ စိန်ရတုသဘင်စာတမ်းငယ်တစ်ဆယ်။***

***၂။ ရေနံ့သာဝင်းမောင် "ဗိုလ်ချုပ်ချစ်တဲ့ဂီတ၊ ဂီတချစ်တဲ့ဗိုလ်ချုပ်"***

> **"တိုင်းပြည်အရေးကြောင့် ဘေးဖယ်ပေးခဲ့ရသည့် သူ့ဘဝ၊ သူ့အနုပညာသည် အကယ်၍များ ငုပ်လျှိုးနေခဲ့ရာမှ ရှင်သန်ခွင့်များရခဲ့ပါလျှင် ကျွန်ုပ်တို့ချစ်သည့် ဗိုလ်ချုပ်ကို စာရေးဆရာ (သို့မဟုတ်) ဂီတစာဆို(သို့မဟုတ်) ရုပ်ရှင်ပညာရှင်စသည်ဖြင့် ထင်ရှားကျော်ကြားသော အနုပညာရှင်တစ်ယောက်အဖြစ် . . ."**

# တိုက်ခိုက်ရေး ရုပ်ရှင်သစ်မှာ ပါဝင်သွားမယ့် ဆောင်းဂျီဟို



တောင်ကိုရီးယား နာမည်ကျော် မင်းသမီးတစ်ဦးဖြစ်တဲ့ ဆောင်းဂျီဟိုဟာ လတ်တလောမှာတော့ တိုက်ခိုက်ရေးရုပ်ရှင်မှာ ပါဝင်သွားမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ ဆောင်းဂျီဟိုဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်း ရုပ်သံအစီအစဉ်တွေကိုသာ လက်ခံရိုက်ကူးနေခဲ့ပြီး ရုပ်ရှင်ဘက်မှာ လှုပ်ရှားမှုနည်းနေခဲ့ရာမှ လတ်တလောမှာတော့ ရုပ်ရှင်သစ်မှာ ပါဝင်မှာဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မေ ၁၄ ရက်မှာတော့ ဆောင်းဂျီဟိုရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အမ်ဝိုင်ကုမ္ပဏီက မင်းသမီးဟာ တိုက်ခိုက်ရေးရုပ်ရှင်တစ်ကားမှာ ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့တာ ဖြစ်ပါတယ်။ အေဂျင်စီက "ဆောင်းဂျီဟိုဟာ တိုက်ခိုက်ရေးရုပ်ရှင် Enraged Bull မှာ ပါဝင်သွားဖို့ရာ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ သူဟာ ရုပ်ရှင်သစ်အတွက် စိန်ခေါ်မှုအသစ်တွေနဲ့ ပြောင်းလဲမှုတွေကို လုပ်ဆောင်ရမှာ ဖြစ်တာကြောင့် ပရိသတ်တွေအနေနဲ့ သူ့ကို အားပေးကြပါလို့ တောင်းဆိုချင်ပါတယ်"လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

"Enraged Bull" ဟာ သည်းထိတ်ရင်ဖို တိုက်ခိုက်ရေး အသားပေးရုပ်ရှင် ဖြစ်ပါတယ်။ ပြန်ပေးဆွဲခံခဲ့ရတဲ့ ဇနီးဖြစ်သူကို ပြန်လည်ရယူဖို့ကြိုးပမ်းခဲ့တဲ့ အမျိုးသားတစ်ဦးအကြောင်းကို ပုံဖော်သွားမှာဖြစ်ပြီး ဒီရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်အဖြစ် နာမည်ကျော်အက်ရှင်မင်းသား မာဒေါင်ဆပ်က ပါဝင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ ဆောင်းဂျီဟိုကတော့ မာဒေါင်ဆပ်ရဲ့ ဇာတ်ကောင်ဖြစ်သူ ဒေါင်ချူးရဲ့ ဇနီးသည်အဖြစ် ပါဝင်သွားမှာဖြစ်ပါတယ်။

ဆောင်းဂျီဟိုအနေနဲ့ နောက်ဆုံးရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ကတော့ "Wind, Wind, Wind" ဖြစ်ပါတယ်။ အဲဒီရုပ်ရှင်မှာတော့ သူဟာ လူမှုကွန်ရက်မီဒီယာကို စွဲလမ်းနေသူတစ်ဦးအဖြစ် ပါဝင်ထားတာ ဖြစ်ပါတယ်။ "Enraged Bull"မှာ ပါဝင်ရမယ့် ဆောင်းဂျီဟိုရဲ့ ဇာတ်ကောင်ကတော့ ယခင်ရိုက်ကူးပေးခဲ့တဲ့ ဇာတ်ကောင်တွေနဲ့ အတော်လေးကွာခြားနေတာကြောင့် ဆောင်းဂျီဟိုအနေနဲ့ ပိုမိုလေးနက်တဲ့ ဇာတ်ကောင်စရိုက်ကို ပီပြင်အောင် လုပ်ဆောင်ရတော့မှာ ဖြစ်ပါတယ်။



အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် မလီဘူးမှာ ကျင်းပခဲ့တဲ့ အမေများနေ့အခမ်းအနားကို တက်ရောက်ခဲ့ကြတဲ့ နာမည်ကျော် မော်ဒယ်လ် စင်ဒီခရော့ဖို့ဒ်(ယာ)နှင့် သမီးဖြစ်သူ မော်ဒယ်လ် ကိုင်အာဂါဘာ(ဝဲ)တို့ကို အတူတွေ့ရစဉ်။

အေးပြည့် စုစည်းသည်



# ပရိသတ် သန်း ၃၀၀ ပြည့်မြောက်ခဲ့တဲ့ Black Pink ရဲ့ ဒုတိယမြောက် တေးဗီဒီယို As If It's Your Last

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Black Pink"ရဲ့ တေးဗီဒီယို "As If It's Your Last"ဟာ လတ်တလောမှာတော့ ကြည့်ရှုသူပရိသတ် သန်း ၃၀၀ ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါတေးဗီဒီယိုဟာ အဖွဲ့ရဲ့ တေးဗီဒီယိုတွေအနက် ပရိသတ် သန်း ၃၀၀ ကျော်ခဲ့တဲ့ ဒုတိယမြောက်တေးဗီဒီယိုဖြစ်လာခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၄ ရက် နံနက်အစောပိုင်းမှာတော့ "As If It's Your Last"တေးဗီဒီယိုဟာ မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ယင်းတေးဗီဒီယိုကို ယူကျူပေါ်မှာ ထုတ်လွှင့်ပြသခဲ့ရာမှာတော့ ကြည့်ရှုသူပရိသတ် သန်း ၃၀၀ ပြည့်မြောက်ခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့လအတွင်းမှာလည်း အဖွဲ့ရဲ့ "BOOMBAYAH"တေးဗီဒီယိုဟာလည်း ပရိသတ် သန်း ၃၀၀ ကျော်ခဲ့တာပါ။ ဒါကြောင့် လတ်တလောမှာတော့ "Black Pink"ရဲ့ တေးဗီဒီယိုနှစ်ခုဟာ ကြည့်ရှုသူ သန်း ၃၀၀ ကျော်ခဲ့ပြီဖြစ်ပါတယ်။

"As If It's Your Last"ကို ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး အဲဒီအချိန်ကတည်းက တေးဂီတဇယားတွေကို ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ၄၆ ရက်အတွင်း ကြည့်ရှုသူပရိသတ် သန်း ၁၀၀ ကျော်ခဲ့ကာ ယူကျူရဲ့ ကမ္ဘာ့တေးဂီတဇယားမှာလည်း နွေရာသီရဲ့ အကျော်ကြားဆုံးသောတေးသီချင်း ၂၅ ပုဒ်မှာ ပါဝင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ယူကျူပေါ်မှာ ကြည့်ရှုသူပရိသတ် သန်း ၃၀၀ ကျော်ခဲ့ပြီဖြစ်တဲ့ အခြားသော ကေပေ့ါပ်တေးဗီဒီယိုတွေကတော့ "BIGBANG"ရဲ့ "Bang Bang Bang"နဲ့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာမှ ပြည့်မြောက်ခဲ့တဲ့ "Fantastic Baby"၊ "BTS"ရဲ့ "DNA"၊ "Fire"နဲ့ "Drope"နဲ့ "TWICE"ရဲ့ "TT"တို့ဖြစ်ကြကြောင်းလည်း သိရပါတယ်။

# BTS ရဲ့ ဖျော်ဖြေပွဲလက်မှတ်များ သုံးရက်အတွင်း ရောင်းကုန်ခဲ့



တောင်ကိုရီးယား ကမ္ဘာကျော်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ရဲ့ မြောက်အမေရိကမှာ ပြုလုပ်ဖို့ရာ စီစဉ်ထားတဲ့ ဖျော်ဖြေပွဲတွေရဲ့ လက်မှတ်တွေကိုတော့ စတင်ရောင်းချခဲ့တဲ့ ရက်ကစပြီး သုံးရက်တာကာလအတွင်း အကုန်ရောင်းချခဲ့ရတာ ဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဖျော်ဖြေပွဲတွေကိုတော့ "LOVE YOURSELF"လို့အမည်ပေးထားပြီး အမေရိကားမှာ ချီကာဂို၊ လော့စ်အိန်ဂျလိစ် စတဲ့မြို့တွေနဲ့ ကနေဒါမှာ ဟာမင်တန်အပါအဝင် မြို့တွေမှာ ဖျော်ဖြေပွဲ ၁၄ ပွဲ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီဖျော်ဖြေပွဲအတွက် လက်မှတ်တွေကတော့ သုံးရက်တာကာလအတွင်းမှာပင် အကုန်ရောင်းချခဲ့ရတာ ဖြစ်ပါတယ်။

ဒီလက်မှတ်တွေကိုတော့ အွန်လိုင်းပေါ်ကနေတစ်ဆင့် ရောင်းချခဲ့တာဖြစ်ပြီး လက်မှတ်တစ်စောင်ကို အမေရိကန်ဒေါ်လာ ၁၀၀၀ နဲ့ ရောင်းချခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

**"Black Panther" ရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ လူပီတာညောင်အို ပြင်သစ် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ဖြစ်တဲ့ ကန်းစ်ရုပ်ရှင်ပွဲတော်ရဲ့ ပါတီပွဲတစ်ခုကို တက်ရောက်လာစဉ်။**



# တနင်္သာရီတိုင်းဒေသကြီးတွင် ကလေးသူငယ်များတွေ့ဆုံပွဲကျင်းပ



**ထားဝယ် မေ ၁၄**
တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် Future Light၊ World Vision (Myanmar)တို့ပူးပေါင်း၍ မေ ၁၃ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး ကလေးသူငယ်များ တွေ့ဆုံပွဲအခမ်းအနားကို ထားဝယ်မြို့ DDPC Royal Palace Hall ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ယနေ့ကျင်းပသည့် ကလေးသူငယ်တွေ့ဆုံပွဲသည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၌ ဖြစ်ပေါ်နေသည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးမှ တက်ရောက်လာသောကလေးကိုယ်စားလှယ် သတင်းအချက်အလက်တွေကို တင်ပြကြမှာဖြစ်သည့်အတွက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် ကလေးသူငယ်များ၏ ရင်တွင်းစကားသံများကို အရေးတယူနားထောင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ထောင်ရာမှာ ကလေးများ၏အကြံပြုချက်ကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကလေးများရှေ့ဆက်ရမည့် အနာဂတ်တွင် ကလေးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးကင်းလုံခြုံသည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဟန်ချက်ညီညီ အတူတကွပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်ခင်စန်းရီက လူမှုဝန်ထမ်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကလေးကိုယ်စားလှယ်နှစ်ဦးက ၂၀၁၈ ခုနှစ် ကလေးသူငယ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားကာ "ကလေးသူငယ်များအပေါ် လုပ်အားခေါင်းပုံဖြတ်မှုချက်ချင်းရပ်" ခေါင်းစဉ်ဖြင့် တစ်ခန်းရပ်ပြဇာတ်အား ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ တက်ရောက်လာသော တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးတင်အောင်က ကလေးသူငယ်မုဒိမ်းမှုပပျောက်ရေးအကြောင်း၊ တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က လူငယ်နှင့်မူးယစ်ဆေးဝါးအကြောင်း၊ တိုင်းဒေသကြီး ရဲမှူးကြီးနေမျိုးက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအကြောင်းနှင့် သက်ငယ်မုဒိမ်းမှုများ အကြောင်းများအား ရှင်းလင်းဆွေးနွေးကြပြီး လူငယ်ကိုယ်စားလှယ်နှစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းသိရသည်။

ကလေးသူငယ်များကိုယ်တိုင် ၎င်းတို့၏အခွင့်အရေးများကို ဖော်ထုတ်ပြောဆိုခွင့်ရရှိအောင် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ကလေးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများရရှိပြီး ကလေးသူငယ်အခွင့်အရေးများကို ညှိနှိုင်းတိုင်ပင်တောင်းဆိုတတ်ရန်နှင့် အရေးဆိုတင်ပြခြင်းစွမ်းရည်များမြင့်တက်လာရန်၊ ကလေးသူငယ်များအတွက် အရေးတကြီးဖြည့်ဆည်းပေးရန် လိုအပ်နေသောအခွင့်အရေးများကို သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများက ဖြည့်ဆည်း ဆောင်ရွက်ပေးလာရန်၊ ဒေသအတွင်း ကလေးသူငယ်များ၏အသံကို စုစည်းဖော်ထုတ် တင်ပြမှုများမှ တစ်ဆင့် ကလေးသူငယ်အခွင့်အရေး ဦးတည်ဆောင်ရွက်နေသောအဖွဲ့များနှင့် အစိုးရတာဝန်ရှိသူများကြား ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်နှင့် အပြန်အလှန် သတင်းအချက်အလက်စီးဆင်းမှု ပိုမိုမြန်ဆန်လာစေရန်ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ထားဝယ်(ပြန်/ဆက်)**



မေ ၁၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသော အာဆီယံဘဏ္ဍာရေးဆိုင်ရာ တီထွင်ဆန်းသစ်မှု ကွန်ရက်နှင့် ဆိုက်ဘာလုံခြုံရေး အလုပ်ရုံဆွေးနွေးပွဲ(ABA COFITT-AFIN and Cyber Security Workshop)တွင် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး အဖွင့်အမှာစကားပြောကြားစဉ်။

**ကြေးမုံ**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ပြိုင်ပွဲ ရှမ်းပြည်နယ်အမျိုးသားအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးအသင်း တံခွန်စိုက်ဆုဖလားရရှိ

**နေပြည်တော် မေ ၁၄**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ကြက်တောင်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီမှ စတင်ပြီး နောက်ဆုံးနေ့ဗိုလ်လုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ပြိုင်ပွဲများအပြီးတွင် ဆက်လက်ကျင်းပသည်။

နောက်ဆုံးနေ့ ဗိုလ်လုပွဲစဉ်များအဖြစ် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းမှ (၃-၀) ဖြင့်လည်းကောင်း၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ (၃-၂) ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်း၊ ပူးတွဲတတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အားလည်းကောင်း၊ အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ်အသင်း၊ ပူးတွဲတတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့အား အားကစားနှင့်ကာယပညာ ဦးစီးဌာနတာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အကောင်းဆုံးအမျိုးသားအားကစားသမားဆုရရှိသော ရှမ်းပြည်နယ်အသင်းမှ မောင်ရဲမင်းလွင်နှင့် အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုရရှိသော မခိုင်သဇ္ဈာတို့အား မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် အမှုဆောင်ဦးရဲနိုင်က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသောရန်ကုန်တိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ပိုင်က လည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသော ရှမ်းပြည်နယ်အသင်းအား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ကြက်တောင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့်အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်ဇော်**



# ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်းဖွင့်

**ရန်ကုန် မေ ၁၄**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်းအမှတ်စဉ် (၃/၂၀၁၈) ဖွင့်ပွဲ အခမ်းအနားကို မေ ၁၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် တက်ရောက်၍ သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းမင်းသိန်း၊ ဦးစီးအရာရှိ (ပထမတန်း) ယာယီရဲမှူးကြီး မြင့်ထွေး၊ တိုင်းအကူရဲတပ်ဖွဲ့ခွဲမှူး ဒု-ရဲမှူးကြီး ယုနိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ စုစုပေါင်း ၁၆၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို မေ ၁၄ ရက်မှ ၂၅ ရက်အထိ သင်တန်းသားအရာရှိ အခြားအဆင့် ၁၀၀ တို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# တိုက်နယ်ဆေးရုံ ရေဘေးကာကွယ်ရန် ရေထိန်းရေကာတာဆောက်လုပ်

**စေတုတ္တရာ မေ ၁၄**
မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် တပွင်ကျေးရွာအုပ်စု တပွင်ကျေးရွာတိုက်နယ်ဆေးရုံ ရေတိုက်စားမှုမှ ကာကွယ်ရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းသည့် ကျပ် ၃၅ ဒသမ ၀၀ သန်းဖြင့် တည်ဆောက်သောရေထိန်း၊ ရေကာတာ နံရံဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပြည့်အမှုဆောင်အဖွဲ့ဝင် ဦးကင်ဘွိုင်းက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များနှင့် ရေထိန်းရေကာတာနံရံ လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦးက တပွင်တိုက်နယ်ဆေးရုံ ရေကြီးနစ်မြုပ်ပျက်စီးခြင်း၊ ပြန်လည်ပြုပြင်ခြင်းနှင့် ရေထိန်း၊ ရေကာတာနံရံတည်ဆောက်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မျိုးမြတ်(ပြန်/ဆက်)**

# ကလေးကို လေ ဘယ်လိုထုတ်ပေးမလဲ



## ဝသုန်မြတ်ချယ်

ကလေးငယ်ရဲ့ ဗိုက်ထဲမှာရှိတဲ့ ဓာတ်ငွေ့တွေ(လေတွေ)က ကလေးကို မသက်မသာဖြစ်စေပြီး နာကျင်မှုကို ခံစားရစေတာပါ။ ဒါကြောင့် သင့်ကလေးကို လေ မကြာခဏ ထုတ်ပေးခြင်းက ဂက်စ်တွေကို ထွက်သွားစေနိုင်ပြီး ကလေးကို ပိုပြီးနေလို့ကောင်းစေကာ ဗိုက်နာလို့ ငိုခြင်းမှလည်း ကာကွယ်ပေးနိုင်ပါတယ်။ အောက်ပါ ဆောင်းပါးမှာ ကလေးကို ဘယ်လိုမျိုး မှန်ကန်စွာ လေထုတ်ပေးရမလဲဆိုတာကို ဖော်ပြထားပါတယ်။ ဒါမှသာ ကလေးက လေထိုးလို့နာကျင်တာမျိုး မဖြစ်တော့မှာ မဟုတ်လား။

**ကလေးရဲ့ဗိုက်ထဲက လေ(ဂက်စ်)တွေကို ဘာတွေက ဖြစ်စေတာလဲ**

**လေကို မျိုချမိခြင်း-** ကလေးငယ်တွေကို မိခင်နို့တိုက်ကျွေးချိန်နဲ့ နို့ဘူးတိုက်ချိန်တွေမှာ သူတို့ဟာ လေကို မမျိုချမိဖို့ ရှောင်ရှားနိုင်စွမ်းက မဖွံ့ဖြိုးသေးပါဘူး။ ဒါကြောင့် သောက်လိုက်တဲ့ နို့တွေနဲ့အတူ လေတွေက အစာအိမ်ထဲ ပါသွားပါတော့တယ်။

**အစာခြေခြင်း-** အူမကြီးထဲမှာ ဗက်တီးရီးယားတွေနဲ့ အစာခြေတဲ့စနစ်နဲ့ လုပ်ငန်းစဉ်တွေဟာ ကလေးငယ်ရဲ့ ဗိုက်ထဲက လေ(ဂက်စ်)တွေကို သဘာဝအတိုင်း ဖြစ်ပေါ်စေနိုင်ပါတယ်။

**ဓာတ်မတည့်ခြင်း သို့မဟုတ် အစာဒဏ်မခံနိုင်ခြင်း-** တကယ်လို့ ကလေးငယ်ကို မိခင်နို့တိုက်တယ်ဆိုရင် မိခင်စားလိုက်တဲ့ အစာတွေထဲက အချို့ကို ခံနိုင်ရည်မရှိတာမျိုး ဖြစ်တတ်ပါတယ်။ ဒီလို အခြေအနေမျိုးမှာ ခန္ဓာကိုယ်က ဗိုက်ထဲမှာ လေတွေ ဖြစ်ပေါ်စေခြင်းအားဖြင့် တုံ့ပြန်တတ်ပါတယ်။ ဖြစ်ရပ်အများစုမှာ နို့ထွက်ပစ္စည်းတွေကို ခံနိုင်ရည်မရှိတာက ကလေးတွေရဲ့ ဗိုက်ထဲမှာ လေအများဆုံး ဖြစ်စေတာပါပဲ။

**ဘယ်အချိန်မှာ လေထုတ်ပေးရမလဲ**

ကလေးငယ်ဟာ အစာစားချိန်တွေမှာ မသက်မသာဖြစ်ပြီး တွန်းဆွဲနေတာမျိုးနဲ့ ငိုယိုနေတာမျိုးဖြစ်နေပြီဆိုရင် ဒါဟာ လေထုတ်ပေးရမယ့်အချိန်ပါပဲ။ အချို့သောမိဘတွေဟာ ကလေးငယ်ကို နို့ဘူးတစ်ဝက်လောက် ကုန်တဲ့အချိန် သို့မဟုတ် နို့တိုက်ပြီးချိန်မှာ လေထုတ်ပေးတတ်ကြပါတယ်။ တကယ်လို့ ကလေးဟာ ငြိမ်နေတယ်။ ဒါမှမဟုတ် နို့စို့ပြီးချိန်မှာ အိပ်ပျော်သွားတယ်ဆိုရင် လေထုတ်ပေးဖို့ မလိုအပ်ပါဘူး။

သင့်ကလေးဟာ လေးလမှ ခြောက်လအရွယ်ရောက်လာပြီဆိုရင် လေထုတ်ပေးနေရတဲ့ ဘဝကနေ လွတ်လာပါပြီ။ အတိအကျပြောရမယ်ဆိုရင် သူတို့ဟာ ကောင်းကောင်းနို့စို့တတ်တဲ့၊ စားတတ်တဲ့ အရွယ်ရောက်လာတာဖြစ်ပြီး အရင်က အခြေအနေတွေနဲ့ ယှဉ်လိုက်ရင် လေကို မျိုချမိတာမျိုး ဖြစ်ခဲသွားပါပြီ။

**ဘယ်လိုလေထုတ်ပေးရမလဲ-**

ပခုံးပေါ်တင်ပြီး ထုတ်ပေးပါ။

သင့်ရဲ့ပခုံးတွေက သင့်ကလေးဗိုက်ကို ညင်ညင်သာသာလေး ဖိနေသလိုဖြစ်အောင် လုံလောက်တဲ့အမြင့်မှာ ကလေးကို ထားပါ။ ဒီအနေအထားဟာ ကလေးဗိုက်ထဲက လေတွေကို ကျောကို ပုတ်လိုက်တာနဲ့ ထွက်လာနိုင်အောင် လုံလောက်တဲ့ ဖိအားပေးနိုင်ပါတယ်။ ကလေးရဲ့ကိုယ်ကို လက်တစ်ဖက်က ထိန်းထားပြီး နောက်တစ်ဖက်နဲ့ ကျောကို ညင်သာစွာ ပွတ်ပေး၊ ပုတ်ပေးပါ။ ဒါကို လုပ်နေစဉ်မှာ သင့်ကလေးက သက်သောင့်သက်သာရှိနေပါစေ။ ပုံမှန်အသက်ရှူလို့ ရနေပါစေ။ ခေါင်းကို အတင်းကြီး ချိုးထားရတာမျိုး၊ ငုံ့ထားရတာမျိုး မဖြစ်ပါစေနဲ့။ ကလေးရဲ့ ခေါင်းအနေအထား မှန်၊ မမှန်ဆိုတာနဲ့ လေထုတ်ဖို့ အသင့်ဖြစ်၊ မဖြစ် သေချာဖို့အတွက် သင်တို့ရဲ့အနေအထားကို မှန်ထဲမှာ ကြည့်လို့ရပါတယ်။

**ပေါင်ပေါ်မှာ ထိုင်ခိုင်းပါ-**

ကလေးကို ပေါင်ပေါ်မှာ မတ်မတ်ထိုင်နိုင်အောင် လုပ်ပေးပြီး သင့်ကို ကျောပေးပြီး ထိုင်ခိုင်းထားပါ။ ကလေးရဲ့ ကိုယ်ကို လက်တစ်ဖက်က ထိန်းပြီး ကျန်တစ်ဖက်နဲ့ ကျောကို ညင်သာစွာ ပွတ်ပေး၊ ပုတ်ပေးပါ။ ကလေးရဲ့ ရင်ဘတ်ကို လက်ဖဝါးနဲ့ ထိန်းထားပြီး သင့်လက်ချောင်းတွေက သူ့ရဲ့မေးစေ့နဲ့ မေးရိုးတွေကို ထောက်ပြီး ထိန်းထားပေးပါ။ သင့်လက်ချောင်းတွေဟာ ကလေးရဲ့ လည်ပင်းကို မတော်တဆရောက်သွားနိုင်တာကြောင့် ဒီအနေအထားနဲ့ လေထုတ်မယ်ဆိုရင် သတိကြီးကြီးထားပါ။

ဒီနည်းလမ်းကိုသုံးပြီး လေမထုတ်ခင် သင့်ကလေးက သင့်ပေါင်ပေါ်မှာ တံတွေးထွေးချတာတွေ၊ အန်ချတာတွေ ဖြစ်နိုင်တယ်ဆိုတာ သတိပြုပါ။ အဝတ်စတစ်စကို ပေါင်ပေါ်ဖြန့်ခင်းထားခြင်းအားဖြင့် ဒီလိုအခြေအနေမျိုးကို ရှောင်ရှားနိုင်ပါတယ်။

ကလေးကို လေထုတ်ရာမှာ အခက်အခဲဖြစ်နေသေးရင် ကလေးအထူးကု သို့မဟုတ် ကျန်းမာရေးအကြံပေးကို ဆက်သွယ်ပြီး အကြံဉာဏ်တွေ၊ လမ်းညွှန်မှုတွေနဲ့ ကုသမှုနည်းလမ်းတွေ တောင်းဆိုဖို့ တွန့်ဆုတ်မနေပါနဲ့။ ။

## အမှိုက်စလေး ပမာပေး

❖ လူမှုလောက ကျင်လည်ကြစဉ်
ဝန်းကျင်နီးနား သင်ပြုအားက
အမှိုက်စငယ် သင်မြင်တယ်ဆို
ထိုထိုအမှိုက် သေးငယ်လိုက်တာ
ဥပေက္ခာထား ရှောင်မသွားနှင့် . . .

❖ ထိုအမှိုက်က မီးထလောင်မည့်
ကြီးသည့်ဒုက္ခ ကြုံတွက်ဆကာ
လျင်စွာဖယ်ရှင်း သန့်စင်ခြင်းဖြင့်
သင့်ရင်တွင်းမှ အလှဝေဖြာ
ဤမြေကမ္ဘာ သာယာစေတည့်
စိတ်ကောင်းရှိတာ သိစေရာ . . .

❖ ထိုနည်းတူစွာ ပြည်မြန်မာ၌
အမှိုက်စလေး ပမာပေးရင်း
ညီရင်းနောင်ဖွား ပြည်ထောင်သားတို့
ကိုယ့်တိုင်းဌာနီ ဤမြန်ပြည်ဝယ်
ပျက်ပြယ်အလှ ကြည့်ရဆိုးသည့်
သဘောမရိုး အမှိုက်မျိုးအား
ဖယ်ရှားမပစ် ထားလေရစ်က
ကြီးလှသည့်မီး လောင်ပြီးရင်းလောင်
နှောင်အခါဝယ် ငြိမ်းပယ်ရှင်းသတ်
လွန်ခက်တတ်လှ သိကောင်းကြရေး
ကဗျာရေးလျက် တင်ပြ၏
မကြာတွေးလျက် မြင်ကြဘိ . . .။

မောင်အေးချမ်း(တောင်ကြီး)

## ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီး ကွင်းဆင်းစစ်ဆေး

**ရေတာရှည် မေ ၁၄**

ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဆေးပေးခန်း၊ မူလတန်းကျောင်း၊ အလယ်တန်းကျောင်းတို့တွင် အများပြည်သူသုံး ဆိုလာများ တပ်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် လမ်းမီးတိုင်များ တပ်ဆင်ဆောင်ရွက်ပြီးသည့်လုပ်ငန်းများကို တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသိန်းနှင့် တာဝန်ရှိသူများက မေ ၁၃ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း (NEP)(မဟာဓာတ်အားလိုင်းပြင်ပ) ICB-II ၏ တစ်အိမ်သုံးဆိုလာစနစ် (SHS)အား ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်ချဆိပ်ကျေးရွာ၌ တင်ဒါအောင်မြင်ခဲ့သည့် Poly Solar Technology Co.,Ltdက ကျေးရွာအတွင်းရှိ နေအိမ် ၂၅၃ အိမ်အား ၆၀ ဝပ် ဆိုလာ ၂၅၃ ယူနစ် တပ်ဆင်သွား မည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး အတွင်း ၂၀၁၇-၂၀၁၈ ခုနှစ် ICB-II တွင် တစ်အိမ်သုံးဆိုလာစနစ်(SHS)ဖြင့် ကျေးရွာပေါင်း ၁၃၃၆ ရွာ၊ အိမ်ခြေ ၈၈၀၁၉ တွင် တစ်အိမ်သုံးဆိုလာ ၈၈၀၁၉ ယူနစ်၊ အများပြည်သူသုံး ဆိုလာ ၁၃၃၆၇ ယူနစ်၊ အသေးစား ဓာတ်အားလိုင်းစနစ် (Mini-Grid) ဖြင့် ကျေးရွာ ၁၆ ရွာ၊ အိမ်ခြေ ၃၁၂၇ ယူနစ်၊ အများပြည်သူသုံးဆိုလာ ၉၉၁ ယူနစ် စုစုပေါင်းကျေးရွာ ၁၃၈၂ ရွာ၊ အိမ်ခြေပေါင်း ၉၁၁၄၆ ယူနစ်၊ အများပြည်သူသုံးဆိုလာ ၁၄၃၅၈ ယူနစ်တို့ကို အကောင်အထည်ဖော်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## အဆင့်အတန်းမီ မျိုးစေ့များရရှိနိုင်ရေး ထန်းတပင်မြို့နယ်တွင် မျိုးစေ့သန့်စင်စက်ဖွင့်လှစ်

**ထန်းတပင် မေ ၁၄**

တောင်သူများ မျိုးစေ့ထုတ်လုပ်ရာတွင် ယခင်ထက် အဆင့်အတန်းမီသော မျိုးစေ့များရရှိနိုင်ရန် ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းက တောင်ငူခရိုင် ထန်းတပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန သိုလှောင်ရုံတွင် မျိုးစေ့သန့်စင်စက်ဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပခဲ့သည်။

ရှေးဦးစွာ မျိုးစေ့သန့်စင်စက်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူး ဦးကျော်ကျော်ဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကိုကိုစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။ ဆက်လက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးကျော်ကျော်ဦးက မျိုးစေ့သန့်စင်စက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တောင်သူများက မျိုးစေ့သန့်စင်စက် ထုတ်လုပ်နေမှုကို လေ့လာကြည့်ရှုခဲ့ကြပြီး မျိုးကောင်းမျိုးသန့်များရရှိမည့် မျိုးစေ့များကို မျိုးစေ့သန့်စင်စက်ဖြင့် သန့်စင်ပေးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ကျေးလက်နေပြည်သူများ သောက်သုံးရေအတွက် စက်ရေတွင်း တူးဖော်

**ညောင်ဦး မေ ၁၄**

ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ဖြူကြီးကျေးရွာအုပ်စု စိုင်ကံတဲတိုက်တွင် မေ ၈ ရက်ကစတင်ပြီး ညောင်ဦးမြို့နယ် အပူပိုင်းဇုန်ကျေးလက်ရေရရှိရေးစီမံကိန်း(JICA)ရုံးမှ ခြောက်လက်မ အဝီစိစက်ရေတွင်းတစ်တွင်း တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ညောင်ဦးမြို့နယ် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်း (JICA)ရုံးက ဒေသခံကျေးလက်နေပြည်သူတွေ နှစ်စဉ် သောက်သုံးရေရှားပါးမှု အခက်အခဲတွေနဲ့ ကြုံတွေ့နေရတယ်ဆိုတာ သိရလို့ အခုဘဏ္ဍာနှစ်မှာ ခြောက်လက်မ အဝီစိစက်ရေတွင်း တစ်တွင်း တူးဖော်ပေးနေပါတယ်၊ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို မေ ၈ ရက်က စတင်တူးဖော်ခဲ့တာဖြစ်ပြီး လက်ရှိမှာ မြေအောက်အနက်ပေ ၆၄၀ ခန့် တူးဖော်ပြီးစီးသွားပါပြီ၊ ကျွန်တော်တို့အနေနဲ့ ခန့်မှန်းထားတာကတော့ ဒေသခံပြည်သူတွေ သန့်ရှင်းတဲ့ မြေအောက်ရေ ဖူလုံစွာသုံးစွဲသွားနိုင်ဖို့ ခန့်မှန်းအနက် ပေ ၁၃၀၀ ခန့် တူးဖော်သွားဖို့ စီစဉ်ထားပါတယ်၊ အခု တူးဖော်နေတဲ့လုပ်ငန်း ပြီးစီးသွားရင် ရေဂါလန် ၂၄၀၀ ဆံ့ ပေ ၂၀ အမြင့် စင်မြင့်ရေစင် တည်ဆောက်ခြင်းနဲ့ အကျယ်အဝန်း (၁၀ × ၁၂ × ၈)ပေ ခန့်ရှိ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းတွေကိုလည်း ထည့်သွင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု မြို့နယ် (JICA)ရုံးမှ စက်ရေတွင်းတူးဖော်ရေးအဖွဲ့ဝင် ဦးဇော်ညွန့်ဦးက ပြောသည်။

အဆိုပါ အဝီစိစက်ရေတွင်းတူးဖော်ပြီးသွားပါက အိမ်ခြေ ၁၀၀ ကျော်မှ လူဦးရေ ၄၀၀ ကျော်ခန့်ကို ရာသီမရွေး သောက်သုံးရေ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**


MAB
Myanma Apex Bank
VISA
FIFA WORLD CUP RUSSIA 2018
worldwide partner
EMBRACE YOUR LIFESTYLE
FIRST VERTICAL VISA CARD IN MYANMAR
COURTESY OF VISA
VISA PLATINUM CREDIT CARD
VISA CLASSIC CREDIT CARD
MAB VISA FIFA WORLD CUP™ CREDIT CARD
Visa နှင့် MAB Bank မှပေးသော Discount နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း
ကတ်အခမဲ့လျှောက်ထား နိုင်ခြင်း
MAB iBanking အကောင့် ကိုအခမဲ့ဖွင့်ပေးခြင်း
Get MAB CARD
APPLY NOW!
Available at Any MAB Branches
(While Stock Last)
CALL CENTER : 01 8610612
Scan QR Code with your Smart Phone to Find MAB Branches

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး

## ဒေါ်ခင်လှိုင်(နန်းညွန့်ရတနာရွှေဆိုင်၊ အင်းစိန်)

**အသက် (၉၂)နှစ်**

အင်းစိန်မြို့နယ်၊အမှတ်(၁၉၀)၊မာယလမ်း၊ဈေးကုန်းအနောက်ရပ်ကွက်နေ ဦးလုံးဟင်-ဒေါ်ငံဖုန်တို့၏သမီး၊ (ဗိုလ်ကြီးရဲမြင့်)၏ဇနီး၊ ဦးစိုးမြင့်-ဒေါ်ညွန့်ညွန့်ဝင်း၊ (ဒေါ်သိန်းသိန်းရွှေ-ဗိုလ်မှူးစံဝင်း)၊ (ဦးသိန်းတန်)-ဒေါ်ငွေငွေ၊ ဦးစိုးဝင်း-(ဒေါ်ကျင်သန်း)တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ် ၁၀ ယောက်တို့၏အဘွားသည် ၁၃-၅-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄း၃၃ နာရီတွင် ရွှေလမင်း(၂)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေး တိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသန်းနိုင် (နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)

**အသက်(၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်နေ (ဦးသန်းတင်-ဒေါ်ဘုမ)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးဘိုးသောင်း-ဒေါ်ရွှေသီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၀)ရပ်ကွက်၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၁၃)နေ ဒေါ်တင်ဦး (သစ်တောရေးရာဝန်ကြီးဌာန-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးအောင်၊ (ဦးတင်ဝင်း)-ဒေါ်အေးမို၊ (ဦးမောင်ဇော်-ဒေါ်လှငွေ)၊ ဦးတင့်လွင်-ဒေါ်အေးဖြူမေ၊ (ဦးချစ်ဆွေ)-ဒေါ်အေးအေးမြင့်၊ (ဦးတင်ငွေ)-ဒေါ်ခက်ခက်မြင့်၊ ဦးတိုးကြီးစိုး-ဒေါ်ကြိုင်တို့၏အစ်ကိုကြီး၊ ဦးတင်မောင်နိုင်(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သက်နှင်းဦးတို့၏ချစ်လှစွာသောဖခင်၊ တူ/တူမ ၁၄ ယောက်တို့၏ ဘကြီး၊ မအေးမြသက်နိုင်၏ ချစ်လှစွာသောအဘိုးသည် ၁၃-၅-၂၀၁၈ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈(အင်္ဂါနေ့) နံနက် ၁၀နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှကြင်(ပြည်)**

**အသက်(၈၅)နှစ်**

သူငယ်ချင်းကိုလှစိန်၏မိခင်ကြီးဒေါ်လှကြင်သည်၁၃. ၅. ၂၀၁၈ တနင်္ဂနွေနေ့တွင်ကွယ်လွန်သွားပါသဖြင့်မိသားစုနှင့်အတူဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၄၊စီးပွားရေးတက္ကသိုလ်
ဘောဂဗေဒသူငယ်ချင်းများ

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးဗိုလ်ထွန်း(ငြိမ်း)**

**အသက်(၇၈)နှစ်**

**လေ-၁၃၇၂**

ဒေါ်စန္ဒာအေး၊ ဌာနစုမှူး-၂ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ချစ်လှစွာသောဖခင် ဗိုလ်မှူးဗိုလ်ထွန်း(ငြိမ်း)အသက်(၇၈)နှစ်သည် ၁၃-၅-၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**LD 90 (1998) Batch မှ သူငယ်ချင်းများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းနိုင်**

**နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)**

**အသက် (၇၇) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၀)ရပ်ကွက်၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၁၃)နေ ဦးတင်မောင်နိုင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သက်နှင်းဦးတို့၏ဖခင်ဖြစ်သူ ဦးသန်းနိုင်သည် ၁၃-၅-၂၀၁၈(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

မှုခင်းရဲတပ်ဖွဲ့၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသော ရဲအုပ်ကျော်မိုးသန်း (ဒု-ရဲအုပ်လောင်းအပတ်စဉ် ၃၆/၁၉၉၈)သည် ၁၄-၅-၂၀၁၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ်-၃၃၅၀၊ အခန်း(၂)၌ ကွယ်လွန်သွားကြောင်းကြားသည့်ရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုရဲအုပ်လောင်းအပတ်စဉ် ၃၆/၁၉၉၈**
**သူရတပ်ခွဲမှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**လ-၁၃၆၇၃၃ ဒုတိယရဲအုပ် ဇော်ရဲနိုင်**

**ရဲအရာရှိ အမှတ်စဉ်(၂၅/၉၆)၊ သူရတပ်ခွဲ**

**အသက်(၅၀)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့မရဲစခန်းမှ ဒုတိယရဲအုပ် ဇော်ရဲနိုင်သည် ၁၂-၅-၂၀၁၈(စနေနေ့) ဝ၆း၁၅နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **အမှတ်စဉ်-၂၅/၉၆ သူရတပ်ခွဲ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**လ-၂၁၂၃၄၅ ရဲအုပ် ဗိုလ်ဗိုလ်**

**အသက်(၃၇)နှစ်**

**ဒု ရဲအုပ်လောင်း အမှတ်စဉ်(၅၈/၂၀၀၆)**

လ ၂၁၂၃၄၅ ရဲအုပ် ဗိုလ်ဗိုလ် သည် ၁၃-၅-၂၀၁၈ ရက်နေ့ နံနက် ၃း၃၅ နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုရဲအုပ်လောင်းအမှတ်စဉ်(၅၈)မှ**
**သူငယ်ချင်းများ**

## ဦးထိန်လင်း (၈၇)နှစ်

**အယ်ဒီတာချုပ်(ငြိမ်း)၊ ဗိုလ်တထောင်သတင်းစာ**
**နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်**
**မော်ကွန်းဝင်ဒုတိယဆင့်**
**ကန်တော့ခံသက်ကြီးစာပေပညာရှင်**

ရန်ကုန်မြို့နေ (ဦးမြ-ဒေါ်အေးဆင်)တို့၏ သားကြီး၊ အမရပူရမြို့နေ (ဦးမြ-ဒေါ်ခင်)တို့၏ သားသမက်၊ [ဒေါ်စောမြ(နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်၊ မော်ကွန်းဝင်ဒုတိယဆင့်)]၏ ခင်ပွန်း၊ (ဦးဘဆင့်-ဒေါ်နှင်းလှ)၊ ဦးလှထွန်း-ဒေါ်သန်းနု၊ (ဦးအောင်တင့်-ဒေါ်သောင်း)၊ (ဒေါ်ရီရီမြင့်-ဦးကျော်မြင့်)၊ (ဦးခင်ငြိမ်း)-ဒေါ်သန်းကြွေတို့၏ အစ်ကိုကြီး၊ (ဒေါ်ခင်ဖြူလင်း-ဦးသန်းနိုင်ဝင်း)၊ ဒေါ်မာမာလင်း(M.O.G.E-ငြိမ်း)-ဦးအောင်သိန်းတို့၏ဖခင်၊ ဦးထက်နိုင်လင်း-ဒေါ်ခက်သန္တာစိုး၊ ဒေါ်ချယ်ရီနိုင်လင်း-ဦးကောင်းဇော်ရဲ၊ ဦးစိုးနိုင်လင်း-ဒေါ်ဖြိုးဖြိုးထက်တို့၏အဘိုး၊ မောင်ရှင်းသန့်ကိုကို၊ မောင်လင်းသန့်ညီညီ၊ မောင်ရှင်းခန့်မင်းတို့၏ ဘေးဘေးကြီးသည် ၁၃-၅-၂၀၁၈ရက် ည ၆း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅- ၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၅၄၁)၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဦးကျော်အေး(ခ)အဂျမ်းဘိုင်(ပြည်မြို့)

**လ-ဝ-က(ငြိမ်း)**

**အသက် (၈၂)နှစ်**

ပြည်မြို့နေ (ဦးအီစမိုင်အင်-ဒေါ်အမာပု)တို့၏ သား၊ ပြည်မြို့၊ ဆွေးနွေးဘုရားလမ်း၊ အမှတ်(၄၄၆)နေ [ဒေါ်ခင်စန်းကြည်(ခ)ဒေါ်မရိုယံ]၏ခင်ပွန်း၊ ဒေါ်ကြူကြူအေး၊ ဒေါ်တင်မျိုးဝင်း၊ ဒေါ်သက်သက်အေး၊ ဒေါ်သန္တာအေး၊ ဦးတင်ထွဋ်တို့၏မွေးသဖခင်၊ မြေး ၁၂ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၄-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၂း၃၇ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အစွရ်နမာဇ်အပြီး အေးငြိမ်းရာအစ္စလာမ်ဥယျာဉ်တော်၌ ဒွါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်ကြည်(ခ)ဒေါ်မွေးမွေး (၆၅)နှစ်

**စန္ဒာမုန့်ဆိုင်-ဆန်းသစ်မုန့်ဆိုင်၊ ဟင်္သာတမြို့**

ဟင်္သာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ မန်းဘခိုင်လမ်း၊ အမှတ်(၅)နေ (ဦးဖန်ဆောင်-ဒေါ်သန်းကြည်)တို့၏ သမီး၊ ဦးကျင်စိန်-(ဒေါ်ခင်စန်းရီ)၊ ဦးကျင်ထွန်း၊ ဦးမင်းဉာဏ်-ဒေါ်ယဉ်မေ၊ ဒေါ်သန်းသန်းအေးတို့၏ ညီမ၊ ဦးစိန်လင်း၏ အစ်မ၊ မလင်းလဲ့လဲ့အောင်၊ ကိုမျိုးမင်းစံ-မသဇင်၊ ကိုရဲမင်းအောင်-မခင်သီတာကျော်၊ မဆုရည်မင်းတို့၏ အဒေါ်၊ မောင်အောင်ခန့်ဇော်၊ မဟံသာနိုင်တို့၏အဘွားသည် ၁၂-၅-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂း၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကြက်တွန်ရိုးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးလှထွေး (ကိုယ်) (၅၉)နှစ်

**CDC-7517 (Ex-Bernhard Schulte Company)**

**အထက(၂)ဒဂုံ၊ မြို့မကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်(၂၇၉)၊ အခန်း(၄)နေ [ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)]-ဒေါ်ခင်ကြည်တို့၏ သားထွေး၊ (ကာတွန်းဦးအောင်ရှိန်-ဒေါ်ကြင်မံ)တို့၏သားသမက်၊ ဒုတိယဗိုလ်မှူးကြီးနေလင်း(ငြိမ်း)၊ [ဗိုလ်ကြီးစန်းစန်းမြင့်(ငြိမ်း)]၊ ဒေါ်အေးအေးသန်း-ဦးအောင်သောင်း(သင်္ချိုင်း)၊ ဒေါ်နွဲ့နွဲ့အုန်း-ဦးခင်မောင်လတ်၊ ဦးမြင့်အုန်း-ဒေါ်မီမီဟန်၊ ဒေါ်ချိုချိုအုန်းတို့၏ ညီ/မောင်၊ (ဦးတိုးတိုးမောင်)၏ အစ်ကို၊ ဒေါ်နီနီအောင်၏ ခင်ပွန်း၊ မချောစုထွေး၊ ကိုသန်းမြင့်၊ ကိုညီညီအောင်-မအေးနန္ဒာကျော်တို့၏ဖခင်၊ တူ/တူမ ၁၁ ယောက်တို့၏ ဦးလေး၊ မြေးလေးယောက်တို့၏အဘိုး ဦးလှထွေးသည် ၁၃-၅-၂၀၁၈ ရက် ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေဟင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြင်ကြင်(ပန်းတနော်)**

**အသက်(၉၇)နှစ်**

ဦးခင်မောင်ကြည်-ဒေါ်အေးအေးရီ (တရားလွှတ်တော်ရှေ့နေ)တို့၏မိခင် ဒေါ်ကြင်ကြင်သည် ၁၀-၅-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာစိုးဝင်း-ဒေါ်ဥမ္မာတင်မောင် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

**ဗိုလ်မှူး ဗိုလ်ထွန်း(ငြိမ်း)**

**အသက် (၇၈) နှစ်**

**လေ-၁၃၇၂**

**တရားဥပဒေနှင့် ပြည်သူ့စီမံခန့်ခွဲရေးရာကော်မတီဝင် (ငြိမ်း)**

စတသ(၂၆)မှ ဗိုလ်မှူးမောင်မောင်ရွှေမိုး(ငြိမ်း) (Communication Gruop Co., Ltd)-ဒေါ်ခင်လဲ့ဝင်းတို့၏ ချစ်လှစွာသောဖခင် ဗိုလ်မှူး ဗိုလ်ထွန်း(ငြိမ်း)သည် ၁၃-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၂၆)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ**

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်သန်း(မော်ကျွန်း)

**အသက် (၉၂) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၇၆-အေ)နေ (ဦးဘိုးကွန်း-ဒေါ်အေး)၏ သား၊ (ဒေါ်သိန်းမြင့်)၏ ခင်ပွန်း၊ ဦးကျော်ဝင်း-ဒေါ်ငွေဝင်း၊ ဦးခိုင်မြတ်ကျော်(ညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)-ဒေါ်မြမြသောင်း၊ (ဦးအေးကျော်)-ဒေါ်မိုးမိုး၊ ဒေါ်မြမြမွေးတို့၏ ဖခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးမြင့်သန်း(မော်ကျွန်း)သည် ၁၄-၅-၂၀၁၈ ရက် နံနက် ၁၀း၃၀ နာရီတွင် ခုတင်(၅၀၀) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၈ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်အေးရွှေ

**အသက် (၈၀)**

အလုံမြို့နယ်၊ အမှတ် (၃၃၁)၊ လေးလွှာ၊ ကန္နားလမ်းနေ (ဦးဖိုးသား-ဒေါ်ဖွားတင်)တို့၏ သမီး၊ (ဦးကျောက်ခဲ)၏ဇနီး၊ (ဦးလှစိုး)-ဒေါ်ခင်မာဆွေ၊ ဦးစိန်ဝင်း-ဒေါ်ဝင်း၊ ဦးမင်းကို-(မမိုးမိုးဆွေ)၊ ကိုကျော်စိုးဝင်း၊ ကိုကျော်စိုးလင်း၊ မစန္ဒာမိုးတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၄-၅-၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အေးရွှေ(ခင်ဦး)

**အသက် (၈၀)**

အလုံမြို့နယ်၊ အမှတ်(၃၃၁)၊ လေးလွှာ၊ Strand Condo နေ (ဦးဖိုးသား-ဒေါ်ဖွားတင်)တို့၏သမီး၊ (ဦးကျောက်ခဲ)၏ဇနီး၊ (ဦးလှစိုး)-ဒေါ်ခင်မာဆွေ၊ ဒေါ်စန္ဒာမိုးတို့၏မိခင်၊ ဦးဇော်သူရ-ဒေါ်မြသီတာ၊ ဗိုလ်ကြီးကျော်ဇံအောင်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၄-၅-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြကြည် (၇၅)နှစ်

**ဦးစီးအရာရှိ(ငြိမ်း)**

**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ မောင်းမကန်လမ်း၊ (၂၃၀/ခ)နေ (ဦးအောင်ဖေ-ဒေါ်တင်မေ)တို့၏သမီး၊ (ဦးထွန်း-ဒေါ်ချစ်ပို)တို့၏သမီးချွေးမ၊ ဦးညွန့်သောင်း (လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ ရသုံးဦးစီးဌာန)၏ဇနီး၊ ဦးမိုးကျော်စိုး-ဒေါ်ချောအိန္ဒယ်တို့၏မိခင်၊ ဟိန်းကာရန်ညီ၏အဘွားသည် ၁၄-၅-၂၀၁၈ ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၈ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## ဦးညီထွေးထွန်း(မြိတ်)

**အသက်(၃၇)နှစ်**

**အသင်းဝင်အမှတ်(၂၇၆၆)**

ရန်ကုန်မြို့၊အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်နေ မသက်မာဝင်း၏ ခင်ပွန်းသည် ၁၂-၅-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဓမ္မာနန္ဒ (ရန်ကုန်တိုင်းသံဃနာယက ဩဝါဒါစရိယ)

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာကျောင်းဝိုင်း၊**
**ဝါဆိုမှိုကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော်ကြီး**

**သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ဆံရစ်ကျေးရွာ ခမည်းတော်ဦးအောင်တုတ်-မယ်တော်ဒေါ်စံတို့၏သားတော်၊ ဦးညွန့်ဆောင်-ဒေါ်တင်၊ ဦးသန်းအေး-ဒေါ်ခင်အေး၊ ဦးတိုး-ဒေါ်လှမြင့်၊ ဦးကျော်မြင့်-ဒေါ်ခင်ထွေးတို့၏အစ်ကိုသည် ၁၃-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၁-၅-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် တပည့်ဒါယကာ/ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ တပည့်/ဒါယကာ/ဒါယိကာမများ

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှကြင်(ပြည်) (၈၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အမှတ်(၇၅)နေ (ဦးမောင်မောင်ညွန့်)၏ဇနီး၊ ဦးသိန်းဝင်း-ဒေါ်လှလှဝင်း(ပန်းသီးစတိုး)၊ ဦးလှစိန်-ဒေါ်အေးအေးဝင်း(မင်္ဂလာဈေးစိန်ရတနာဝင်းပုဆိုးဆိုင်)၊ ဦးသိန်းဇော်-ဒေါ်အေးအေးမွန် (ဟိန်းခန့်ဇော်အထည်ဆိုင်၊ မန္တလေး)၊ ဦးအောင်စိန်-ဒေါ်အိအိခိုင် (အဓိပတိစတိုး၊ ပြည်)၊ ဦးသန်းစိန်-ဒေါ်မွေးမွေးကြူ (စိန်စတိုး၊ ပြည်)တို့၏ မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွား ဒေါ်လှကြင်သည် ၁၃-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃နာရီတွင် အေးကြီးရာသုသာန်သို့ ပို့ဆောင်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်ထွန်း(ခ)ဦးပါနီ (၈၃)နှစ်

**ပဲခူးတိုင်း လ. ဝ. က(ငြိမ်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၃)လမ်း (အလယ်ဘလောက်)၊ အမှတ် (13/15 D-8)နေ (ဦးသင်ဆိုင်-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးသာစိန်-ဒေါ်သန်း)တို့၏သားသမက်၊ (ဦးမောင်မောင်သန်း-ဒေါ်ခင်မြမြ)၊ (ဦးအောင်မြင့်-ဒေါ်အမာ)တို့၏ ညီ/မောင်၊ ဦးမျိုးမြင့်ထွန်း-ဒေါ်လတ်လတ်၊ ဦးအောင်စောဦး-ဒေါ်အေမီထွန်း၊ ဒေါ်ကြည်ကြည်ထွန်း၊ ဒေါ်ဝေမီထွန်းတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မအေးချမ်းမိုး၏အဘိုး၊ (ဒေါ်အေးမြင့်)၏ခင်ပွန်းသည် ၉-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၈(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဖေစန်း(တပ်ကြပ်-ငြိမ်း) စမအခွဲ-၉၀၅

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၂၃၇/ခ)နေ (ဦးထွန်းရှိန်-ဒေါ်တင်ညွန့်)တို့၏ သား၊ ဒေါ်တင်တင်စန်း၊ ဦးမြကြီး-ဒေါ်မြင့်မြင့်စန်း(လယ်/ဆည်)၊ (ဦးရဲမြင့်-ဒေါ်ညွန့်ညွန့်စန်း)၊ ဦးငွေလှိုင်-ဒေါ်သန်းသန်းအေး၊ (ဦးကျော်ခေါင်-ဒေါ်လဲ့လဲ့ဝင်း)၊ ဦးမိုးကျော်ဦး-ဒေါ်အေးသီတာ၊ ဦးကိုကိုဦး-ဒေါ်အေးစန္ဒာ(သွား/တု ကျွမ်းကျင်-၂၊ သွားဆေးတက္ကသိုလ်၊ ရန်ကုန်)၊ ဦးကိုကိုမောင်(YUPT CO.,LTD.)-ဒေါ်တိုးတိုးဝင်းတို့၏ဖခင်၊ မြေး ၂၆ယောက်၊ မြစ် ၁၀ယောက်တို့၏အဘိုး၊ ဒေါ်တင်ကြည်၏ချစ်လှစွာသောခင်ပွန်းသည် ၁၃-၅-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၈ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအေးသိန်း (၇၄)နှစ်

**မြန်မာ့ကုန်တိုက်၊ ပန်းဆိုးတန်းလမ်း (ငြိမ်း)**

ပန်းတနော်မြို့နယ်၊ တော်တရနေ (ဦးမောင်ဥ-ဒေါ်ချစ်ခင်)တို့၏ သားကြီး၊ (ဦးမောင်စု-ဒေါ်မြရွှေ)တို့၏တူ/သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးသီ-ဒေါ်ငွေစိန်)တို့၏သားသမက်၊ ဘုရားကြီးမြို့နေ (ဦးသိန်းစိုး-ဒေါ်သန်းသန်းငွေ)၊ မအူပင်မြို့နေ ဒေါ်ခင်နွဲ့၊ ဒေါ်ငွေငွေတို့၏အစ်ကိုကြီး၊ ရွှေပြည်သာမြို့နယ်နေ (ဦးစောမောင်)-ဒေါ်မြစိန်တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၂)ရပ်ကွက်၊ ကွေ့မအိမ်ရာ၊ တိုက်(၁)၊ အခန်း(၂၀၄)နေ ဒေါ်အုန်းကြည်(ကုန်သွယ်ရေး-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ မောင်မောင်ဦး(ခ)အောင်သူရ၊ ကိုကိုညီ(ခ)ကိုငယ်၊ မသန္တာသိန်း(ငွေလက်ဆောင်ပုံနှိပ်လုပ်ငန်း)တို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်ရှိုင်းလင်းဦး (First Year-Geology)၏ ဘိုးဘိုးကြီးသည် ၁၃-၅-၂၀၁၈(တနင်္ဂနွေနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ခင်စောမြင့် (၇၃)နှစ်

**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊ အဆင့်မြင့်ပညာဦးစီးဌာန**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာလမ်း၊ အမှတ်(၁၄၉)နေ ၊(ဦးပန်းဒုတ်-ဒေါ်ကြည်ကြည်)တို့၏ သမီးထွေး၊ (ဒေါက်တာညွန့်စိန်-ဒေါ်သောင်းသောင်း)၊ Bishopဒယ်နီယယ်-ဒေါ်စီစီပန်းဒုတ်၊ ဦးမောင်မောင်ကျော်-ဒေါ်အေးအေးတို့၏ ညီမသည် ၁၃-၅-၂၀၁၈ရက် ညနေ ၅ နာရီတွင် OSC ဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၅-၂၀၁၈ ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်(Bosun) အသက်(၆၀)

**Liz Star (CDC 20037)၊ ပုလဲနှင့်ငါး (ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် (၂၃၇)နေ (ဦးကျော်သိန်း-ဒေါ်ထွေးရီ)တို့၏သား၊ မောင်ဇာနည်အောင်၊ မဖြူစင်သန့်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်ခင်အေးသန့်၏ခင်ပွန်းသည် ၁၃-၅-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၆း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# ဧရာဝတီတိုင်းဒေသကြီးအတွင်း သီးနှံအာမခံ စတင်စမ်းသပ်လုပ်ကိုင်မည်



**ပုသိမ် မေ ၁၄**

မြန်မာနိုင်ငံ၏ အဓိက စိုက်ပျိုးရေး အခြေခံဖြစ်ပြီး စပါးကျီဒေသဟု တင်စားခေါ်ဝေါ်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း အာမခံအမျိုးအစားသစ်ဖြစ်သည့် သီးနှံအာမခံကို စတင်စမ်းသပ် လုပ်ကိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံအာမခံအသင်းမှ သိရသည်။

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှု အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်များ၏ အခြေအနေကြောင့် နိုင်ငံတော်နှင့် စိုက်ပျိုးသူ တောင်သူလယ်သမားများ နစ်နာဆုံးရှုံးမှုမရှိစေဘဲ အကျိုးရှိစေရန် ရည်ရွယ်သည့် သီးနှံအာမခံ စနစ်တစ်ခုကို အလျင်အမြန် အကောင်အထည်ဖော်ရန် ဂလိုဘယ်ဝေါ(လ်) အာမခံကုမ္ပဏီက အာမခံအမျိုးအစားသစ်ကို စတင်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၃၁ ရက်တွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် တိုင်းဒေသကြီး လေးခုဖြစ်သည့် ဧရာဝတီ၊ မကွေး၊ မန္တလေးနှင့် ရန်ကုန်တို့တွင်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✱**

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းစည်းဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့လက်ရွေးစင်အသင်းနှင့် ယူ-၂၃ အသင်းကို ဂျပန်လူမျိုး အန်တွမ်နီပေး ကိုင်တွယ်မည်

**ရန်ကုန် မေ ၁၄**

မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ်အဖြစ် ဂျပန်လူမျိုး အန်တွမ်နီပေးအား တာဝန်ပေးအပ်မည်ဖြစ်ပြီး ရက်ပိုင်းအတွင်း စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နည်းပြသစ်အဖြစ် အန်တွမ်နီပေးအား ခန့်အပ်ခြင်း၊ ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၁၆ ရက်တွင် MFF အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အန်တွမ်နီပေးနှင့်အတူ လက်ထောက်နည်းပြတစ်ဦး၊ ဂိုးနည်းပြတစ်ဦးကိုပါ ခန့်အပ်ရမည်ဖြစ်ပြီး ပြည်တွင်းလက်ထောက်နည်းပြတစ်ဦးအား ရွေးချယ်တာဝန်ပေးမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြည်တွင်းလက်ထောက်နည်းပြအဖြစ် ဦးစိုးမြတ်မင်းအား ခန့်အပ်ရန် လျာထားပြီး နည်းပြအား တာဝန်ပေးအပ်သည့်နေ့တွင် တစ်ပါတည်း ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ အန်တွမ်နီပေးဦးဆောင်သည့် နည်းပြအဖွဲ့ဝင်များသည် တရားဝင်စာချုပ် ချုပ်ဆိုရခြင်း မရှိသေးသော်လည်း ကစားသမားများ ရွေးချယ်ရန် ပြည်တွင်းပွဲများကို လိုက်လံကြည့်ရှုနေပြီဖြစ်ပြီး မေ ၁၂ ရက်နှင့် ၁၃ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး၊ ထွက်ပွဲများကို လက်ထောက်နည်းပြအဖြစ်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○**

# ယခုနှစ်အတွင်း မန္တလေးသို့ နိုင်ငံတကာခရီးသွားဧည့်သည် ငါးသိန်းဝင်ရောက်မည်ဟု ခန့်မှန်း

**မန္တလေး မေ ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ငါးသိန်း ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

ယမန်နှစ်က တိုင်းဒေသကြီးအတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ၄၅၀၀၀၀ ခန့် ဝင်ရောက်မည်ဟု ခန့်မှန်းထားရာ ခန့်မှန်းသည်ထက် ၃၀၀၀၀ ကျော် ပိုမိုဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် လက်ရှိအခြေအနေအရ ဇန်နဝါရီလမှ မတ်လအထိ ၁၄၄၆၉၂ ဦး ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မှာ ခရီးသွားကဏ္ဍ ပိုမိုတိုးတက်ဖို့အတွက် မိုးတွင်းကာလမှာ ခရီးသွားတွေကို ဆွဲဆောင်နိုင်ဖို့ ဆောင်ရွက်နေတဲ့ အစီအစဉ်တွေရှိပါတယ်၊ ဥပမာ ဟိုတယ်တွေက ဈေးနှုန်းချတာတွေ တစ်ခုတည်းမဟုတ်ဘဲ ဧည့်လမ်းညွှန်နဲ့ ခရီးသွားကုမ္ပဏီတွေရဲ့ ဈေးနှုန်းလေးတွေကိုပါ ပြင်မယ်၊ အဓိကအရေးကြီးတဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးဖို့အတွက် သက်ဆိုင်ရာဌာန ဧည့်လမ်းညွှန်တွေကို အဆင့်မြှင့်တင်တယ်၊ လက်ရှိမှာ ဟိုတယ်အလုံးရေနဲ့ ဧည့်သည် ကိုက်ညီအောင် ညှိနှိုင်းဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖**



"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KGမှ တက္ကသိုလ်ဝင်တန်းအထိ)
ယခုနှစ်မှ စ၍ နှစ်ဆတိုး ပညာရေးမြှင့်တင်ချက် အထူးအစီအစဉ်
ကျောင်းသားရော မိဘပါ အလွန် နှစ်ခြိုက် အားတက်နေကြသည်။
ဤအထက်တန်းကျောင်းကြီးတွင် တက်ရောက်နေသူ ဘော်ဒါကျောင်းသား/သူများနှင့် DAY ဘော်ဒါများ အားလုံး
■ နံနက် ၇း၃၀ နာရီ မှ ၁၂း၁၅ နာရီအထိ ကျောင်းတက်ချိန်။
■ ၁၂း၁၅ မှ ၁း၀၀ နာရီအထိ နေ့လယ်စာ ထမင်းစားချိန် ခေတ္တနား။
■ နေ့လယ် ၁း၀၀ နာရီ မှ ၅း၃၀ နာရီအထိ ဝါရင့် ကျွမ်းကျင် GUIDE ဆရာ(၆)ဦးနှင့် GUIDE အချိန်။
■ ညနေ ၆း၀၀ နာရီ မှ ၇း၃၀ နာရီအထိ သီးခြား ဝါရင့် ကျွမ်းကျင် GUIDE တစ်ဖွဲ့နှင့် ထပ်မံ GUIDE လုပ်ပြီး၊ တစ်နေ့တာ လေ့ကျင့်ခန်းများ ပြီးစီးအောင် လုပ်ချိန်။
■ ည ၈း၃၀ မှ ၁၀း၃၀ နာရီအထိ စာ အရကျက်ချိန်။
(၃.၅.၁၈)မှ စတင်၍ အရှိန်အဟုန်နှင့် စတင်နေပြီဖြစ်ကြောင်း လက်တွေ့ လာရောက် လေ့လာပြီးမှ အပ်နှံပါ။
ပညာရေး အဆင့်မြင့် စခန်းသွင်း ဘော်ဒါ နှင့် နေ့တက် ဘော်ဒါ
မြေအမှတ် ၂၈(A)+၂၈(B)၊ဝေဠုဝန်လမ်းမကြီး၊ ဆူစီတိုက်အိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၃၉၊ ၀၉၄၂၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final) ကိုယ်တိုင် ကြီးကြပ်သည်။
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
• ဂုဏ်ထူးဦးသိန်းနိုင်
• ဆရာနေအုပ်(စိန်ပေါလ်)
• ဂုဏ်ထူးဦးအောင်ခိုင်
• ဒေါက်တာညီညီ(Ph.D)
• ပါမောက္ခ ဒေါက်တာထွန်းခင်
• ဆရာမကြီး ဒေါ်ဆွေညွှန့်လွင်
• ဆရာ ဇော်လင်းအောင်
• ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
• စိုင်းစိန်မြင့်အောင်
ရွှေပင်နားမှ ရွှေကျေး
■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံး စာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်မွေးထုတ်ခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ဂုဏ်ထူးများရဲ့၊ ရမှတ်များရဲ့သာမက နိုင်ငံသားကောင်းဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
ဇွန် (၁) ရက်နေ့ တန်းခွဲသစ် တစ်ခွဲ ထပ်ဖွင့်မည်။